# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 3 March 2025 ၁၁၇၅၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် မတ် ၂

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍




အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

## ယနေ့ ဖတ်စရာ


**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း**

စာမျက်နှာ » ၃

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၄) (အခြားသောအသင်းအဖွဲ့များ)**

ဆောင်းပါး စာမျက်နှာ » ၆

**လူငယ်များအတွက် အီး-စီးကရက်သုံးစွဲမှု တိုက်ဖျက်နေသည့် ထိုင်းနိုင်ငံ**

စာမျက်နှာ » ၂၆





**မြစ်ရောထာဝစဉ်ရှင်သန်ဖို့ အနိမ့်တမံ ရေအားလျှပ်စစ်စီမံကိန်းများဖြင့် ထိန်းသိမ်းစို့**

ဆောင်းပါး စာမျက်နှာ » ၂၂


## သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

ကြေးမုံ

# ဗုဒ္ဓမြတ်စွာ အံ့ဖွယ်ရှစ်ဖြာ ပွားများဆင်ခြင်

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် သာသနာတော် အထွန်းကားဆုံးနိုင်ငံဖြစ်သည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် စိတ်ပါဝင်စားပြီး စွမ်းစွမ်းတမံထမ်းဆောင်နိုင်ကြသည့် ဗျတ္တ၊ ပဋိဗလပြည့်စုံသော ဆရာတော်များ အများအပြားရှိသည်။ ယခုအခါ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ခြောက်နှစ်သက်တမ်းပြည့်ပြီဖြစ်၍ ဆရာတော်ကြီးများ အစားထိုးရွေးချယ်ရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက အထူးလျှောက်ထားခဲ့သည်။

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာတော်များအနေဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စားပြီး စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် ဗျတ္တ၊ ပဋိဗလပြည့်စုံသော ဆရာတော်များဖြစ်ရမည့်အပြင် သံဃာ့အဖွဲ့အစည်းများသည်လည်း နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူအားလုံးတို့၏ ယုံကြည်ကိုးစားအားထားရာ အဖွဲ့အစည်းများဖြစ်ရန်လိုအပ်သည်။ သို့မှသာ ဘုရားရှင်၏သာသနာတော်မြတ်ကြီးသည် မြန်မာပြည်တွင်သာမက ကမ္ဘာအရပ်ရပ်သို့တိုင် သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဖြစ်သည်။ မျက်မှောက်ခေတ်သည် ဆုတ်ခေတ်ဖြစ်သည်နှင့်အညီ သာသနာတော်ညစ်နွမ်းစေသည့် အရေးကိစ္စများကို မြင်တွေ့နေရသဖြင့် ဗျတ္တ၊ ပဋိဗလပြည့်စုံသော ဆရာတော်များ လိုအပ်လျက်ရှိသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဝိသာခါကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းသည့် ပုဗ္ဗာရုံကျောင်း၌ ဥပုသ်နေ့တွင် ရဟန်းသံဃာတော်များခြံရံလျက် သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာက "အရှင်ဘုရား သာယာဖွယ်ညချမ်း၏ ပထမယာမ်အချိန်တွင် ရဟန်းအပေါင်းလည်း အချိန်ကြာမြင့်စွာ သီတင်းသုံးလျက်ရှိပါပြီ၊ ပါတိမောက်ပြတော်မူပါဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူသည်။ ညဉ့်၏ဒုတိယယာမ်တွင် လျှောက်ထားသော်လည်း ဆိတ်ဆိတ်နေမြဲ နေတော်မူသည်။ တတိယယာမ်တွင် ထပ်မံလျှောက်ထားသောအခါတွင်မူ "အပရိသုဒ္ဓါ အာနန္ဒ ပရိသာ၊ အာနန္ဒာ ပရိသတ်သည် မစင်ကြယ်"ဟုသာ ဘုရားရှင်က မိန့်ကြားတော်မူသည်။

ထိုအခါ ရှင်မဟာမောဂ္ဂလာန်မထေရ်က ရဟန်းတော်အပေါင်းတွင် ရောနှောပါဝင်လျက်ရှိသော ဒုဿီလပုဂ္ဂိုလ်ကို "ငါ့ရှင် သံဃာအတွင်းမှထွက်သွားပါ၊ ငါ့အရှင် အဖြစ်ကို ဘုရားရှင်သိတော်မူ၏။ သင့်တွင် ရဟန်းအပေါင်းနှင့် ဆက်ဆံခွင့်မရှိ" ဟု ပြောဆိုနှင်ထုတ်တော်မူသည်။ ထိုသို့ပြောဆိုပါသော်လည်း ဒုဿီလရဟန်းသည် ထွက်ခွာသွားခြင်းမရှိ၊ ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ် သုံးကြိမ်တိုင်တိုင် ထွက်ခွာရန် ပြောဆိုနှင်ထုတ်ပါသော်လည်း ထွက်ခွာခြင်းမရှိသည့်အတွက် ထိုဒုဿီလရဟန်းကို လက်မောင်းမှဆွဲ၍ တံခါးအပြင်ဘက်ထုတ်ကာ တံခါးကို ပြန်ပိတ်တော်မူသည်။ ထို့နောက် ဘုရားရှင်ကို ဒုဿီလပုဂ္ဂိုလ်အား နှင်ထုတ်အပ်ပြီးကြောင်း လျှောက်ထားရာ ဘုရားရှင်က "ဆွဲထုတ်မှ ထွက်သွားရသလား မောဂ္ဂလာန်ရယ်"ဟု သံဝေဂဖြင့် မိန့်ကြားတော်မူခဲ့သည်။

ဤအကြိမ်မှစတင်ကာ ဘုရားရှင်ကိုယ်တော်တိုင် ဥပုသ်နေ့ပါတိမောက်ရွတ်ဆို ဥပုသ်ပြုခြင်းမှ ရပ်နားတော်မူ၍ ရဟန်းသံဃာတို့ကိုသာ ဥပုသ်ပြုစေတော်မူခဲ့ပါသည်။ ဤအဖြစ်အပျက်ကို ရည်ညွှန်းတော်မူ၍ မဟာသမုဒ္ဒရာ၏ အံ့ဖွယ်တော်ရှစ်ပါးနှင့် သာသနာတော်၏ အံ့ဖွယ်တော်ရှစ်ပါးတို့ကို နှီးနှောဟောပြတော်မူခဲ့ပါသည်။ မဟာသမုဒ္ဒရာ၏ အံ့ဖွယ်တော်ရှစ်ပါးကို "အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံ့ဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ငန်မျိုးရသာ၊ များရတနာနှင့်၊ ကြီးသူနေရာ၊ ဤရှစ်ဖြာသည်၊ မဟာသမုဒ္ဒရာ အံ့ဖွယ်တည်း"ဟု မှတ်သားနိုင်ပါသည်။ အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသော ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို အစဉ်တစိုက် အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံစေရန် ထိန်းသိမ်းရမည်မှာ ဘုရားရှင်၏ တပည့်သာဝကများ တာဝန်ဖြစ်သည်။ သုံးခုမြောက်အံ့ဖွယ်ဖြစ်သည့် ဒုဿီလအညစ်အကြေးများကို သာသနာတော်အတွင်းမှ ဖယ်ရှားရှင်းလင်းနိုင်ရန်အတွက် အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ သာသနာတော်အပေါ် တာဝန်ကျေသည့် ဗျတ္တ၊ ပဋိဗလပြည့်စုံသော ပုဂ္ဂိုလ်များလိုအပ်သည်။

လေးခုမြောက်အံ့ဖွယ်ဖြစ်သည့် မည်သည့်အမျိုးအနွယ်က ရဟန်းပြုခဲ့သည်ဖြစ်စေ သာကီမျိုးသာကီနွယ် ဘုရားသားတော်ရဟန်းတော်များဖြစ်သည်ဟုသာ အမည်ခံရမည်သာဖြစ်သည်။ "ဘုရားတပည့်တော်တို့၏ ခေတ်တွင်မူ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဖြစ်စေ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းတွင် တရားဝင်ခွင့်ပြုထားသည့် ဂိုဏ်းကြီးကိုးဂိုဏ်းမှဖြစ်စေ တိုင်းအလိုက်၊ ဂိုဏ်းအလိုက်မခွဲခြားမူ၍ ဘုရားသားတော်ရဟန်းတော်များအဖြစ် ညီတော်နောင်တော်များ တော်စပ်ကြသည်ဖြစ်ရာ ညီညီညွတ်ညွတ် သမဂ္ဂသမ္မောဒမာနဖြစ်ကြ၍ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား"ဟု ဥက္ကဋ္ဌဆရာတော်ကြီးက မိန့်ကြားတော်မူပါသည်။

သို့ဖြစ်ရာ ဥက္ကဋ္ဌဆရာတော်ကြီး မိန့်ကြားတော်မူသည့်အတိုင်း အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ညီညီညွတ်ညွတ် ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေး မြတ်ဗုဒ္ဓ၏ အံ့ဖွယ်ရှစ်ဖြာသာသနာတော်လာ အင်္ဂါရပ်တို့ကို ပွားများဆင်ခြင် နှလုံးသွင်းတော်မူကြ၍ ဝိမုတ္တိရသနှင့် ကိုယ်တိုင်လည်းပြည့်စုံအောင်၊ အခြားဘုရားသားတော် တပည့်များ၊ ဒါယကာ၊ ဒါယိကာမများကိုလည်း ပြည့်စုံအောင် ကြိုးစားအားထုတ်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပေါင်မြို့နယ်၌ မွေးကင်းစမှ အသက် နှစ်နှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

ပေါင် မတ် ၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းမှစတင်ကာ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက ပေါင်မြို့ပေါ် ရပ်ကွက်(၄)ရပ်ကွက်အတွင်းရှိ မွေးကင်းစ အသက်နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော (Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ ကာကွယ်ဆေးထိုးနှံပေးခြင်း



တို့ကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ၂-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားဒိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၄၆ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ်တိုးတက်စည်ပင်ထွန်းကားပြန့်ပွားရေးအလို့ငှာ သာသနာတော်တွင် ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | |
|---|---|---|
| ၁။ | ဒေါ်သန်းသန်းနွယ် | ဇေယျာသီရိမြို့နယ်၊ နေပြည်တော် |
| ၂။ | ဒေါ်ခင်စောနှင်း | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၃။ | ဒေါ်ခင်အေးမြင့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |
| ၄။ | ဒေါ်ထွေးထွေးညွန့် | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၄၇ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| ၂။ | ဦးသန်းဆွေ | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃။ | ဦးအောင်သောင်း | အဖွဲ့ခေါင်းဆောင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၄။ | ဦးအောင်မင်း | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၅။ | ဦးသိန်းဇော် | ဒုတိယဥက္ကဋ္ဌ(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ |
| ၆။ | ဦးခင်မောင်စိုး | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၇။ | ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ |
| ၈။ | ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) | အတွင်းရေးမှူး(ငြိမ်း) | ငြိမ်းချမ်းရေးကော်မရှင် |
| ၉။ | ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ငြိမ်း) | အဖွဲ့ဝင်(ငြိမ်း) | ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့သည့်အတွက် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်၍ ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် အတိုး၊ အရင်း လုံးဝ မပေးဆပ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် အချိန်မီ လာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ပထမအကြိမ် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ အတိုး၊ အရင်း လုံးဝ မပေးဆပ်သည့်ကုမ္ပဏီ/ လုပ်ငန်း ၄၈၆ ခုအား ကုမ္ပဏီ/ လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

## ရွှေပွားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က ဒေသကြက်များ မွေးမြူထားရှိ

ပေါင်းတည် မတ် ၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ရွှေပွားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က သမဝါယမမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း အသားစားသုံးမှုဖူလုံစေရေးအတွက် တိုင်းဒေသကြီးနိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ်သိန်း ၈၀ ရယူ၍ ဒေသကြက်ကောင်ရေ ၉၀၅၀ အား မွေးမြူထားရှိကြောင်း သိရသည်။

သတင်းစဉ်

## ပုဗ္ဗန်တောင်မြို့နယ်၌ ပိုလီယိုရောဂါကာကွယ်ဆေး အရှိန်အဟုန်မြင့် တိုက်ကျွေးလျက်ရှိ

ပုဗ္ဗန်တောင် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး ပုဗ္ဗန်တောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပုဗ္ဗန်တောင်မြို့နယ်အတွင်းရှိ အသက် နှစ်လမှ ၅၉ လအရွယ် ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး အရှိန်အဟုန်မြင့်တိုက်ကျွေးခြင်းအစီအစဉ်ကို ဆောင်ရွက်သည်။

**ပါဝင်ဆောင်ရွက်**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန်းလုထွန်း ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်နှင်းနှင်းအေးနှင့် အဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ငါးရက်တာကာလတွင် မြို့နယ်အတွင်းရှိ ကလေး ၁၃၈၃ ဦးတို့အား သက်ဆိုင်ရာစုရပ်များတွင် တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

ဟန်စုယဉ်

○ ရှေ့ဖုံးမှ

အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများနှင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ပရိတ်တော်၊ သုတ်တော်၊ ဒေသနာတော်များ ပါဠိမြန်မာပြန်စာအုပ်များကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက အခမ်းအနားမှူး ဆရာတော်အဖြစ်ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက "သာသန သ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ" အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။ ဆက်လက်၍ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး ကျင်းပမည့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ ၂၀၂၅ ခုနှစ် မတ် ၂၊ ၃၊ ၄ ရက်များအတွက် အစည်းအဝေး အစီအစဉ်များကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက်ကိုရယူသည်။

**ဩဝါဒကထာများကို နာယူ**

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြသော ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ၊ပြည်မြို့ ရွာဘဲတောင်ပေါ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ၊ တာမွေမြို့နယ် ဒေဝကုန္နရီပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တထေရာနန္ဒ၊ မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာသနနှင့် စလင်းမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေတုတို့၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ၁၃၈၅ ခုနှစ် တပေါင်းလမှ ၁၃၈၆ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများ အတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

**တင်သွင်းလျှောက်ထား**

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက တင်သွင်းလျှောက်ထားသည်။

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟ ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယကလည်းကောင်း ဖတ်ကြားတင်သွင်းလျှောက်ထားပြီး မွန်းလွဲပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်နှင့်ဇနီး ဒေါ်ပါးပါးစန္ဒီ ပရဆေးမိသားစု အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းစတင်ကပ်လှူခြင်းမင်္ဂလာအခမ်းအနားနှင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၂

လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းစတင်ကပ်လှူခြင်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ စေတီတော်မြတ်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည့် ရွှေဆိုင်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။**(ယာပုံ)**

ဆက်လက်၍ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရန်အတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက အလှူငွေများကိုလှူဒါန်းကြရာ ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်စိုးကလက်ခံရယူပြီး ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊



နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးကဏ္ဍ စံပြခရိုင်ဆုရရှိသည့် လယ်ဝေးခရိုင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက မွေးမြူရေးကဏ္ဍ စံပြခရိုင်ဆုရရှိသည့်ဥတ္တရခရိုင်၊နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက စိုက်ပျိုးရေးကဏ္ဍ စံပြမြို့နယ်ဆုရရှိသည့် လယ်ဝေးမြို့နယ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက မွေးမြူရေးကဏ္ဍ စံပြမြို့နယ်ဆုရရှိသည့် တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက စိုက်ပျိုးရေးကဏ္ဍ စံပြကျေးရွာဆုရရှိသည့် သစ်စိမ့်ပင်ကျေးရွာ၊ နေပြည်တော်ကောင်စီဝင် ဦးဟန်သူက မွေးမြူရေးကဏ္ဍ စံပြကျေးရွာဆုရရှိသည့် ဒယောက်ကူးကျေးရွာတို့ကို ဆုများပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် စံပြခရိုင်၊ စံပြမြို့နယ်၊ စံပြကျေးရွာများ၏ Video Clip များနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် စံပြခရိုင်၊ စံပြမြို့နယ်၊ စံပြကျေးရွာများ၏ Video Clip ကို ပြသသည်။

ထို့နောက် ရွှေတောင်ဆီစက်လုပ်ငန်းမှ တောင်သူ ၃၅၀ အတွက် ပဲပုပ်ဆီတစ်လီတာဘူးများကို တောင်သူများအား ပေးအပ်ပြီး အထွေထွေမန်နေဂျာ ဦးကျော်ကျော်က စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပသည့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် "မျိုးစေ့ပြပွဲ ၂၀၂၅"(Seed Fair 2025)တွင် တောင်သူပညာပေးဆွေးနွေးပွဲနှင့် စိုက်ပျိုးရေးဆိုင်ရာ ဉာဏ်စမ်းပဟေဠိ အဖြေညှိအစီအစဉ်ကို တက်ရောက်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်ဦးမောင်မောင်၊ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာစီမံကိန်း အပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)သို့သွားရောက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီရုံး လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့်တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာ ခေါက်ဆွဲခြောက်ထုပ်များနှင့် ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့၌ ပရိယတ္တိသာသနာနုဂ္ဂဟစာမေးပွဲ စာအောင်ဆုနှင်းသဘင် ကျင်းပ

ရမည်းသင်း မတ် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ် ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ အကြိမ် (၃၀) မြောက် ပရိယတ္တိသာသနာနုဂ္ဂဟ စာမေးပွဲစာအောင် ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဖတ်ဖွင့်လှစ်ပြီး ရန်အောင်မြင်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူကြသည်။ ထို့နောက် အကျိုးဆောင် ဦးဝင်းရွှေ(ပညာရေး-ငြိမ်း)က ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားသည်။ ယင်းနောက် ရွာတန်းဓမ္မနာဒဆရာတော်က ပရိယတ္တိသာသနာနုဂ္ဂဟ စာမေးပွဲနှင့်စပ်လျဉ်း၍ မိန့်ကြားပြီး ရန်အောင်မြင်ကျောင်း ဆရာတော်ကြီး ဟောကြားသော ဩဝါဒကိုခံယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ အလှူရှင်အသီးသီးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း၊ ဒုတိယအဆင့်၊ ပထမအဆင့် အောင်မြင်ကြသော ရဟန်း၊ သာမဏေ၊ သီလရှင် ၂၇၃ ပါးတို့အား စာအောင်ဆုနှင့် ဆုအောင်လက်မှတ်များကို တက်ရောက်ကြသော ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဘာသာရေးအဖွဲ့များမှ ပုဂ္ဂိုလ်များက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



# သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာ



**ဆရာတော်အရှင်သူမြတ်တို့ဘုရား–**

သဗ္ဗညုဘုရားရှင်သည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ၄၅ ဝါပတ်လုံး ဟောကြားတော်မူအပ်သော အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်ကြီးသည် အစ၏ကောင်းခြင်း အာဒိကလျာဏဂုဏ်၊ အလယ်၏ကောင်းခြင်း မဇ္ဈေကလျာဏဂုဏ်၊ အဆုံး၏ကောင်းခြင်း ပရိယောသာန ကလျာဏဂုဏ် သုံးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် အလုံးစုံပြည့်စုံခြင်း ကေဝလပရိပုဏ္ဏဂုဏ်၊ အလုံးစုံထက်ဝန်းကျင် စင်ကြယ်ခြင်း ကေဝလပရိသုဒ္ဓဂုဏ်များရှိတော်မူပါသည်ဘုရား။ ထိုကျေးဇူးဂုဏ်ထူးများရှိတော်မူသော အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်ကြီးနှင့် ပတ်သက်၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ပထမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ်သက်တမ်းတိုင်အောင် ဆောင်ရွက်ခဲ့ပြီး ၄၅ နှစ် ခရီးစဉ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်ကို သံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်များအားလုံး သိရှိတော်မူကြပြီးဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ ဆောင်ရွက်ချက်များမှာလည်း အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်တည်းဟူသော ဓမ္မဝိနယများနှင့် ညီညွတ်သည်သာမက ယင်းဓမ္မဝိနယတို့နှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာစသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လာခဲ့ကြခြင်း ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

အမှန်အားဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေး ကိစ္စကြီးသည် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဝင် အရှင်မြတ်များ အားလုံးနှင့်ဆိုင်သည့် အများဆိုင်လုပ်ငန်းကြီးဖြစ်၍ အားလုံးကပင် ဝိုင်းဝန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်ပါသည်ဘုရား။ ထို့မျှမက ဘုရားရှင်လက်ထက်တော်က ချီးမြှင့်တော်မူခဲ့သည့် အဓိပ္ပာယ်နှင့်ဖွင့်ဆိုပါက ဘုရားရှင်၏ တပည့်သာဝက ရဟန်း၊ သာမဏေ၊ သီလရှင်၊ ဥပါသကာ၊ ဥပါသိကာမတို့အပါအဝင် ဗုဒ္ဓဘာသာဝင်တိုင်း၏ စုပေါင်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ကြီးတစ်ရပ်ဟု ဆိုနိုင်ပါသည်ဘုရား။ ထိုသို့စုပေါင်းညီညာဆောင်ရွက်ကြမှသာလျှင် အရှင်မဟာကဿပမဟာထေရ်မြတ်ကြီး၏ ဦးတည်ချက်လည်း အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။ ထိုဦးတည်ချက်နှင့်ပတ်သက်၍ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ စာမျက်နှာ ၂၆ ၌

**"ဣဒံ မဟာကဿပတ္ထေရေန ဒသဗလဿ သာသနံ**

**ပဉ္စဝဿ သဟဿပရိမာဏကာလံ ပဝတ္တန သမတ္ထံ ကတံ၊**

ရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သဗ္ဗညုဘုရားရှင်၏ ဤသာသနာတော်မြတ်ကို အနှစ်ငါးထောင်အတိုင်းအရှည်ရှိသော ကာလပတ်လုံး ဖြစ်ထွန်းတည်တံ့စေခြင်းငှာ စွမ်းနိုင်ခြင်းကို ပြုခဲ့လေပြီ" ဟူသော ဦးတည်ချက်ကို တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင်များအနေဖြင့် စုပေါင်းညီညာ ဆောင်ရွက်နိုင်မှသာလျှင် ဖြည့်ဆည်းနိုင်ကြမည်ဖြစ်ပြီး အနာဂတ်သာသနာတော်ကြီးသည်လည်း လျှောက်ထားခဲ့ပြီးသည့် ကေဝလပရိပုဏ္ဏဂုဏ်၊ ကေဝလပရိသုဒ္ဓဂုဏ်များနှင့် ပြည့်စုံနိုင်မည်ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ပထမအကြိမ်သက်တမ်းမှ အဋ္ဌမအကြိမ်သက်တမ်းပြည့်ကာ နဝမအကြိမ်သက်တမ်းသို့ ဝင်ရောက်လာပြီဖြစ်၍ အတွေ့အကြုံများရင့်ကျက်ပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်ဘုရား။ သာသနာတော်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရန် ဦးတည်ချက်သက်သက်ဖြင့် ဆောင်ရွက်ရသည်ကို အဖွဲ့ဝင် ဆရာတော်တို့သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ဆောင်ရွက်ကြရာတွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ဆောင်ရွက်ချက်များအပေါ်၌ အောင်မြင်မှု၊ အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကို ကာလသုံးပါးကိုမျှော်ရှု၍ ပြန်လည်လေ့လာသုံးသပ်ရန်လိုအပ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။ အောင်မြင်သောဆောင်ရွက်ချက်အပေါ်၌သာ ဂုဏ်ယူနေပြီး အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကိုမူ လျစ်လျူရှု၍ မနေသင့်ကြောင်း သတိပြုကြစေလိုပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်မြတ်များသည် ဘုရားရှင်၏ တပည့်သား သံဃာတော်များဖြစ်ကြသည့်အားလျော်စွာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်များကို ဖြည့်ကျင့်တော်မူကြသော သုပ္ပဋိပန္နပုဂ္ဂိုလ်မြတ်များလည်း ဖြစ်ကြပါသည်ဘုရား။ ထိုသို့ဖြည့်ကျင့်ကြသော ဘုရားရှင်၏ တပည့်သား သံဃာတော်များ မျက်မှောက်ခေတ်တွင်ရှိနေကြခြင်းကြောင့် သာသနာတော်မြတ်ကြီးလည်း ကေဝလပရိပုဏ္ဏ၊ ကေဝလပရိသုဒ္ဓဖြစ်တော်မူပြီး ယနေ့တိုင်အောင် တည်တံ့နေခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သိက္ခာသုံးရပ်အကျင့်မြတ်ကို ဖြည့်ကျင့်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အချို့သောရဟန်းသာမဏေတို့သည် အလေးအမြတ်ထားတော်မမူဘဲ သမဏသာရုပ္ပမဖြစ်သော ဌာနနေရာတို့၌ မအပ်မရာဖြစ်သောအမှုကိစ္စများကို ဆောင်ရွက်နေကြသဖြင့် သာသနာတော်၏ဘုန်းကျက်သရေတန်ခိုးတော်လည်း ညစ်နွမ်းညှိုးမှိန်စေပါသည်ဘုရား။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၄၅၊ ၄၆ ၌ သီလ သိက္ခာ ဖြည့်ကျင့်ခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားရာ လိုရင်းအဓိပ္ပာယ်သဘောအနေဖြင့် ဖော်ပြပါအတိုင်းလျှောက်ထားလိုပါသည်ဘုရား–

- သီလသိက္ခာပြည့်စုံပြီး ပရိယတ်မပြည့်စုံသူကို ချီးမွမ်းအပ်၏။
- သီလသိက္ခာမပြည့်စုံ ပရိယတ်ပြည့်စုံသူကို ကဲ့ရဲ့အပ်၏။
- သီလသိက္ခာနှင့်ပရိယတ်(၂)ပါးစုံ မပြည့်စုံသူကို ကဲ့ရဲ့အပ်၏။
- သီလသိက္ခာနှင့်ပရိယတ်(၂)ပါး ပြည့်စုံသူကို ရွှေစင်တုံးကဲ့သို့ လူသာမက နတ်ဗြဟ္မာများပင် ချီးမွမ်းအပ်ကုန်၏။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

အထက်ပါဒေသနာတော်အရ သီလသိက္ခာနှင့် ပြည့်စုံမှုသည် ပဓာနအဓိကဖြစ်ကြောင်း သိရှိရသကဲ့သို့ ထိုထက်ပဓာနကျလိုပါက သီလသိက္ခာနှင့် ပရိယတ် ၂ ပါးစုံ ပြည့်စုံရန် လိုအပ်မည်ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ သံဃာ့အဖွဲ့အစည်းဝင်အားလုံးတို့သည် မိမိတို့အတွက် အဓိကကျသော သီလသိက္ခာကို အလေးအမြတ်ထားဖြည့်ကျင့်တော်မူကြလျှင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းစဉ်ကြီးအတွက် အထူးကြောင့်ကြစိုက်ဖွယ်မရှိသည့်အပြင် **"အပ္ပသန္နာနံ ဝါ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယျောဘာဝါယ"** ဒေသနာတော်အတိုင်း မကြည်ညိုသေးသူများ ကြည်ညိုလာပြီး ကြည်ညိုပြီးသူများ ပို၍ကြည်ညိုလာကြမည်ဖြစ်ပါသည်ဘုရား။ ထိုကြည်ညိုလာမှုသည်ပင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး၏ အဓိကအကြောင်းရင်းဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးအပါအဝင် ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့အဆင့်ဆင့်တို့သည် မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော်မြတ်ကြီး ကေဝလပရိပုဏ္ဏ၊ ကေဝလပရိသုဒ္ဓဂုဏ်တော်များနှင့်ပြည့်စုံစေရန် စွမ်းအားရှိသမျှ ကြိုးစားအားထုတ်ရမည့်အဖွဲ့များဖြစ်ပါသည်ဘုရား။ ခေတ်ကာလအားလျော်စွာ တိုးတက်လာသော အသစ်အသစ်သော လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ်စေမူ၍ အားနည်းချက်၊ အားသာချက်များကို စေ့ငုဝေဖန်ကာ မြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သတိပြုဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ တပည့်တော်တို့ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်တို့သည် မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်အသီးသီးနှင့်စပ်လျဉ်း၍ "ငါ့အား သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခွင့်ပေးခြင်းဖြစ်ပေသည်" ဟု သဘောထားတော်မူကြပြီး သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိကို စောင်းကြိုးညှိသကဲ့သို့ ညီအောင်ညှိ၍ ဆောင်ရွက်တော်မူကြပါဟု လျှောက်ထားရင်း တပည့်တော်၏သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။



## ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသရှိ စတုရင္ဂသုမင်္ဂလစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ

နေပြည်တော် မတ် ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသရှိ စတုရင္ဂသုမင်္ဂလ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ အမှူးပြု၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စတုရင္ဂသုမင်္ဂလ စေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေဆိုင်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ထေရဝါဒ ဗုဒ္ဓသာသနာပြု ကျောင်းတိုက် ဆရာတော်ထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၄) (အခြားသောအသင်းအဖွဲ့များ)

**မြင့်စိုး(နတလ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖေဖော်ဝါရီ ၁၀ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းပြခန်း၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

**နှလုံးလှလူသားများ ခေါင်းစဉ်အောက်မှာ**

MSME ဆောင်းပါးများရေးနေရင်းက "မိုခါ" ကို သတိရစရာတွေ ပေါ်လာပြန်ပါသည်။ **"မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ"** ခေါင်းစဉ်ဖြင့် ဂုဏ်ပြုဆောင်းပါးများ ရေးခဲ့စဉ်က ဝန်ကြီးဌာန ၁၃ ခုနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့အတွက် တစ်ပုဒ်စီသီးခြားဖော်ပြပေးခဲ့ပါသည်။

သို့သော် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ကဲ့သို့ပင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များကလည်း အားကြိုးမာန်တက် ပါဝင်ခဲ့ကြပါသည်။ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများအပြင် ပြည်တွင်း၊ ပြည်ပ စေတနာရှင်၊ အလှူရှင်များကလည်း ငွေနှင့်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး (ဗဟို)၊ ဟာသပညာရှင်များအစည်းအရုံးတို့မှ အနုပညာရှင်များက ပဒေသာကပွဲမှရရှိသော အလှူငွေ၊ ဘောလုံးပြိုင်ပွဲများမှရရှိသောအလှူငွေတို့ကို စစ်တွေမြို့အထိ လာရောက်ပေးအပ်လှူဒါန်းပြီး ဖျော်ဖြေရေးအစီအစဉ်များပါ ပြုလုပ်သွားကြသေး၏။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများကလည်း လာရောက်ဖျော်ဖြေပြီး စိတ်ခွန်အားမြှင့်တင်ပေးကြသည်။

ထို့ပြင်တစ်ဝ ဝန်ထမ်းများထဲမှ အလုပ်လုပ်ရင်း ကွယ်လွန်သွားသူ၊ နေပူမရှောင် မိုးရွာမရှောင် တက်တက်ကြွကြွ လုပ်ကိုင်နေသူများကို တွေ့မြင်ခဲ့ရသဖြင့် သူတို့အားလုံးကိုရည်ညွှန်း၍ **"မိုခါမုန်တိုင်းကြားက နှလုံးလှလူသားများ"** ခေါင်းစဉ်အောက်မှာ ရေးသားဂုဏ်ပြုပေးခဲ့ပါသည်။

ယခုလည်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြုပြခန်းများ၊ အသင်းအဖွဲ့များ စုစုပေါင်း ၉၆ ခန်းရှိရာ ဝန်ကြီးဌာနအားလုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းအားလုံး၊ အသင်းအဖွဲ့အားလုံးကို တစ်ခုချင်းစီ၊ တစ်ဖွဲ့ချင်းစီ ဂုဏ်ပြုရေးသားရန် အခက်အခဲရှိပါသည်။ သို့ဖြစ်၍ **"အခြားသောအသင်းအဖွဲ့များ"** ခေါင်းစဉ်အောက်မှာ ရေးသားခွင့်ပြုတော်မူကြပါကုန်။ အချိန်ကာလနှင့် အကြောင်းမညီညွတ်၍ ကျွန်တော့်ရေးသားဖော်ပြမှုတွင် မပါဝင်ခဲ့လျှင်လည်း နားလည်ခွင့်လွှတ်ပေးတော်မူကြပါကုန်။

**တိုင်းရင်းဆေးပြခန်း**

စင်စစ် တိုင်းရင်းဆေးဆိုသည့်ဝေါဟာရသည် ကျွန်တော်နှင့် သိပ်မစိမ်းခဲ့ပါ။ ၁၉၇၆ ခုနှစ် ကျွန်တော်ဆယ်တန်းအောင်ချိန်မှာ ကျွန်တော်၏ ဇာတိ လေးမျက်နှာမြို့က အစ်ကိုတော်တစ်ယောက်နှင့် ရန်ကုန်မှ အစ်မတော်တစ်ယောက်တို့က တိုင်းရင်းဆေးသိပ္ပံ(မန္တလေး) မှာ တက်ရောက်သင်ကြားနေကြပေပြီ။ ထိုနှစ်ယောက်အနက် အစ်ကိုတော်က တိုင်းရင်းဆေးသမားတော်ကြီး အဝေရာဦးသိန်းဝင်းအမည်ဖြင့် နိုင်ငံကျော်ခဲ့သည်။

ပုသိမ်မြို့ရှိ သူ၏အဝေရာဆေးတိုက်မှ တိုင်းရင်းဆေးမျိုးစုံထုတ်လုပ်၍ ဝေဒနာရှင်များကို ယနေ့အချိန်ထိ ကုသပေးလျက်ရှိပါသည်။ မကြာမီက ကျင်းပပြီးစီးသွားခဲ့သော ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးတွင် တိုင်းရင်းဆေးပြခန်းကိုပါ တွေ့မြင်လိုက်ရသောအခါ တိုင်းရင်းဆေးသိပ္ပံ(မန္တလေး) ကို ပြေး၍သတိရမိသည်။



ကျန်းမာရေးဝန်ကြီးဌာနပြခန်းတွင် ပြသထားသည့် တိုင်းရင်းဆေးပညာဦးစီးဌာနပြကွက်။

အဆိုပါကျောင်းကို ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ တိုင်းရင်းဆေးသိပ္ပံနှင့်တွဲ၍ (၂၅) ခုတင်ဆံ့ သင်ကြားရေးဆေးရုံကိုလည်း ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ဖွင့်လှစ်၍ အထောက်အကူပြုပရဆေးဥယျာဉ်နှင့် ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရေးဌာနခွဲ တစ်ခုကိုပါ ဖွင့်လှစ်ပေးခဲ့ကြောင်း လေ့လာသိရှိရသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနကို ၁၉၈၉ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ ဖွဲ့စည်းပေးခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ဦးစီးဌာနကြီးအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ဖွဲ့စည်းပေးခဲ့သလို တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)သည် ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ဟူ၍ ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ ၁၉၉၈-၁၉၉၉ ခုနှစ်မှစ၍ အထက်မြန်မာပြည်ရှိ တိုင်းရင်းဆေးရုံကြီးများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများအတွက် ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် စက်ရုံပေါ်ပေါက်လာခဲ့ကာ လက်ရှိ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ(မန္တလေး) ကိုမူ ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းရပ်၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းစက်ရုံမှထုတ်လုပ်သော တိုင်းရင်းဆေးဝါးများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ သုံးရုံ၊ ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ ကိုးရုံ၊ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၃ ရုံ၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂၄ ရုံ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနပေါင်း ၂၁၀ တို့သို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ (မန္တလေး) တည်ဆောက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရာတွင် အဓိကလိုအပ်ချက်ဖြစ်သော တိုင်းရင်းဆေးဝါးများကို ဖော်စပ်ထုတ်လုပ်ပေးရန်၊

(ခ) အစွမ်းအာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များအသုံးပြု၍ အရည်အသွေးပြည့်ဝပြီး အရေအတွက် လျာထားချက်ပြည့်မီအောင်ထုတ်လုပ်ရန်၊

(ဂ) တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုပ်လုပ်ရာတွင် နိုင်ငံတကာအဆင့်မီ နည်းမှန်ထုတ်လုပ်မှု ကျင့်စဉ်များနှင့်အညီ ထုတ်လုပ်ရန်၊

(ဃ) တန်ဖိုးမြင့်မား၍ ဘေးထွက်ဆိုးကျိုးများသော နိုင်ငံခြားဆေးများနေရာတွင် တန်ဖိုးနည်း၍ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရန်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်**

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်ပါအတိုင်းမိန့်ကြားခဲ့ပါသည် -

**"တိုင်းရင်းဆေးကုန်ကြမ်းတွေကို အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးဝါးတွေရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း MSME တွေကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးလျက်ရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး MSME လုပ်ငန်းတွေကို အိမ်တွင်းစက်မှုလုပ်ငန်းသာမဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်မှသည် ပြည်ပပို့ကုန်အထိ ဖြစ်စေရေးအတွက် တိုင်းရင်းဆေးဝါးတွေကို အရည်အသွေးမြှင့်တင်ပြီး ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်နိုင်ကြမယ်ဆိုရင်နိုင်ငံ့စီးပွားရေးကို အထောက်အပံ့ပေးနိုင်မှာဖြစ်ပါတယ်။"**

စာမျက်နှာ ၇ သို့ ❂

✪ စာမျက်နှာ ၆ မှ

**တိုင်းရင်းဆေး၏အောင်မြင်မှု (သို့မဟုတ်) ဝိသမအဖျားပျောက်ဆေး**

ကမ္ဘာ့ကပ်ရောဂါဆိုးကြီးဖြစ်သော ကိုဗစ်ကပ်ရောဂါ၏ဒဏ်ကို မြန်မာပြည်သူပြည်သားများလည်း အလူးအလဲခံစားခဲ့ကြရသည်။ ဆုံးရှုံးမှုများပြားခဲ့သည်။ တစ်ကိုယ်ရေကျန်းမာရေးအသိမြင့်မားတိုးတက်လာမှုနှင့်အတူ စုပေါင်းအားကိုရယူကာ ညီညီညွတ်ညွတ်တွန်းလှန်၍ ကာကွယ်ခဲ့ကြရသည်။ ဤအခြေအနေဆိုးကြီး ကြုံရချိန်တွင် ကာကွယ်ဆေးများ မပေါ်ပေါက်မီ ပုံမှန်သုံးစွဲနေသည့် အကိုက်အခဲပျောက်ဆေးများပင် ပြတ်လပ်မှုများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ သို့ဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးအနေဖြင့် ဆေးခါးကြီးကိုအခြေခံလျက် ကာကွယ်ဆေးနှင့်ကုသဆေးတို့ ထုတ်လုပ်ရေးဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တွင် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ သုတေသနအဆိုပြုလွှာကို စနစ်တကျရေးသားပြုစု၍ သုတေသနကျင့်ဝတ်ကော်မတီသို့ အဆင့်လိုက်တင်ပြပြီး ခွင့်ပြုချက်ရယူကာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဝိသမအဖျားပျောက်ဆေးတွင် အောက်ဖော်ပြပါပစ္စည်းများ ပါဝင်ပါသည် –

(က) ဆေးခါးကြီး (Andrographis paniculata)
(ခ) ဆင်တုံးမနွယ် (Tinospora cordifolia)
(ဂ) နံ့သာဖြူ (Santalum album L.)
(ဃ) ချင်း (Zingiber officinale Roscoe)

**အဆင့်ဆင့်ဆောင်ရွက်ခဲ့ရသော သုတေသနလုပ်ငန်းများ**

သုတေသနအဆင့် (၁)အရ ပါဝင်ဆေးပစ္စည်းများဖြင့် စမ်းသပ်ဖော်စပ်ပြီး ဆေးဝါးအရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့သည်။ ဆက်လက်၍ သုတေသနအဆင့် (၂) လုပ်ငန်းများဖြစ်သော ဝိသမအဖျားပျောက်ဆေး၏ လတ်တလောအဆိပ်အာနိသင် (Acute toxicity)ကို ဓာတ်ခွဲခန်းတိရစ္ဆာန်များပေါ်တွင် စမ်းသပ်လေ့လာခြင်း၊ ရေတိုအဆိပ်အာနိသင် (Sub acute toxicity) ကို စမ်းသပ်လေ့လာခြင်း၊ လူအန္တရာယ်ကင်းစွာအသုံးပြုနိုင်မည့် ဆေးချိန်ပမာဏသတ်မှတ်ခြင်း၊ သုတေသနရလဒ်များအား ကျန်းမာရေးဝန်ကြီးဌာနနှင့် သုတေသနကျင့်ဝတ်ကော်မတီသို့ တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

သုတေသနအဆင့် (၃) လုပ်ငန်းများမှာ ဝိသမအဖျားပျောက်ဆေး၏ အန္တရာယ်ကင်းရှင်းမှုနှင့် ဆေးအပေါ် ခံနိုင်ရည်ရှိမှုတို့ကို ကျန်းမာသန်စွမ်းသူများနှင့် စမ်းသပ်ခြင်းဖြစ်ပါသည်။ သုတေသနအဆင့် (၄) လုပ်ငန်းစဉ်များမှာ ဝိသမအဖျားပျောက်ဆေး၏ အကျိုးထိရောက်မှုကို ကိုဗစ်–၁၉ ရောဂါ အတည်ပြုသာမန်လက္ခဏာရှိ လူနာများတွင်စမ်းသပ်၍ ရလဒ်များ ဖော်ထုတ်ခြင်းဖြစ်ပါသည်။




နေပြည်တော်၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းပြခန်း။

**အကျိုးကျေးဇူးနှင့်ရလဒ်များ**

တိုက်ကျွေးနိုင်သော ဆေးပမာဏကို တိကျစွာသိရှိဖော်ထုတ်နိုင်ခြင်း၊ ကိုဗစ်ရောဂါ လက္ခဏာများ သက်သာပျောက်ကင်းစေခြင်း၊ အန္တရာယ်ကင်းစွာအသုံးပြုနိုင်ခြင်း စသည့်သုတေသနရလဒ်ကောင်းများ ရရှိခဲ့ပါသည်။ ထိုသို့ရရှိခဲ့သော သုတေသနရလဒ်နှင့် လုပ်ငန်းပြီးစီးမှုအစီရင်ခံစာကို ကျန်းမာရေးဝန်ကြီးဌာနနှင့် သုတေသနကျင့်ဝတ်ကော်မတီသို့ တင်ပြခဲ့သည်။ တစ်ဆက်တည်းမှာပင် သုတေသနရလဒ်များ ကောင်းမွန်ပြီး အကျိုးကျေးဇူးရှိသည့်အတွက် တိုင်းရင်းဆေးဝါးစက်ရုံမှ ထုတ်လုပ်ရန် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်လျှောက်ထား၍ ခွင့်ပြုချက်ရယူခဲ့သည်။

သုတေသနအဆင့်ဆင့်ပြုလုပ်ပြီး ပထမဦးဆုံးထုတ်လုပ်ခဲ့သည့် တိုင်းရင်းဆေးဝါးတစ်လက်ဖြစ်သော ဝိသမအဖျားပျောက်ဆေးကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများသို့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဖြန့်ဝေပို့ဆောင်ပေးကြောင်း သိရသည်။ ယင်းဆေးသည် ကိုဗစ် –၁၉ ရောဂါသာမက အအေးမိနှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ အသံဝင်ခြင်း၊ သလိပ်ကပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းအုံခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲဖျားနာခြင်း၊ ရာသီဖျား၊ တုပ်ကွေးဖျားရောဂါများကို သက်သာပျောက်ကင်းစေပြီး လူနာဦးရေ ၁၀၇၉၀ ကို ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာနက သင်တန်းများပို့ချပေးမှု**

တိုင်းရင်းဆေးဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များကို တိုင်းရင်းဆေးပညာဦးစီးဌာနက သင်တန်းများပို့ချပေးလျက်ရှိရာ အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သောထုပ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice–GMP) သင်တန်း ခြောက်ကြိမ်၊ အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ အရည်အသွေးထိန်းသိမ်းခြင်း၊ တည်မြဲမှုနှင့်သက်တမ်း၊ ဆေးညွှန်းဖော်ပြချက်ဆိုင်ရာများလေ့လာခြင်း (Quality Control, Stability & Shelf–life, Labeling Requirements and Claims Benefits for TM/




နေပြည်တော်၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပြခန်းတွင် ကြည့်ရှုလေ့လာဝယ်ယူအားပေးသူများကို တွေ့ရစဉ်။

HS) သင်တန်း နှစ်ကြိမ်၊ ISO 9001 (2015) အသိပညာပေးသင်တန်း လေးကြိမ်၊ မူပိုင်ခွင့်အကြောင်းသိကောင်းစရာများ အသိပညာပေး ဟောပြောပွဲကျင်းပပေးခြင်း တစ်ကြိမ်တို့ ဖြစ်ပါသည်။

GMP ရရှိထားပြီးဖြစ်သော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံနှစ်ရုံမှာ Fame Pharmaceuticals Laboratory၊ ဦးသာရင်နှင့် လွင်မြင့်အောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့ဖြစ်သည်။ ISO ရပြီးသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံခုနစ်ရုံမှာ Fame၊ ဦးသာရင်နှင့် လွင်မြင့်အောင်၊ ကေသီပန်၊ မှန်ချို၊ မောရိယ၊ စကြာမင်းနှင့် ရုပ်ပျိုတိုင်းရင်းဆေးတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

**ဈေးကွက်အတွင်းရောင်းချနေသော တိုင်းရင်းဆေးဝါးများကို စစ်ဆေးခြင်း**

တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် ဈေးကွက်အတွင်း ရောင်းချနေသော တိုင်းရင်းဆေးဝါးများကို Pre–market နှင့် Post–market surveillance စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။ ဈေးကွက်တွင် တိုင်းရင်းဆေးဝါးဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊ စံမညီတိုင်းရင်းဆေးဝါး (တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသောတိုင်းရင်းဆေးဝါး)၊ အနောက်တိုင်းဆေးများရောနှောထားသော တိုင်းရင်းဆေးဝါးများကို စိစစ်တွေ့ရှိရပါက အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် နှိုးဆော်ချက်ထုတ်ပြန်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ဆက်လက်၍ သတင်းပေးပို့ဆောင်ရွက်ခြင်းများပြုလုပ်၍ ထိန်းသိမ်းကြပ်မတ်လျက်ရှိပါသည်။

**တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(အသစ်) လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်နံပါတ်ရရှိပြီးပါက တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လိုင်စင် (အသစ်) လျှောက်ထားရမည်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တိုင်းရင်းဆေးပညာဦးစီးဌာန Website လိပ်စာ www.dtm.gov.mm တွင် အခမဲ့ download ရယူနိုင်ပါသည်။ လျှောက်လွှာရရှိပြီးပါက မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများထံမှ ထောက်ခံချက်အဆင့်ဆင့်ရယူပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ် (၄၇) နေပြည်တော်၏ ဆေးဝါးမှတ်ပုံတင်ဌာနစိတ်သို့ လာရောက်ဆက်သွယ်၍ ဆောင်ရွက်ရပါမည်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်သက်တမ်း သုံးနှစ်ပြည့်ပြီးပါကလည်း လိုင်စင်သက်တမ်းတိုး လျှောက်ထားကြရမည်ဖြစ်သည်။

**ဂုဏ်ယူဝမ်းမြောက်မိပါသည်**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းဆေးထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးသမားတော်ကြီးများကို ကိုယ်စားပြုလျက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးတွင် တိုင်းရင်းဆေးပြခန်းကို ပါဝင်ပြသနိုင်ခြင်းသည် များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။

ယနေ့ခေတ် တွေ့မြင်နေရသော တိုင်းရင်းဆေးအဖုံဖုံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ဖော်စပ်ခဲ့သော တော်ဝင်နန်းသုံးဆေးစွမ်းကောင်းများ ပါဝင်နေသလို တိမ်မြုပ်ပျောက်ကွယ်လုဆဲဆဲ ဆေးနည်းများလည်းရှိနေသဖြင့် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အထူးလိုအပ်လှပါသည်။ မိမိတို့နိုင်ငံ၊ မိမိတို့ လူမျိုးအတွက် ဂုဏ်ယူမြတ်နိုးဖွယ်ရာ တိုင်းရင်းဆေးများဖြင့် ထာဝစဉ်ရှင်သန်ရပ်တည် အကျိုးပြုနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက်. . . . .။ ။ **(ဆက်လက်ဖော်ပြပါမည်)**

**❛တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် ဈေးကွက်အတွင်းရောင်းချနေသော တိုင်းရင်းဆေးဝါးများကို Pre-market နှင့် Post-market surveillance စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။ ဈေးကွက်တွင် တိုင်းရင်းဆေးဝါးဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊ စံမညီတိုင်းရင်းဆေးဝါး၊ အနောက်တိုင်းဆေးများ ရောနှောထားသော တိုင်းရင်းဆေးဝါးများကို စိစစ်တွေ့ရှိရပါက အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် နှိုးဆော်ချက်ထုတ်ပြန်❜**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့တွင် ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်



ပုသိမ် မတ် ၂

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနား မုခ်ဦးဆိုင်းဘုတ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် စိုက်ပျိုးပြသထားသည့် အိမ်ခြံဝင်းဟင်းခင်းပဒေသာ (Home Garden)၊ သစ်သီးဝလံပန်းမန် ဥယျာဉ်ကို လှည့်လည်ကြည့်ရှု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့လာရောက်လေ့လာသည့် ရုရှားသံရုံးမှ တာဝန်ရှိသူတစ်ဦး၊ RUMA ORGANIC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့နှင့် တွေ့ဆုံပြီး ရုရှားရွက်ဖျန်းမြေသြဇာနှင့် ရုရှားနေကြာမျိုးများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ယင်းနောက် သဘာဝအပင် အာဟာရဆေးရည်များ၊ သဘာဝပိုးသတ်ဆေးများ၊ ပင်ကြား(၉) လက်မ၊ တန်းကြား ၂ ဒသမ ၅ ပေ စိုက်ပျိုးထားသည့် Super Sun-41 နေကြာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် မြောင်းမြပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူများ၏ ကျေးလက်ရိုးရာအက၊ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Winner ဆုရှင် မဇင်သူသူထွန်း၏ တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်း၊ မြောင်းမြခရိုင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကရင်ရိုးရာအက၊ တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Winner ဆုရှင် မောင်စိုးထက်အောင် တို့၏ တေးသီများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စိုက်ပျိုးမွေးမြူရေး ထူးချွန်ဆုရရှိသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေး၍ ထူးချွန်ဆုရ တောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့သည် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပြခန်းများနှင့် လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် တောင်သူများနှင့် လက်ရည်တစ်ပြင်တည်း နေ့လယ်စာအတူတကွ သုံးဆောင်ကြကာ ပညာအလင်္ကာတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆုရ တောင်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ Real Live Show ပြသမှုများကို တက်ရောက်အားပေးပြီး စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနက ပြသထားသည့် သီးနှံစုံစိုက်ခင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးကန်များ၊ စက်မှုလယ်ယာဦးစီးဌာနက လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွားကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းများ စိုက်ပျိုးပြသထားရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME ဖွံ့ဖြိုးရေး သုတေသနပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၅၁ ခန်း ဖွင့်လှစ်ပြသထားရှိကာ ပြခန်းများနှင့် ဆွေးနွေးပွဲများကို မတ် ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025)တွင် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဆွေးနွေး



နေပြည်တော် မတ် ၂

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပလျက်ရှိသည့် "မျိုးစေ့ပြပွဲ ၂၀၂၅"(Seed Fair 2025)ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ပြပွဲတွင် စိုက်ပျိုးရေး ပညာရှင်များက ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာရပ်များကို ရှင်းလင်းဆွေးနွေးပြီး မျိုးဝါစေ့မှ အမွေးများကို အက်စစ်ဖြင့် ချွတ်ခြင်းလုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို လက်တွေ့ပြသသည်။

**ဆွေးနွေးပြောကြား**

အဆိုပါ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုဆွေးနွေးပွဲသို့ လာရောက်လေ့လာကြသည့် တောင်သူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဝါသီးနှံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး နည်းပညာများ၊ သီးနှံများ ရေရရှိရေးဆောင်ရွက်ရန် နည်းလမ်းများနှင့် မြေဆီလွှာအာဟာရပြည့်မီရေး ဆောင်ရွက်သင့်သည့်အချက်များ၊ အရည်အသွေးကောင်း ဝါဂွမ်းထွက်ရှိရေးအတွက် ဝါကောက်ချိန်တွင် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများက ဝါသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေးနှင့် ဝါမျိုးစေ့ ထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများ၊ အပင်အာဟာရဓာတ်ရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး အပင်ပေါက်နှုန်း ပိုမိုကောင်းမွန်စေရေးအတွက် မျိုးဝါစေ့မှ အမွေးများကို အက်စစ်ဖြင့်ချွတ်ခြင်း လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို လက်တွေ့ပြသသည်။

ထို့နောက် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ တောင်သူ ၃၁၀ နှင့် လေ့လာရေးအဖွဲ့များက "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025)တွင် စိုက်ပျိုးပြသထားသည့် သီးနှံစိုက်ကွက်များနှင့် ဝါသီးနှံစိုက်ခင်းများ၊ ဌာနနှင့် ပုဂ္ဂလိကပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်များက လိုက်ပါရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ ရာဂီမုန်တိုင်းအရှိန်ကြောင့် ဆုံးရှုံးပျက်စီးခဲ့သည့် နွားများအစား နိုင်ငံတော်မှ ပြန်လည်ပေးအပ်

တပ်ကုန်း မတ် ၂

နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်၌ ရာဂီမုန်တိုင်းအရှိန်ကြောင့် ဆုံးရှုံးပျက်စီးခဲ့သည့် နွားများအစား နိုင်ငံတော်မှ ပြန်လည်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ရပ်ကွက်ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဌေးထိုက်က ကြီးကြပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာထွန်းလင်းပိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရပ်ကွက်အတွင်းမှ ဆုံးရှုံးခဲ့သည့် နွားပိုင်ရှင် ၂၈ ဦးအတွက် နွားကောင်ရေ စုစုပေါင်း ၁၆၀ ကို ပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားဖလင်မော်ကွန်းတိုက် တည်ဆောက်မည့်မြေနေရာနှင့် ရုပ်ရှင်ဖလင်များအား ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းဆောင်ရွက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးကြည်စိုးထွန်းနှင့်အတူ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ဖလင်မော်ကွန်းတိုက်မှ ရုပ်ရှင်ဇာတ်ကားများအား ဖလင်မှဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ကမ္ဘာအေးဘုရားလမ်းနှင့် အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသားဖလင်မော်ကွန်းပြတိုက် တည်ဆောက်ရန် လျာထားသည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလင်မော်ကွန်းတိုက် အဆောက်အအုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်က မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းကားများမှာ မြန်မာနိုင်ငံ၏သမိုင်းယဉ်ကျေးမှုနှင့်ပုံရိပ်များအား မီးမောင်းထိုးပြနေသည့်အရာများဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ အသက်ဝိညာဉ်ဖြစ်သကဲ့သို့ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုသမိုင်းလည်းဖြစ်ကြောင်း၊ ယခင်က ယင်းဖလင်များကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထိန်းသိမ်းနိုင်မှု မရှိခဲ့ခြင်းကြောင့် အချို့သော ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများ ပျောက်ဆုံးပျက်စီးခဲ့ရသည်ကို စိတ်မကောင်းဖွယ် တွေ့ရပါကြောင်း။

မိမိတို့တာဝန်ယူချိန်မှစ၍ ဖလင်သန့်စင်စက်များ၊ ဖလင် Scanner စက်များကို ဝယ်ယူပေးခဲ့ပြီး ဖလင်မှဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ရုပ်ရှင်ဇာတ်ကားအချို့နှင့် သတင်းမှတ်တမ်းကားအချို့ကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းထားနိုင်ခဲ့ပြီး သတ်မှတ်ထားသည့် အရည်အသွေးများအတိုင်း စနစ်တကျ ဆက်လက်ဆောင်ရွက်ရန်လိုကြောင်း၊ ဖလင်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် ဖြူ/မည်းရုပ်ရှင်ဇာတ်ကား ၁၂ ကား၊ ဆေးရောင်စုံဇာတ်ကား ၁၅၄ ကားနှင့် သတင်းမှတ်တမ်းကား ၂၇၈၁ ကားတို့ကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာအဆင့်မီအမျိုးသားဖလင်မော်ကွန်းတိုက်ကြီးတစ်ခု တည်ဆောက်၍ စနစ်တကျထိန်းသိမ်းနိုင်ရန် ရည်မှန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဖလင်မော်ကွန်းတိုက်၌ မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းကားများအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် သက်တမ်းနှစ် ၁၀၀ ခန့်ရှိသည့် မော်ကွန်းရုပ်ရှင်အဆောက်အအုံအား ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည့် ရုပ်ရှင်ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကမ္ဘာအေးဘုရားလမ်း အုတ်ပုံဆိပ်လမ်းထောင့်ရှိ အမျိုးသားဖလင်မော်ကွန်းတိုက် တည်ဆောက်ရန် လျာထားသည့်မြေနေရာနှင့် ဆောက်လုပ်မည့်အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)တို့မှ အဖွဲ့ဝင်များအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးရာတွင် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့က စီစဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာရေးရာ၊ ကမ္ဘာရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအကြောင်းအရာများ၊ နည်းပညာရပ် များ၊ သဘာဝပတ်ဝန်းကျင်နှင့် ဥပဒေဆိုင်ရာ အကြောင်းအရာများကို ထည့်သွင်း၍ ကဏ္ဍစုံအောင် ဖော်ပြပေးနေသည်ကို တွေ့ရပါကြောင်း၊ ယင်းစာအုပ်များကို ပိုမိုကောင်းမွန်ပြည့်စုံစေရန် စီစဉ်ထုတ်ဝေရမည်ဖြစ်ပြီး ကျယ်ပြန့်စွာဖြန့်ဝေနိုင်ရန် ဆောင်ရွက်စေလိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို ကမ္ဘာသို့ပျံ့နှံ့ရောက်ရှိစေရေးနှင့် ပြောင်းလဲနေသည့် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များပေါ်တွင် ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်ရေးအတွက် **“မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့”** ကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ ကြောင်း။

ယခုအခါ သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပြီး ကိုယ့်လမ်းကြောင်းနှင့်ကိုယ် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်နှင့် နိုင်ငံအတွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်ဆောင်ရွက်၍ ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လတွင် နိုင်ငံတကာပညာရှင်များပါဝင်သည့် ဖိုရမ်ကြီးတစ်ခု ကျင်းပကာ နိုင်ငံ့ပုံရိပ်မြှင့်တင်ရေးနှင့် ၂၀၂၅ ခုနှစ်တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရှာဖွေကြမည်ဖြစ်ပါကြောင်း၊ ယင်းဖိုရမ်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများကို ဖော်ပြရင်း နိုင်ငံတကာမှ မိမိတို့နိုင်ငံအပေါ် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန် မျှော်မှန်းရမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုနှင့် တာဝန်ရှိသူများက မကြာမီကျင်းပမည့် **“၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ”** ခေါင်းစဉ်ဖြင့် ကျင်းပမည့်ဖိုရမ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်းသိရသည်။

သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့အခမ်းအနားသို့ တက်ရောက်

ထားဝယ် မတ် ၂

(၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။

ထို့နောက် မိုးစပါးပန်းတိုင်အထွက်နှုန်းအများဆုံး ပထမဆုရရှိသည့် မြိတ်မြို့နယ် သဘွတ်ကျေးရွာမှ အကျိုးဆောင်တောင်သူဦးအေးမင်း၊ ဆောင်းသီးနှံ(မတ်ပဲ)တိုးချဲ့စိုက်ပျိုးမှုအကောင်းဆုံးပထမဆုရရှိသည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးလွင်၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ် ပထမဆုရရှိသည့် မြိတ်မြို့နယ်မှ အကျိုးဆောင် တောင်သူဦးချမ်းအေးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက မိုးစပါးပန်းတိုင် အထွက်နှုန်း အများဆုံး ဒုတိယဆု၊ ဆောင်းသီးနှံ(မတ်ပဲ)တိုးချဲ့စိုက်ပျိုးမှုအကောင်းဆုံး ဒုတိယဆု၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ် ဒုတိယဆုရရှိသည့် တောင်သူများအားလည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးထွန်းက မိုးစပါးပန်းတိုင် အထွက်နှုန်းအများဆုံး တတိယဆု၊ ဆောင်းသီးနှံ(မတ်ပဲ)တိုးချဲ့စိုက်ပျိုးမှုအကောင်းဆုံးတတိယဆု၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြုလက်မှတ် တတိယဆုရရှိသည့် တောင်သူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ၊ အကျိုးဆောင်တောင်သူများက ခင်းကျင်းပြသထားသည့် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဒေသထွက်ကုန်များ၊ ဒေသမှထွက်ရှိသော MSME ပြခန်းများ၊ သစ်သီးဝလံများ၊ ဒေသထွက်သစ်သားလက်မှု ပစ္စည်းများ၊ တန်းဖိုးမြှင့်ရေရှည်စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မျိုးစေ့၊ သွင်းအားစုနှင့် ဒေသထွက်ကုန်အရောင်းပြခန်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး တောင်သူလယ်သမားများအတွက် တန်ဖိုးသင့်ကောက်စိုက်စက်များ စသည့် ပြခန်း ၁၈ ခန်းကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများထိုးနှံပေး

ကျွန်းလှ မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးကောင်းမွန်ပြီး မွေးဖွားလာမည့်ကလေး ရောဂါဘယကင်းစင်စေရေး ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ပြီး ဆရာ ဆရာမများက ဆေးမှတ်တမ်းရေးသွင်းပြီး ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးကြသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်အလေးချိန်ချိန်ခြင်း၊ ကလေးအနေအထား မှန်မမှန်စစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်းများကို အပတ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ )**



# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၄)

ခွန်နီဂါးတား(ရေနံ)နှင့် မောင်သုတ(စွမ်းအင်)

(ယမန်နေ့မှအဆက်)

**CNG သည် သဘာဝဓာတ်ငွေ့အား လေထုဖိအား၏ အဆ ၂၀၀ ဖြင့် ဖိသိပ်၍ အိုးအတွင်း ထည့်သွင်းထားသည့် ဖိအားအလွန်မြင့်သည့် ဓာတ်ငွေ့ဖြစ်ရာ ပေါက်ကွဲမှုများဖြစ်ပွားပါက အင်အားပြင်းထန်သည့် ဗုံးတစ်လုံးပေါက်ကွဲသကဲ့သို့ ပတ်ဝန်းကျင်ရှိပြည်သူများအား ထိခိုက်ပျက်စီးစေနိုင်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။**

CNG မော်တော်ယာဉ်များအား မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနစိတ်မှ ယာဉ်စစ်ဆေးရေးအဖွဲ့များဖြင့် နှစ်စဉ်နှစ်ပတ်လည် Annual Inspection(AI) စစ်ဆေးမှုခံယူရန်လိုအပ်ပြီး စစ်ဆေးမှုအောင်မြင်သော ယာဉ်များကို CNG အသုံးပြုခွင့်စာအုပ်နှင့် ကတ်ကိုထုတ်ပေး၍ CNG ကို ရောင်းချပေးလျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့သုံး ဆလင်ဒါအိုးများ၏ ထုတ်လုပ်သည့်ခုနှစ်မှ ငါးနှစ်ပြည့်ပြီးသော အိုးများသည် ပထမအကြိမ် စစ်ဆေးမှုခံယူရန် လိုအပ်ပြီး နောက်ငါးနှစ်ပြည့်လျှင် ဒုတိယအကြိမ် ထပ်မံစစ်ဆေးမှုခံယူရမည်ဖြစ်သည်။ သက်တမ်း ၁၅ နှစ်ပြည့်ပြီးသော သဘာဝဓာတ်ငွေ့သုံး ဆလင်ဒါအိုးများကို သတ်မှတ်စံချိန်စံညွှန်းများအရ သက်တမ်းလွန်ပယ်ဖျက်(Reject) အိုးအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းများကို CNG Retest Factory များတွင် သက်တမ်းအလိုက် စစ်ဆေးပေးလျက်ရှိပါသည်။

CNG Cylinder အိုးများ၏ ကြံ့ခိုင်မှုနှစ်ပတ်လည် စစ်ဆေးခြင်းများကို စစ်ဆေးဆောင်ရွက်ပေးနိုင်ရန် Retest Factory များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်များအတွက် အင်းစိန်မြို့နယ် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန (ရွာမ)၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ CNG မော်တော်ယာဉ်များအတွက် မန္တလေးမြို့တွင်လည်းကောင်း ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေးဆွဲထားသည့် Standard Operating Procedure (SOP)များအတိုင်း အလေးထား လိုက်နာဆောင်ရွက်လျက်ရှိပြီး CNG ဖြန့်ဖြူးရောင်းချမှုကို ထိခိုက်မှုမရှိစေရေးတို့အတွက် Compressor စက်များ ကြံ့ခိုင်ကောင်းမွန်ရန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်အလိုက် အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။

YBS ယာဉ်များအား CNG ဖြန့်ဖြူးရာတွင် CNG စာအုပ်နှင့် ကတ်ထုတ်ပေးပြီး ယာဉ်စစ်ဆေးမှုခံယူပြီးသည့် ပြည့်စုံသည့်ယာဉ်များအား ယာဉ်၏ရှေ့လေကာမှန်တွင် အနီရောင်စတစ်ကာ တပ်ဆင်ပေးထားပြီး CNG စာအုပ်နှင့် ကတ်ရရှိရန် ဆောင်ရွက်ဆဲ Safety အရ စစ်ဆေးမှုခံယူကာ ယာဉ်များအား အဝါရောင်စတစ်ကာ တပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။





YBS မော်တော်ယာဉ်များ၏ ရှေ့လေကာမှန်တွင် တပ်ဆင်ပေးထားသော CNG စာအုပ်နှင့်ကတ် ထုတ်ပေးထားပြီး နှစ်ပတ်လည်စစ်ဆေးမှု ခံယူပြီးသောယာဉ်



YBS မော်တော်ယာဉ်များ၏ ရှေ့လေကာမှန်တွင် တပ်ဆင်ပေးထားသော CNG စာအုပ်နှင့်ကတ် ရရှိရန် ဆောင်ရွက်ဆဲကာလအတွင်း CNGမော်တော်ယာဉ်အား Safety စစ်ဆေးမှု ခံယူပြီးသောယာဉ်

**စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရေးနှင့် မော်တော်ယာဉ်စီးနင်းသည့် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ CNG သုံး YBS ယာဉ်များအနက် CNG အိုးများအား သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စစ်ဆေးမှုခံယူရန် ပျက်ကွက်ပါက အများပြည်သူ အသက်အန္တရာယ် ထိခိုက်နိုင်သဖြင့် CNG တပ်ဆင်အသုံးပြုခွင့်ရရှိထားသော စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။**

### နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးထားမှုအပေါ် ပြည်သူများ အကျိုးခံစားခွင့်ရရှိစေရေး

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် **“ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့”** အစီအစဉ်တစ်ရပ်အနေဖြင့် ကုန်းတွင်းနှင့် ကမ်းလွန်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များအား အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူလူထုသက်သာချောင်ချိရေးအတွက် ရောင်းချပေးလျက်ရှိသော်လည်း အချို့သောယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများသည် ယာဉ်စီးခများအား အခြားစက်သုံးဆီမော်တော်ယာဉ်များကဲ့သို့ ပြည်သူလူထုထံမှ ကောက်ခံလျက်ရှိသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အသုံးပြုခွင့်ရရှိနေသည့် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအနေဖြင့် နိုင်ငံတော်မှ ပြည်သူလူထုသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိမှုအပေါ်တွင် အခွင့်ကောင်းယူ၍ ယာဉ်စီးခများအား အခြားစက်သုံးဆီယာဉ်များကဲ့သို့ ကောက်ခံပါက CNG တပ်ဆင်အသုံးပြုခွင့်ရရှိထားသော စာရင်းမှပယ်ဖျက်သွားနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထုကို သက်သာသောဈေးနှုန်းနှင့် အမှန်တကယ်ကောက်ယူမည့် လုပ်ငန်းရှင်များကိုသာ ရွေးချယ်ပြီး သဘာဝဓာတ်ငွေ့ ရောင်းချပေးသွားမည်ဖြစ်ရာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အသုံးပြုခွင့်ပေးထားမှုများကို စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်စိစစ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုထံမှ သက်သာသည့်နှုန်းဖြင့် ကောက်ခံပါမည်ဟု အာမခံချက်ပေးနိုင်သည့် လုပ်ငန်းရှင်များကိုသာ ရောင်းချပေးသွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှုမရှိသော လုပ်ငန်းရှင်များထံမှပြန်လည်ရုပ်သိမ်းရန် စတင်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထုအနေဖြင့်လည်း စွမ်းအင်ဝန်ကြီးဌာနက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အသုံးပြုရန် ခွင့်ပြုထုတ်ပေးထားသော မော်တော်ယာဉ်များတွင် CNG မော်တော်ယာဉ်ဖြစ်ကြောင်း စတစ်ကာများ တပ်ဆင်ထားရှိသည့်အတွက်အဆိုပါ မော်တော်ယာဉ်များကို ငှားရမ်းအသုံးပြုမည်ဆိုပါက ယာဉ်စီးခနှုန်းထားများအား ပိုမိုသက်သာသော နှုန်းထားဖြင့် အသုံးပြုနိုင်ကြောင်းကို လည်းကောင်း၊ CNG အသုံးပြုပါက ရောက်ရှိနိုင်မည့် ခရီးမိုင်အကွာအဝေး၊ ဆီစားနှုန်းနှင့် ပုံမှန်ဓာတ်ဆီများ အသုံးပြုပါက ရောက်ရှိနိုင်မည့် ခရီးမိုင်အကွာအဝေး၊ ဆီစားနှုန်းများအပေါ် မူတည်၍ သက်သာနိုင်မှုပမာဏနှင့် ကုန်ကျစရိတ်များကိုလည်းကောင်း ပြည်သူများအနေဖြင့် သိရှိနေရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်က ပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးထားသည့် အခွင့်အရေးများအား လက်လွှတ်ဆုံးရှုံးမှု မရှိစေရေးအတွက် ပြည်သူလူထုအနေဖြင့်လည်း စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။




ထို့အပြင် ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် CNG သုံးမော်တော်ယာဉ်များကို ပိုမိုရွေးချယ်အသုံးပြုခြင်းဖြင့် ပြည်ပမှ စက်သုံးဆီဝယ်ယူတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။ ထို့အပြင် သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနည်းပါးပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ကို တိုးမြှင့်ရှာဖွေ၍ သဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်ပြီး မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ ပိုမိုတိုးချဲ့ဖွင့်လှစ်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များကို ပိုမိုဖြန့်ဖြူးရောင်းချပေး၍ ပြည်သူလူထုသက်သာချောင်ချိရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံတော်က ပြည်သူများသက်သာချောင်ချိရေးအတွက် စီမံဆောင်ရွက်ပေးမှုများအား ပြည်သူများ အမှန်တကယ်အကျိုးခံစားခွင့်ရရှိရေးတို့အတွက် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် လက်တွဲ၍ **“ပြည်သူလူထု၏ သယံဇာတအား ပြည်သူထံသို့”** အမှန်တကယ် ရောက်ရှိစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**“ပြည်သူလူထုကို သက်သာသောဈေးနှုန်းနှင့် အမှန်တကယ်ကောက်ယူမည့်လုပ်ငန်းရှင်များကိုသာ ရွေးချယ်ပြီး သဘာဝဓာတ်ငွေ့ ရောင်းချပေးသွားမည်ဖြစ်ရာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အသုံးပြုခွင့်ပေးထားမှုများကို စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်စိစစ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုထံမှ သက်သာသည့်နှုန်းဖြင့် ကောက်ခံပါမည်ဟု အာမခံချက်ပေးနိုင်သည့် လုပ်ငန်းရှင်များကိုသာ ရောင်းချပေးသွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှုမရှိသော လုပ်ငန်းရှင်များထံမှ ပြန်လည်ရုပ်သိမ်းရန် စတင်ဆောင်ရွက်”**




ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၂**

မြန်မာ – တရုတ် – ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်ပြီး တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စနစ်တကျ စာရင်းကောက်ယူခြင်းလုပ်ငန်းအား နေ့ချင်းပြီးဆောင်ရွက်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၄၇၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၁၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဖောင်ကြီးမြို့နှင့် လှည်းကူးမြို့နယ်တို့တွင် မီတာဖတ်ရှုနေမှုများနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ မြောက်ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ဖောင်ကြီးမြို့နှင့် လှည်းကူးမြို့နယ်တို့သို့ သွားရောက်၍ မတ် ၁ ရက်မှ ၆ ရက်အထိ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွက် မီတာဖတ်ရှုနေမှုများ၊ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးနေမှု အခြေအနေများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၁/၀) မိုင်တွင် လျှပ်စစ်မော်တော်ယာဉ်များ အားသွင်းစခန်းအတွက် အသစ်တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံသစ်သို့ နိုင်ငံခြားမှ လျှပ်စစ်ပစ္စည်းများရောက်ရှိလာမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖောင်ကြီးမြို့ လျှပ်စစ်မန်နေဂျာရုံးနှင့် ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေမြို့ရုံးဓာတ်အားခွဲရုံ၊ ၃၃/၁၁ ကေဗွီ (၁၀) အမ်ဗွီအေ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် ဓာတ်အားခွဲရုံ၊ လှည်းကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးရှိ (၆၆/၃၃/ ၁၁)ကေဗွီ မြို့ရုံးဓာတ်အားခွဲရုံနှင့်( ၃၃/၁၁) ကေဗွီ စာဘူးတောင်းဓာတ်အားခွဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားဖြန့်ဖြူးထားသည့် အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးကာ ဓာတ်အား ပြတ်တောက်မှုလျှော့နည်း ရေး၊ ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး၊ ဖီဒါအလိုက် မီတာများတပ်ဆင်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**


ပြည်သူ့ကျန်းမာရေးဦးစီးဌာန

**အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ**

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်၊ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

**ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ**

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

**ရောဂါလက္ခဏာများ**

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်၊
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာ အသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အဖျားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀)ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

**ဖျားခြင်း၊ အဖျားပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။**

မတ်လ၊ ၂၀၂၅


# ကျောက်ဆည်မြို့နယ်၌ မိုးကြိုပဲတီစိမ်း ၃၄၆၉ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် မတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် သင်တွဲ၊ ငပြောင်၊ ဇီးတော၊ သင်းဒီး၊ ထုံးကြီး၊ စမာ ဆည်ရေပေးမြောင်းများဖြင့် မိုးကြိုပဲတီစိမ်း ၃၄၆၉ ဧက စိုက်ပျိုးရန်လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးကြိုပဲတီစိမ်းသီးနှံများစိုက်ပျိုးရာတွင် ဇော်ဂျီမြစ် ရေသောက်စနစ်၊ သင်းတွဲဆည် သင်းတွဲမြောင်းဖြင့် ၂၀၁၁ ဧက၊ ငပြောင်ဆည် ငပြောင်မြောင်းရေဖြင့် ဧက ၂၈၀၊ ဇီးတောဆည် တမုတ်မြောင်းရေဖြင့် ဧက ၁၁၀၊ ကင်းတားဆည် သင်းဒီးမြောင်းရေဖြင့် ဧက ၃၀၊ ထုံးကြီးမြောင်းရေဖြင့် ၃၄၁ ဧက၊ စမာမြောင်းရေဖြင့် ၆၈၇ ဧက စုစုပေါင်း ၃၄၆၉ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်ရေအသုံးချမှုနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**ကွင်းဆင်းဆောင်ရွက်**

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးကြိုပဲတီစိမ်းသီးနှံများစိုက်ပျိုးရာတွင် တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပဲမျိုးစုံဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးဧကများ လျာထားချက်ပြည့်မီကျော်လွန်ရေး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ ပြည့်ဝစွာပေးဝေသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တောင်သူများနှင့်တွေ့ဆုံပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ၊ စိုက်နည်းစနစ်များ အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ဘုရင့်နောင်ပန်းခြံ၌ ကျင်းပသည်။

**တာဝန်ရှိသူများတက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် (ခေတ္တ)ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သက်ပိုင်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်များမှ တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများပြပွဲတွင် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



# ပဲခူးမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပဲခူး မတ် ၂

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအနီး၌ ယနေ့နံနက်ပိုင်းက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဖတ်ကြားသည်။



**ချီးမြှင့်ပေးအပ်**

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်းရှိ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် အုတ်ဖိုမြို့နယ်မှ တောင်သူ ဦးတင်ရွှေ၊ နွေစပါးစိုက်ပျိုး ထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် ပေါင်းတည်မြို့နယ်မှ တောင်သူ ဦးစိန်ထွန်း၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန် ခရိုင်(ပထမဆု)ရရှိသည့် နတ္တလင်းခရိုင်၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်မြို့နယ်(ပထမဆု)ရရှိသည့် ပေါင်းတည်မြို့နယ်နှင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ပြခန်း ပထမဆုရရှိသည့် တောင်ငူခရိုင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် အတွင်းရေးမှူးတို့က မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ချည်မျှင်ရှည်ဝါနှင့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရ တောင်သူများ၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် (ဒုတိယ၊ တတိယ)ဆုရရှိသည့် ထူးချွန်ခရိုင်/ မြို့နယ်ဆုများ၊ အထူးဆုရရှိသည့် မြို့နယ်များ၊ ပေါင်းတည်မြို့နယ်နှင့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲပြခန်း ဒုတိယဆုရရှိသည့် ပြည်ခရိုင်၊ တတိယဆုရရှိသည့် ပဲခူးခရိုင်နှင့် ပြခန်း အထူးဆုရရှိသည့် ခရိုင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ် သီးနှံအထွက်နှုန်း အမြင့်ဆုံးရရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများက မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး သီးနှံစံပြစိုက်ခင်းများ၊ စားဖိုဆောင်သီးနှံ စိုက်ခင်းများနှင့် တက်ရောက်လာသည့် တောင်သူများနှင့် ပဲခူးမြို့ တောင်သူလယ်သမားနေ့သို့ အနယ်နယ်အရပ်ရပ်မှ လာရောက် လည်ပတ်ကြသူများကို စတုဒိသာကျွေးမွေးနေမှုကို ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပဲ၊ ပြောင်း၊ နှမ်း ကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့လုပ်ငန်းရှင်များမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များ၊ ထူးချွန်ဆုရတောင်သူများ၊ ခရိုင်ခြောက်ခုမှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသားကျောင်းသူများ၊ စက်မှုစိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၃၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား ကျင်းပ

လှိုင်ကော် မတ် ၂

(၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စိုက်ပျိုးမွေးမြူရေးတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စပါးသီးနှံ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံ ပထမဆုရရှိသည့် တောင်သူများအားလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စပါးသီးနှံ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံ ဒုတိယဆုရရှိသည့်တောင်သူများအားလည်းကောင်း၊ စီးပွားရေးရာဝန်ကြီးက စပါးသီးနှံ၊ အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံ တတိယဆုရရှိသည့် တောင်သူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးတောင်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး တောင်သူများက လိုအပ်သည်များကို တင်ပြရာ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ယား(က)ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဟင်းသီးဟင်းရွက် စံပြစိုက်ခင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသပြီး တောင်သူများက စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။ ထို့နောက် နွားလဝိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာ စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဖော်ထုတ်ခြင်း လုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စနစ်ကျလယ်မြေစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ မဖော်ထုတ်မီ၊ ဖော်ထုတ်ပြီးစီးမှုနှင့် အကျိုးပြုမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လယ်ယာမြေဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တောင်သူများအား ရှင်းလင်းပြောကြားပြီး တောင်သူများက လယ်မြေ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ရထားမတော်တဆဖြစ်ပွားမှု၏ ဒုတိယနှစ်ပတ်လည်နေ့တွင် ဂရိနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ ထောင်ပေါင်းများစွာသော ပြည်သူများက စုဝေးဆန္ဒထုတ်ဖော်

အေသင် မတ် ၂

၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံ၏ လူသေဆုံးမှုအများဆုံး ရထားမတော်တဆ ဖြစ်ပွားမှု၏ ဒုတိယနှစ်ပတ်လည်နေ့တွင် ဂရိနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ ထောင်ပေါင်းများစွာသော ပြည်သူများက စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လေကြောင်း၊ ရေကြောင်းနှင့် ရထားပို့ဆောင်ရေးတို့ကို ရပ်ဆိုင်းထားရန် ၎င်းတို့က တောင်းဆိုခဲ့သည်။

**ခေါင်းချင်းဆိုင်တိုက်မိ**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဂရိနိုင်ငံအလယ်ပိုင်း တင်မ်ပီချောက်အနီး၌ ကုန်တင်ရထားတစ်စီးနှင့် ကျောင်းသားများ လိုက်ပါစီးနင်းလာသည့် ခရီးသည်တင် ရထားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် ၅၇ ဦးသေဆုံးခဲ့သည်။

အခင်းဖြစ်ပွားပြီးနောက် နှစ်နှစ်အကြာတွင် ဘေးကင်းရေးနှင့် ပတ်သက်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားခြင်းမရှိသေးကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့က တွေ့ရှိခဲ့သည်။

ရထား မတော်တဆမှုတွင် သေဆုံးသူများအား အောက်မေ့သတိရသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ မြို့အများအပြား၌ သင်္ဘောသားများ၊ ရထားစက်ဗိုလ်များ၊ ဆရာဝန်များ၊ ရှေ့နေများနှင့် ဆရာများ ပူးပေါင်းကာ လှည့်လည်ဆန္ဒထုတ်ဖော်ကြပြီး နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်း ခရီးစဉ်အားလုံးကို ရပ်နားထားကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းများကိုလည်း ပိတ်ထားပြီး ရုပ်ရှင်ရုံများတွင် ဖျော်ဖြေမှုများကိုလည်း ဖျက်သိမ်းခဲ့ကြောင်း သိရသည်။



ဆန္ဒထုတ်ဖော်သူ ၁၇၀၀၀၀ ကျော်နှင့်အတူ ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့အကြား ခေါင်းချင်းဆိုင်တိုက်မိမှုမှ အသက်ရှင် ကျန်ရစ်သူများနှင့် မိသားစုများသည် တရားမျှတမှုနှင့် မီးရထားလုံခြုံရေးကို မြှင့်တင်ပေးရန်အတွက် အေသင်မြို့ရှိ ဂရိပါလီမန်ရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့သည်။

ဆန္ဒပြသူများသည် ရဲအရာရှိများနှင့် ထိပ်တိုက်တွေ့ပြီး ခါတ်ဆီဗုံးများဖြင့် ပစ်ပေါက်ခဲ့ရာ ရဲအရာရှိများကလည်း ဆန္ဒထုတ်ဖော်သူလူအုပ်ကြီးအတွင်းသို့ မျက်ရည်ယိုဗုံးများဖြင့် တုံ့ပြန်နှိမ်နင်းခဲ့သည်။ ရဲတပ်ဖွဲ့က အနည်းဆုံး ဆန္ဒပြသူ ၄၁ ဦးကို ဖမ်းဆီးခဲ့ပြီး လူ ၁၅ ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ဂရိနိုင်ငံပိုင် ရုပ်သံလိုင်း ERT က ဖော်ပြခဲ့သည်။

ဂရိမီးရထားစနစ် ချို့ယွင်းချက်များကြောင့် ဖြစ်ပွားသည့် အဆိုပါ မတော်တဆမှုအား စုံစမ်းစစ်ဆေးသည့် လွတ်လပ်သောကော်မတီမှ စုံစမ်းဖော်ထုတ်ပြီးနောက် တစ်ရက်အကြာတွင် အဆိုပါ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားမတော်တဆမှုဖြစ်ပွားရခြင်းသည် ဘူတာရုံတွင် တာဝန်ကျသည့် ဘူတာရုံမှူးမှ လုပ်ဆောင်သည့် လူသားအမှားများအပြင် ရန်ပုံငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ချို့တဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

**ဝေဖန်ခဲ့ကြ**

အခင်းဖြစ်ပွားပြီးနောက် ၂၀၂၃ ခုနှစ်တွင် ပြန်လည်ရွေးကောက်ခံခဲ့ရသော ဝန်ကြီးချုပ် ကီရီယာကိုစ်မတ်ဆိုတာကစ်၏ ဗဟိုလက်ယာအစိုးရသည် ပါလီမန်စုံစမ်းစစ်ဆေးမှုကို စတင်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် သေဆုံးသူများ၏ မိသားစုဝင်များက အကြိမ်ကြိမ် ဝေဖန်ခဲ့ကြသည်။

**ကိုးကား – ဆင်ဟွာ၊ စီအင်န်အင်န်**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဂါဇာအပစ်အခတ်ရပ်စဲရေးကို ဧပြီလ နှောင်းပိုင်းအထိ သက်တမ်းတိုးရန် အမေရိကန်၏ အဆိုပြုချက်ကို အစ္စရေး ထောက်ခံ

ဂျေရုဆလင် မတ် ၂

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးကို ဧပြီလနှောင်းပိုင်းအထိ သက်တမ်းတိုးရန် အမေရိကန်၏ အဆိုပြုချက်ကို အစ္စရေးက ထောက်ခံကြောင်းနှင့် ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသည့် ဓားစာခံထက်ဝက်ခန့်ကို ချက်ချင်းလွှတ်ပေးရန် အစ္စရေးအစိုးရက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခြင်းကို ပိတ်ပင်ခြင်းဖြင့် ဟားမတ်စ်အဖွဲ့အား အစ္စရေးက ဖိအားများပေးလျက်ရှိသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ သဘောတူထားသည့် ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး ပထမအဆင့်သည် မတ် ၁ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

ရာမာဒန်ပွဲတော်ကာလအတွင်း အမေရိကန်သံတမန် စတီဗ်ဝတ်ကော့ဖ်၏ ယာယီအပစ်အခတ်ရပ်စဲရေးဆိုင်ရာ မူဘောင်ကို ချမှတ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက မတ် ၂ ရက်တွင် ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ဂါဇာကမ်းမြောင်သို့ ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ဝင်ရောက်မှုအားလုံးကို မတ် ၂ ရက် နံနက်ပိုင်းအထိ ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ကြောင်းလည်း အဆိုပါရုံးက ပြောကြားသည်။

ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့များ အပြီးတိုင် ဆုတ်ခွာရန်နှင့် တိုက်ပွဲများ အပြီးတိုင်အဆုံးသတ်ရန် ဒုတိယအဆင့်ဝင်ရောက်ရေးအတွက် ဟားမတ်စ်အဖွဲ့က တောင်းဆိုလျက်ရှိသည်။

ဓားစာခံများ၏ အသက်အန္တရာယ်ဖြစ်စေမည့် ခြိမ်းခြောက်မှုများကို အစ္စရေးက ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ဟားမတ်စ်က စွပ်စွဲပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဂါဇာဒေသအား ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ်တစ်ခု အသွင်ပြောင်းလဲထားသည့် ထရမ့်၏ရုပ်သံဖိုင်ကို ဟားမတ်စ်ရှုတ်ချ

ဂျေရုဆလင် မတ် ၂

ဂါဇာဒေသအား ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ်တစ်ခု အသွင်ပြောင်းလဲရန် အမေရိကန်သမ္မတထရမ့်၏ စိတ်ကူးကို ရုပ်သံဖိုင်ဖြင့် ထုတ်လွှတ်ခဲ့ခြင်းအပေါ် ဟားမတ်စ်အဖွဲ့က ရှုတ်ချလိုက်ပြီး ၎င်းဆောင်ရွက်ချက်သည် ပါလက်စတိုင်းဒေသခံများ၏ အခွင့်အရေးနှင့် ယဉ်ကျေးမှုပြယုဂ်များကို လျစ်လျူရှုသည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။




ထရမ့်၏ စိတ်ကူးသည် အစ္စရေးတပ်မတော်၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဂါဇာဒေသခံများခံစားနေရသည့် အခက်အခဲများကို လျစ်လျူရှုရာရောက်ကြောင်း ဟားမတ်စ်အဖွဲ့ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဗေဆန်အန်အိန်းက ပြောကြားသည်။ ထရမ့်၏ ဆောင်ရွက်ချက်သည် ပါလက်စတိုင်းဒေသခံများ၏ ယဉ်ကျေးမှုနှင့် ရပိုင်ခွင့်များကို လျစ်လျူရှုရာရောက်ကြောင်း ၎င်းက ပြောကြားသည်။

ဂါဇာဒေသမှ အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာရေးနှင့် ဂါဇာဒေသတွင် လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးတို့ကို မိမိတို့လိုလားသည်ဟု အန်အိန်းက ပြောကြားသည်။ ဂါဇာဒေသတွင် ထိခိုက်ခံစားရမှုများလျော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ဆောင်ရွက်မည့် မည်သည့်အဖွဲ့အစည်းနှင့်မဆို မိမိတို့ ပူးပေါင်းဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

ထို့ပြင် ပါလက်စတိုင်းနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအခွင့်အရေးများ ရရှိရေးအတွက်လည်း မိမိတို့ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

ဂါဇာဒေသအား ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ် တစ်ခုအနေဖြင့် ၎င်း၏ ရွှေရုပ်တုဖြင့် ရိုက်ကူးထားသည့် ဉာဏ်ရည်တုနည်းပညာရုပ်သံဖိုင်ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ထရမ့်က ထုတ်လွှင့်ပြသခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ရုရှားအမ်အက်စ်-၃၀ ကုန်တင်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်

မော်စကို မတ် ၂

ရုရှားနိုင်ငံ ဗိုင်ကူနော အာကာသစခန်းမှ လွှတ်တင်ခဲ့သည့် အမ်အက်စ်-၃၀ ကုန်တင်အာကာသယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် ယနေ့တွင်ချိတ်ဆက်မိကြောင်း ရုရှားနိုင်ငံတော် အာကာသကော်ပိုရေးရှင်း ရော့စ်ကိုမော့က ပြောကြားသည်။

၎င်းအာကာသယာဉ်သည် ဆေးဝါး၊ အစားအသောက်နှင့် တစ်ကိုယ်ရေသုံးပစ္စည်း ၁၁၇၉ ကီလိုဂရမ်အပါအဝင် စုစုပေါင်း အလေးချိန် ၂၅၉၉ ကီလိုဂရမ် သယ်ဆောင်သွားခဲ့ပြီး လောင်စာဆီ ကီလိုဂရမ် ၉၅၀၊ သောက်သုံးရေလီတာ ၄၂၀ နှင့် အာကာသစခန်းလေထုကို အားဖြည့်ရန် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၅၀ ကီလိုဂရမ်ကိုလည်း သယ်ဆောင်သွားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ၂၀၂၄ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၁၄ ဒသမ ၇ သန်းကျော်ရှိ

မနီလာ မတ် ၂

၂၀၂၄ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၁၄ ဒသမ ၇ သန်းကျော်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးဗျူရို၏ ယနေ့ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယမန်နှစ်အတွင်း နိုင်ငံခြားသားခရီးသည် ၁၄၇၃၃၅၉၇ ဦးကို မှတ်တမ်းတင်ခဲ့ပြီး အဆိုပါအရေအတွက်သည် ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ရောဂါမတိုင်မီကာလ ကိန်းဂဏန်း ၁၇၀၈၅၀၉၇ နီးပါးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား နိုင်ငံသည် နိုင်ငံခြားသားခရီးသည် ၁၇၆၁၂၈၁ ဦးဖြင့် ထိပ်တန်းစာရင်းတွင် ဆက်လက်ရပ်တည်နေပြီး အမေရိကန်နိုင်ငံသည် ၁၃၂၅၆၈၄ ဦးနှင့် တရုတ်နိုင်ငံသည် ၅၀၀၀၈၂ ဦး တို့ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

ကပ်ရောဂါ မတိုင်မီကာလ ကိန်းဂဏန်းနီးပါး နိုင်ငံခြားသား ခရီးသည်များ ပြန်လည်ဝင်ရောက်လာခြင်းသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာခြင်းကို ပြသသည့် သက်သေတစ်ခုဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဗျူရိုက ပြောကြားသည်။




အိန္ဒိယနှင့် စင်ကာပူနိုင်ငံတို့မှ နိုင်ငံခြားသား ခရီးသည်များ ဝင်ရောက်မှုသည် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်မှုအတွက် သိသာထင်ရှားသော အလားအလာများကို ပြသခဲ့ကြောင်း ဗျူရိုက ဆက်လက်ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း မီးလောင်ကျွမ်းခဲ့မှုအား ပြန်လည်ထူထောင်ရေး၊ ယာယီနေရာချထားရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှု

နေပြည်တော် မတ် ၂

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ခေါင်းဒုက္ကာကျေးရွာရှိ ကယ်ဆယ်ရေးစခန်း၌ မတ် ၁ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ တပ်မတော်ရေသယ်ယာဉ်တစ်စီးတို့နှင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ခေါင်းဒုက္ကာကျေးရွာ ကယ်ဆယ်ရေးစခန်းမှ အလျား ၄၅ ပေ၊ အနံ ၁၈ ပေ(သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း) အဆောင် ၃၄ ဆောင်ရှိ အလျား ၁၁ ပေ၊ အနံ ၉ ပေ (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)အခန်း ၂၇၂ ခန်း မီးလောင်ကျွမ်းခဲ့သဖြင့် အိမ်ထောင်စု ၃၁၄ စုနှင့် လူဦးရေ ၂၁၄၉ ဦးတို့ မီးဘေးသင့်ခဲ့သည်။

ထိုသို့ မီးလောင်မှုဖြစ်ပွားခဲ့သည့် ခေါင်းဒုက္ကာကျေးရွာ ကယ်ဆယ်ရေးစခန်း မီးလောင်ပြင်နေရာသို့ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်စွာဦးတို့က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးလောင်မှုကြောင့် ပျက်စီးမှုများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများက ဝိုင်းဝန်းရှင်းလင်းဖယ်ရှားနေမှု၊ မီးဘေးသင့် အိမ်ထောင်စုဝင်များအတွက် ယာယီနေထိုင်နိုင်ရန် ရွက်ဖျင်တဲများဆောင်ရွက်နေမှု၊ သောက်သုံးရေများဖြန့်ဝေနေမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါဝင်သည့် ပုံးတစ်ပုံးနှုန်းဖြင့် လူသုံးကုန်



ပစ္စည်းပုံး ၃၁၄ ပုံးထောက်ပံ့ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ညောင်ဦးခရိုင်အတွင်းရှိ မျိုးကြက်သွန်စိုက်ပျိုးတောင်သူများ ဈေးကောင်းရရန်မျှော်လင့်

ညောင်ဦး မတ် ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ကြက်သွန်စိုက်တောင်သူများ ကြက်သွန်မျိုးစေ့ပြန်ရောင်းချိန် ဈေးနှုန်းကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။



ညောင်ဦးခရိုင်အတွင်းရှိကျောက်ပန်းတောင်းမြို့နယ် ကျေးလက်နေတောင်သူများ၊ ညောင်ဦးမြို့နယ် ကျေးလက်ကြက်သွန်စိုက်တောင်သူများသည် ကြက်သွန်ပေါ်ချိန်တွင် ကြက်သွန်မျိုးကောင်းမျိုးသန့်ရရှိစေရန် ရှယ်ဥခေါ်လုံးဝန်းကြီးမားသည့်ဥများအား ရွေးချယ်ထားကြကာ ကြက်သွန်မျိုးပန်းစိုက်ပျိုးချိန်တွင် စိုက်ပျိုးကြသည်။ သီတင်းကျွတ်လနှင့်၊ တန်ဆောင်မုန်းလတို့တွင် မျိုးပန်းကြက်သွန်ဥများ စတင်စိုက်ပျိုးကြပြီး တစ်လခန့်ကြာလျှင် ကြက်သွန်ဥမှ မန်တိုင်ခေါ် စိန်ဖူးသဏ္ဌာန်ကြက်သွန်အဖူးထွက်လာကြောင်း ကြက်သွန်တစ်ဥလျှင် ကြက်သွန်ပန်းပွင့်ဖူးနှစ်ဖူးမှလေးဖူးအထိ မျိုးပန်းကြက်သွန်ဖူးထွက်လေ့ရှိကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာ ကြက်သွန်မျိုးပန်းစိုက်တောင်သူဦးတင်ထွန်းအောင်က ပြောသည်။ မျိုးစေ့ကြက်သွန်ပန်းများကို ဧပြီလနှင့်မေလ မိုးမကျမီအချိန်တွင် ဆွတ်ခူးကာ နေလှန်း၍ ကြက်သွန်မျိုးစေ့ထုတ်ယူပြီး လုံခြုံသောပုံးများဖြင့် ထည့်ထားပေးရကြောင်း သိရသည်။

ညောင်ဦးခရိုင်(ပြန်/ဆက်)

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၆၉၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာ ၆၉၀၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၃၀ | ၃၃၄၀ | ၃၃၁၀ | ၃၂၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၈၀ | ၃၃၀၀ | ၄၅၀၅ | ၃၅၉၀ | ၃၃၁၅ | ၃၃၂၀ | ၃၃၈၅ | ၃၃၅၀ | ၃၃၇၅ | ၃၆၃၀ |
| 95 Ron | ၃၂၈၀ | ၃၃၉၀ | ၃၃၆၀ | ၃၂၉၅ | ၃၄၀၀ | ၃၄၁၅ | ၃၄၃၀ | ၃၃၅၀ | ၄၅၆၀ | ၃၆၄၀ | ၃၃၆၅ | ၃၃၇၀ | ၃၄၄၀ | ၃၄၀၀ | ၃၄၂၅ | ၃၆၈၀ |
| HSD (500 ppm) | ၂၇၆၀ | ၂၈၇၀ | ၂၈၄၀ | ၂၇၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | - | ၃၁၂၀ | ၂၈၄၅ | ၂၈၄၅ | ၂၉၁၅ | ၂၈၈၀ | ၂၉၀၅ | ၃၁၆၀ |
| HSD (50 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | ၄၈၃၀ | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |
| HSD (10 ppm) | ၃၄၁၀ | ၃၅၂၀ | ၃၄၈၅ | ၃၄၂၀ | ၃၅၂၅ | ၃၅၄၀ | ၃၅၆၀ | ၃၄၈၀ | - | ၃၇၇၀ | ၃၄၉၅ | ၃၄၉၅ | ၃၅၆၅ | ၃၅၃၀ | ၃၅၅၅ | ၃၈၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၁ | ၃၁၄၆ |
| 95 Ron | ၃၁၀၀ | ၃၁၉၆ |
| HSD (500 ppm) | ၂၅၉၆ | ၂၆၇၇ |
| HSD (50 ppm) | ၃၂၂၆ | ၃၃၂၀ |
| HSD (10 ppm) | ၃၂၂၆ | ၃၃၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များ ဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခ၊ (ဌာနမှူး) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတွေ အထောက်အကူဖြစ်စေဖို့ မြန်မာ့သမိုင်းနဲ့ ကမ္ဘာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာမေးပွဲအတွက် အထောက်အကူဖြစ်စေမယ့် သမိုင်းအချက်အလက်တွေကို အကောင်းဆုံးပြင်ဆင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာတွေမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နဲ့ စီးပွားရေးပုံစံပြောင်းလဲမှုတွေ၊ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်တွေကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ် – မြန်မာစစ် (၁၈၂၄–၁၈၂၆) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ် – မြန်မာစစ် (၁၈၅၂–၁၈၅၃) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နဲ့ တတိယ အင်္ဂလိပ် – မြန်မာစစ် (၁၈၈၅) အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ ကျူးကျော်စစ်ပွဲကို သုံးကြိမ် ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ် – မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနဲ့ ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့်အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယ အင်္ဂလိပ် – မြန်မာစစ်အပြီးမှာ ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နဲ့ အောက်မြန်မာပြည် (ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမားလို့ ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကို အုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့ စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာ စတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမယ့် သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာ မရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်တွေ တိကျစွာ သတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင်အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန်တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ၁၉၂၁ မြန်မာနိုင်ငံကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေး ပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ် ကာလပြီးရင် မြန်မာပြည်ရဲ့အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ရေးနဲ့ ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကို လိုလားသူတွေနဲ့ တွဲရေးကို လိုလားသူတွေဆိုပြီး အုပ်စုတွေ ကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် ဒီပြဿနာကို မြန်မာတို့ အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်ပါလီမန်အထက်လွှတ်တော်က အဖွဲ့ဝင် ၁၆ ဦးပါဝင်တဲ့ တွဲဖက်ကော်မတီကို တာဝန်ပေးခဲ့တယ်။ ကော်မတီအစီရင်ခံစာနဲ့ အကြံပေးချက်တွေအရ အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာန အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာန အုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ဆိုင်မွန်ကော်မရှင် ပေါ်ပေါက်လာပုံ၊ လန်ဒန်မှာ ကျင်းပတဲ့ သီးခြားစုံညီအစည်းအဝေး၊ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှု အက်ဥပဒေပေါ်ပေါက်လာပုံ၊ ၉၁ ဌာန အုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ ဌာနတွေနဲ့ ပြည်သူ့ကိုယ်စားလှယ်အမတ်တွေ အုပ်ချုပ်ခွင့်ရတဲ့ဌာနတွေ၊ ၉၁ ဌာန အုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ် ပြောင်းလဲလာမှုတွေကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေးစနစ်နဲ့ လူမှုရေးပြောင်းလဲမှုတွေကို လေ့လာကြရမှာဖြစ်တယ်။ ကိုလိုနီခေတ်ရဲ့ အဓိကစီးပွားရေးလုပ်ငန်းတွေကတော့ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းတွေဖြစ်ကြတယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးတွေကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ် အမည်နဲ့ ကုမ္ပဏီလေးခုက လည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကုန်သွယ်ရေးကုမ္ပဏီကလည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီကလည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီကလည်းကောင်း၊ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။ ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်တွေ၊ အလုပ်သမားတွေ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းတွေ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝအခြေအနေတွေကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားတွေကို ခေါ်ယူခဲ့တယ်။ အလုပ်သမားတွေအနက် စက်မှုလုပ်ငန်းတွေမှာ လုပ်ကိုင်တဲ့အလုပ်သမားတွေရဲ့ ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားတွေဟာ အရင်းရှင်တွေရဲ့ လက်ဝါးကြီးအုပ် အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားတွေရဲ့ဘဝဟာပိုမိုဆိုးရွားလာခဲ့တယ် ဆိုတာကိုလည်း လေ့လာထားရမယ်။

အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းတွေအပါအဝင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမယ့် ကျေးလက်တောရွာနေပြည်သူတွေဟာ မြန်မာဆေးဝါးတွေနဲ့ တိုင်းရင်းဆေးဆရာတွေကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်း ဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံတွေကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးတွေမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။ လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈–၁၉၆၂) ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာသိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ပထမဦးဆုံးအစိုးရအဖွဲ့ကို ဝန်ကြီးဌာန ၁၉ ခုနဲ့ ဖွဲ့စည်းခဲ့တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် နှစ်ရပ်ရှိတယ်။ လွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်တွေကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးတွေ ဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန် ခေါ် အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နဲ့ လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်တွေကို အဆင့်ဆင့် ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကို အခြေပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈–၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ် ဒါမှမဟုတ် ဆောင်ရွက်ချက်တွေကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကတော့ ယခင် ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု (ပထစ) အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရတွေလက်ထက် စီးပွားရေး၊ လူမှုရေး ပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလကို တော်လှန်ရေးကောင်စီခေတ်လို့ခေါ်တယ်။ ဒီသင်ခန်းစာမှာတော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့ လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထားကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်တွေ ချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းတွေကို စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲတွေ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ်အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။ စာမျက်နှာ ၁၇ သို့ »»

»»» စာမျက်နှာ ၁၆ မှ

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုတွေကို လေ့လာထားဖို့လိုတယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရတွေလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေး (Education for All) အတွက် အခြေခံပညာကျောင်းတွေကို ကျေးရွာတွေနဲ့ နယ်စပ်ဒေသတွေမှာ တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်းလေးခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာတွေနဲ့ စီးပွားရေးပုံသဏ္ဌာန်တွေကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာတွေ၊ တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်တွေ၊ လုပ်ငန်းဆိုင်ရာအမျိုးအစားအလိုက် အေဂျင်စီတွေ၊ ကုလသမဂ္ဂရဲ့ အဓိကလုပ်ငန်းကြီး ငါးရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်တွေကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ်စတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနဲ့ ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂ ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာတွေ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံတွေ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာ ကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေး ပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေနဲ့ ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားတွေရဲ့ ကျန်းမာရေးအပေါ် စိန်ခေါ်မှုတွေ ဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်တွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ချက်တွေ၊ ရာသီဥတုဆိုင်ရာပြဿနာတွေကြောင့် လူသားတို့ရဲ့ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုတွေကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကို လေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာသော ကမ္ဘာ့နိုင်ငံတွေအနက် တရုတ်နိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကို လေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်တွေက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒတွေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်တွေ၊ တိန့်ရှောင်ဖိန်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ ပြည်တွင်း ပြည်ပ စိန်ခေါ်မှုတွေကို လေ့လာသိရှိဖို့ လိုအပ်တယ်။ ပြည်တွင်း ပြည်ပစိန်ခေါ်မှုတွေကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာစိန်ခေါ်မှုတွေအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ရပ်ဝန်းနဲ့လမ်းအစီအစဉ် ဘီအာအိုင် (BRI–Belt and Road Initiative) ကိုလည်း သိဖို့လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ဆောင်ရာမှာ အဓိက ဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့ လူမှုရေးတို့အပေါ် စိန်ခေါ်မှုတွေ ဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသမိုင်းဘာသာရပ် မေးခွန်းဟာ ၂၀၂၄ ခုနှစ် မေးခွန်းနဲ့ ပုံစံအတူတူပဲဖြစ်ပါတယ်။ မေးခွန်းမှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ၊ သင်ခန်းစာတစ်ခုစီမှ အဓိက မှတ်သားသင့်သော အချက်တွေကို နားလည်သိရှိမှု ရှိ မရှိ စစ်ဆေးတဲ့ မှတ်စုတိုမေးခွန်းတွေ၊ သမိုင်းအကြောင်းအရာတစ်ခုစီရဲ့ အခြေခံအကြောင်းရင်းတွေနဲ့ အကျိုးသက်ရောက်မှုတွေ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်တွေပါဝင်တယ်။

မေးခွန်းမှာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း(ဂ) ဆိုပြီး အပိုင်းသုံးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း သုံးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရဲ့ အပိုင်းတစ်ပိုင်းစီတိုင်းဟာ သင်ရိုးတစ်ခုလုံး လွှမ်းခြုံအောင် မေးထားတဲ့ မေးခွန်းတွေဖြစ်တယ်။ မေးခွန်းလွှာဟာ စာမျက်နှာ စုစုပေါင်း လေးမျက်နှာပါရှိမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) ကတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး နံပါတ် ၁ (က) နှင့် ၁(ခ) ဆိုပြီးပါရှိမှာ ဖြစ်ပါတယ်။ နံပါတ် ၁ (က) မေးခွန်းဟာ အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့် အဖြေများကို အဖြေစာအုပ်တွင် ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ နံပါတ် (၁) မှ (၁၅) အထိ စုစုပေါင်း (၁၅) ပုဒ် ပါဝင်တယ်။ မြန်မာ့သမိုင်းမှ (၈) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၇) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ကတော့(၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁(ခ) မှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါဟူ၍ ဖြစ်ပါတယ်။ ပုဒ်ခွဲ (၁) မှ (၁၅) အထိပါဝင်ပြီး မြန်မာ့သမိုင်းမှ (၇) ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၈) ပုဒ်၊ စုစုပေါင်း (၁၅) ပုဒ် ပါရှိမှာ ဖြစ်ပါတယ်။ တစ်ပုဒ်၏ ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ် (၁၅) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ခ) မှာ အောက်ပါတို့အနက်မှခြောက်ပုဒ်ကို မှတ်စုတိုရေးပါ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (က)မှ (ဇ)အထိရှိပြီး မြန်မာ့သမိုင်း (၄) ပုဒ်နှင့် ကမ္ဘာ့သမိုင်း (၄) ပုဒ်တို့ ပါဝင်တယ်။ အဲဒီ (၈) ပုဒ်ထဲက နှစ်သက်ရာ (၆) ပုဒ်ကို ဖြေဆိုရမှာ ဖြစ်တယ်။ တစ်ပုဒ်ရမှတ်ဟာ (၅) မှတ် ဖြစ်ပြီး စုစုပေါင်းရမှတ် (၃၀) မှတ် ဖြစ်ပါတယ်။

မေးခွန်းအပိုင်း (ဂ) သည် အောက်ပါမေးခွန်းတို့ကို ဖြေဆိုပါ ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၁) မေးခွန်းကတော့ မြန်မာ့သမိုင်း မေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ အပိုင်း (ဂ)ရဲ့ နံပါတ် (၂) မေးခွန်းကတော့ ကမ္ဘာ့သမိုင်းမေးခွန်းဖြစ်ပြီး မေးခွန်း (၂) ပုဒ်အနက် ကြိုက်နှစ်သက်ရာ (၁) ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ အဲဒီမေးခွန်းအတွက် ရမှတ်မှာ (၂၀) မှတ်ဖြစ်တယ်။ ဒါကြောင့် အပိုင်း (ဂ) ရဲ့ စုစုပေါင်းရမှတ်မှာ (၄၀) မှတ် ဖြစ်တယ်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာရပ် မေးခွန်းဟာ ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကို လွှမ်းခြုံမေးထားတာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ခန်းစာ တစ်စိတ်တစ်ပိုင်းကိုသာ လေ့လာ၊ ကျက်မှတ်ခြင်းမျိုးမပြုလုပ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို စုံလင်စွာလေ့လာဖို့ အလွန်အရေးကြီးပါတယ်။

သမိုင်းကိုလေ့လာတဲ့အခါ သင်ခန်းစာတိုင်းမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေနဲ့ သင်ခန်းစာတစ်ခုနဲ့တစ်ခု သမိုင်းစဉ်ဆက်စပ်မှုကို နားလည်ဖို့အထူးလိုအပ်ပါတယ်။ စာမေးပွဲဖြေဆိုရာမှာလည်း မေးခွန်းကို သေချာဖတ်ရှုပြီး မေးထားတဲ့မေးခွန်းနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ သင်ခန်းစာတွေကို အစအဆုံး ကောင်းမွန်စွာ ပြင်ဆင်ထားခြင်းဖြင့် မေးခွန်းတွေကို အခက်အခဲမရှိဘဲ ဖြေဆိုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားကျောင်းသူတွေအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေ။

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)နှင့် ဇီဝနည်းပညာသုတေသနဦးစီးဌာနတို့အား ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးက ဒေသတွင်းပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုသည့် သင်တန်းများကို အရည်အသွေးပြည့်မီစွာ ဖွင့်လှစ်ရန်၊ နည်းပညာရည်ပြည့်ဝပြီး ကျင့်ဝတ်၊ စည်းကမ်းများကို လေးစားလိုက်နာသည့် လူငယ်ပညာရှင်များပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး ယာယီနေထိုင်လျက်ရှိသည့် ဝန်ထမ်းများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများ၌ သုတေသနပရောဂျက်များ ဆောင်ရွက်လျက်ရှိသည့် ကျောင်းသားများကို ကြည့်ရှုအားပေးပြီး ဒေသတွင်း MSME များ ဖွံ့ဖြိုးရေးအတွက် အဓိကစွမ်းအားစုများအဖြစ် ပါဝင်ဆောင်ရွက်နိုင်သော နည်းပညာရှင်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဇီဝနည်းပညာသုတေသနဦးစီးဌာနသို့ ရောက်ရှိပြီး နေပြည်တော်၌ ကျင်းပခဲ့သည့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ဌာနများ၊ လုပ်ငန်းရှင်များက တောင်းခံထားသော နည်းပညာများကို လွှဲပြောင်းဖြည့်ဆည်းပေးနိုင်ရေးနှင့် သင်တန်းများ ပို့ချနိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရလဒ်များကို ကြည့်ရှုစစ်ဆေးကာ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ပြည့်မီစေရေး တစ်တပ်တစ်အားဖြစ်စေမည့် နိုင်ငံ့အကျိုးပြု ဇီဝနည်းပညာသုတေသနများဖြင့် ရှင်သန်သက်ဝင်နေသည့် ရပ်ဝန်းကောင်းတစ်ခုဖြစ်စေရေး ရည်မှန်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တာဝန်ရှိသူများထံ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မကွေးမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပ

**မကွေး မတ် ၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားမုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်းနှင့် ထူးချွန်ဆုရတောင်သူ နှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပါဝင်ခဲ့သည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မြို့တော်ခန်းမအတွင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်ဆုရရှိသည့် တောင်သူကြီးများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်ခရိုင်၊ မြို့နယ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ပြီး (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို Video Clip ပြသခဲ့ပြီး ပညာရေးဒီဂရီကောလိပ်ယိမ်းအဖွဲ့က **တိုးတက်အလှဝေ ကျေးလက်မြေ** ကျေးလက်အကဖြင့် ဖျော်ဖြေတင်ဆက်ကာ ဖျော်ဖြေရေးယိမ်းအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေရရှိရေး၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာအုပ်စုဖွဲ့ဆွေးနွေးခြင်း (Group Discussion) ဆောင်ရွက်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူအသိပညာပေး ခင်းကျင်းပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

# မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်

**မော်လမြိုင် မတ် ၂**

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်အသီးသီးရှိ ရပ်ကွက်/ကျေးရွာများမှ တောင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအားတိုးမြှင့်ရေး၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍတွင် စက်ကိရိယာသုံးစွဲခြင်း၏အကျိုးကျေးဇူး၊ ဝက်မွေးမြူရေးကဏ္ဍနှင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု၊ အသားကဏ္ဍတိုးတက် မြင့်မားရေးအတွက် ကြက်နှင့် ဘဲ တိုးချဲ့မွေးမြူရေး၊ ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြသည့် ပညာရှင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ထူးချွန်သော တောင်သူအစုအဖွဲ့များအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မွန်ပြည်နယ်ရှိအဓိကမြေအမျိုးအစားများ၊ တစ်ပိုင်တစ်နိုင် မျိုးသန့်ပွားနည်းစနစ်များ၊ သီးနှံပိုးမွှားရောဂါလက္ခဏာများ၊ ရော်ဘာမျိုးများ ခင်းကျင်းပြသထားမှု၊ ရော်ဘာအစေ့ခြစ် လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ Myanmar GAP၊ ပြည်နယ်အတွင်း အဓိကစိုက်ပျိုးသော သီးနှံများ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။ **စည်သူ(ပြန်/ဆက်)**



# တောင်ကြီးမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားနှင့် တောင်သူနှီးနှောဖလှယ်ပွဲ ကျင်းပ

**တောင်ကြီး မတ် ၂**

(၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားနှင့် တောင်သူနှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဖတ်ကြားသည်။



**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် တောင်သူအသင်းအဖွဲ့တို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယနေ့စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်သော နည်းပညာနှီးနှောဖလှယ်ပွဲမှရရှိသည့် နည်းပညာဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နှီးနှောဖလှယ်ပွဲမှတစ်ဆင့် ပြည်နယ်များမှ စိုက်ပျိုးထုတ်လုပ်သူများသည် စိုက်ပျိုးသည်မှ ထုတ်လုပ်ရောင်းချသည်အထိ ကွင်းဆက်များအားလုံး ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု ကျယ်ပြန့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ခမ်းကော်ဖီအုပ်စုအဖွဲ့နှင့် ဟိုပုံးမြို့နယ် မဲနယ်တောင်ကော်ဖီအုပ်စုအဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ်က ကော်ဖီစေ့လှော်စက်ပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်မြေစာရင်းဦးစီးဌာန၊ ပြည်နယ်မြေအသုံးချရေး၊ ပြည်နယ်သီးနှံကာကွယ်ရေး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မိုင်းအင်၊ ဟဲဟိုး၊ နမ့်လတ်ဥယျာဉ်ခြံတာဝန်ခံများ၊ ထောပတ်၊ ရှုရှားအာလူး၊ ကော်ဖီ၊ လက်ဖက်၊ သရက်စိုက်ပျိုးထုတ်လုပ်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နောက်ကျမှ ရောက်လာသော အထွေထွေသုံးနည်းပညာ

❋ နီဇော်သစ်

ကြည့်လိုက်လျှင် ရိုးရှင်းပြီး အလွန်အသုံးတည့်လှသော အထွေထွေသုံးနည်းပညာတစ်ရပ်မှာ 'ဘီး' ဖြစ်သည်။ ဘီးကို တီထွင်ခြင်းသည် အထွေထွေသုံးနည်းပညာတစ်ရပ်ဖြစ်သော စိုက်ပျိုးရေးကို တီထွင်ပြီးနောက် နှစ်ပေါင်း ၅၀၀၀ ကျော်မှ ပေါ်ထွက်လာခဲ့သည်ဟု ရှေးဟောင်းသုတေသနက ဖော်ထုတ်ထားသည်ကို သိရပြီး ကြည့်ရမြင်ရသည်မှာလည်း ရိုးရှင်းသောကြောင့် လူသားတို့ထံ အဘယ်ကြောင့် အရောက်နောက်ကျရသလဲဆိုသည့် မေးခွန်းကို မေးကြလေ့ရှိကြသည်။ တကယ်တော့ ရိုးရှင်းခြင်းသည်ပင်လျှင် အရောက်နောက်ကျစေသည့် အကြောင်းရင်းတစ်ခုဖြစ်နိုင်သည်။ လီယိုနာဒို ဒါဗင်ချီ ပြောဖူးသလို 'ရိုးရှင်းခြင်းသည် အဆုံးစွန်ရောက် နောက်ကျခြင်း' မဟုတ်ပါလား။

ဘီး အစောဆုံးအသုံးပြုမှုကို လွန်ခဲ့သော နှစ်ပေါင်း ၅၅၀၀ ဝန်းကျင် မက်ဆိုပိုတေးမီးယား ဒေသတွင်တွေ့ရှိသည်။ သယ်ယူပို့ဆောင်ရာတွင် သုံးခြင်းတော့မဟုတ်၊ အိုးလုပ်ရာတွင် သုံးခြင်းဖြစ်သည်။ သို့ဆိုလျှင် ဘီးမရှိခင် မည်သည့်အရာများ ရှိခဲ့သောကြောင့် ဘီးကို တီထွင်ရန်မလိုအပ်ခဲ့ပါသလဲ။

တကယ်တမ်း စေ့စေ့စပ်စပ်ကြည့်လျှင် ဘီးသည် ချပ်ပြားဝိုင်း တစ်ခုသာမဟုတ်သည်ကို မြင်ရမည်။ ထိုချပ်ပြားဝိုင်းဖြစ်အောင်ပင် သစ်သားကို လိုရာပုံ တိတိကျကျ ဖြတ်တောက်နိုင်ဖို့ လိုအပ်သည်။ ထိုသို့ လက်သမားနည်းပညာလိုအပ်သလို ဘီးလုပ်ရန် ဝင်ရိုးနည်းပညာပါ တတ်မြောက်ရန် လိုအပ်သည်။ ထိုအချက်များထက် အရေးကြီးဆုံး အချက်မှာ ဘီးကိုအသုံးပြုရန် အခြေခံအဆောက်အအုံ လိုအပ်ခြင်းဖြစ်သည်။ လမ်းမရှိလျှင် ဘီးသည် အသုံးဝင်လှသည့်အရာမဟုတ်တော့ပေ။ ထို့ကြောင့်ဘီးသည် အသုံးပြုရန် အခြေခံအဆောက်အအုံလိုအပ်သော ပထမဆုံး အထွေထွေသုံးနည်းပညာဟု ဆိုနိုင်သည်။

ထိုအချက်များကိုကြည့်လျှင် လူသားတို့ထံသို့ ဘီးအရောက်နောက်ကျသည်ကို တွေးစရာမရှိတော့ပေ။ ဘီးကို တီထွင်ရန် နားလည်စရာများလှသည်။ ထိုသို့ အချိန်ယူပြီး တီထွင်ပေါက်ဖွားလာသော ဘီးနည်းပညာသည် လူသားတို့၏ယဉ်ကျေးမှုကို ကြီးမားသည့် အသွင်ကူးပြောင်းမှုဖြစ်စေရန် တွန်းအားပေးလာခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် သမိုင်းဆရာများ၏ လေ့လာမှုတို့အရ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ဝန်းကျင်အတွင်း ဥရောပအလယ်ပိုင်းနှင့် အိန္ဒိယမြစ်ဝှမ်းတို့တွင် ဘီးကို သယ်ယူပို့ဆောင်ရေးအတွက် စတင်သုံးစွဲနေပြီဖြစ်သည်။ ထိုစဉ်က ဘီးများမှာ သစ်သားချပ်ပြားဝိုင်းကို ဝင်ရိုးတပ်ထားခြင်း ဖြစ်သည်။ ထိုသို့ စတင်ပေါ်ပေါက်ခဲ့စဉ်က တောင်ကုန်းထူထပ်သောနေရာများ၊ လမ်းမရှိသော နေရာများတွင် အသုံးမပြုနိုင်သေးပေ။ ဘီးကို သယ်ယူပို့ဆောင်ရေးတွင် သုံးနိုင်ခြင်းသည် သီးနှံအထွက်တိုးရေးနှင့် ကုန်သွယ်ရေးတို့ကို အထောက်အကူဖြစ်စေခဲ့သည်။ ဤနေရာတွင် အထွေထွေသုံးနည်းပညာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုဝင်လာပြီဖြစ်သည်။ ရိုးရှင်းစွာပင် ဘီးသုံးပြီး သယ်ယူပို့ဆောင်နိုင်သောဒေသတို့သည် ဘီးမသုံးနိုင်သော အရပ်ဒေသများထက် ယဉ်ကျေးမှုပိုမိုတိုးတက်လာခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၅၀၀ ဝန်းကျင်တွင် ဆူမာလူမျိုးတို့သည် စပုတ်တိုင်တပ် ဘီးကို စတင်အသုံးပြုလာကြပြီ။ အကျိုးဆက်အားဖြင့် ပိုမိုပေါ့ပါးပြီး ပိုမိုမြန်ဆန်သောယာဉ်များ ဖန်တီးလာနိုင်သည်။ လူသားတို့သမိုင်း၌ အစောဆုံးယဉ်ကျေးမှုကြီးများကို ပြပါဆိုလျှင် ဆူမာနှင့် ဘေဘီလုံ အီဂျစ်ယဉ်ကျေးမှုတို့ကိုသာ မလွဲမသွေ ပြရမည်ဖြစ်ရာ ထိုသို့ အစောဆုံးယဉ်ကျေးမှုကြီး ဖြစ်တည်ခြင်းတွင် ဘီးကို အသုံးပြုနိုင်ခြင်းသည် အကြောင်းရင်းတစ်ရပ် အဖြစ် သေချာပေါက်ပါဝင်နေသည်။

ဘီးသည် အထွေထွေသုံး နည်းပညာနှစ်ရပ်ဖြစ်သည့် ကျောက်လက်နက်နှင့် မီးတို့လို အန္တရာယ်ရှိသောနည်းပညာဟု မမြင်သာ။ သို့သော် အန္တရာယ်မပေးနိုင်ဟု ထင်ရသောဘီးသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ခန့်တွင် မက်ဆိုပိုတေးမီးယားနှင့် ယူရေးရှားဒေသတို့၌ ပထမဆုံး စစ်ရထားတို့ကို ဖြစ်လာစေပြီး စစ်ပွဲ၏သွင်ပြင်လက္ခဏာကို ပြောင်းလဲပစ်လိုက်သည်။

အစောပိုင်း စစ်ရထားတို့သည် လေးလံနှေးကွေးပြီး မြည်းများဖြင့်ဆွဲသည်။ နှစ်ပေါင်း ၂၀၀ ခန့်ကြာပြီးနောက် ဟစ်တိုက်နှင့် အီဂျစ်တို့သည် စစ်ရထားနည်းပညာကို ပိုမိုတိုးတက်စေကာ ပေါ့ပါးပြီး မြင်းဖြင့်ဆွဲသော စစ်မြင်းရထားများ ဖန်တီးလာသည်။ နောက်ထပ် နှစ် ၂၀၀ ခန့်အကြာတွင် ဟစ်တိုက်တို့သည် ဘီးသုံးပြီး စစ်မတိုက်နိုင်သော ပြိုင်ဘက်များအပေါ် အားသာချက်ယူကာ အင်ပါယာ စတင်ထူထောင်လာကြသည်။ နောက် နှစ် ၁၀၀ အကြာတွင် အီဂျစ်၏ ဖာရိုဘုရင်တို့သည်လည်း စစ်မြင်းရထားတို့ကိုသုံးကာ ကျယ်ပြန့်သောအင်ပါယာကြီးများထူထောင်လာကြတော့သည်။ အဆိုပါ ကြေးခေတ်ယဉ်ကျေးမှုများဖြစ်သော ဟစ်တိုက်နှင့် မိုင်စဲနီးယန်းယဉ်ကျေးမှုတို့ ပြိုလဲချိန်တွင် စစ်မြင်းရထား



အသုံးပြုမှု ကျဆင်းသွားသော်လည်း ဘီးကို စစ်သုံးအဖြစ်သုံးခြင်းမှာ ထင်ထင်ရှားရှား ကျန်ရစ်သည်။

ဘီးသည် စစ်ပွဲနည်းပညာကို ပြောင်းလဲပေးရုံသာမက ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိုလည်း ပြောင်းလဲပေးခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀၀ ခန့်က ဖိုနီးရှန်းတို့နှင့် ဂရိတို့သည် ဘီးဖြင့် သွားလာနိုင်သည့် ကွန်ရက်ကို အကျယ်ချဲ့လိုက်သည်။ ကုန်းလမ်းကုန်စည်ပို့ဆောင်ရေးကို ကုန်တင်လှည်းများ သုံးလာသည်။ နောက်နှစ်ပေါင်း ၅၀၀ အကြာတွင် ပါရှန်းအင်ပါယာသည် ကီလိုမီတာ ၂၇၀၀ ရှည်လျားသော တော်ဝင်လမ်းကြီးကို ဖောက်လိုက်သည်။ ကုန်သွယ်ရေးနှင့် အုပ်ချုပ်ရေးကို မြှင့်တင်လိုက်သည်။ ပါရှန်းအင်ပါယာ၏ ကြီးကျယ်ခမ်းနားမှုသည် ထိုလမ်းများနှင့် ဘီးများအသုံးပြုမှုပေါ်တွင် မူတည်နေသည်ဟု ဆိုနိုင်သည်။ နောင်နှစ် ၂၀၀ ခန့်အကြာတွင် ရောမတို့သည် လမ်းဖောက်ခြင်းနည်းပညာကို ကောင်းစွာ ကျွမ်းကျင်နေကြပြီ။ ကီလိုမီတာ ၄၀၀၀၀၀ ကျော်ရှိသော လမ်းများဖောက်ခဲ့ရာ ဥရောပ၊ မြောက်အမေရိကနှင့် အရှေ့အလယ်ပိုင်းသို့ပင် လမ်းပေါက်ခဲ့ပြီဖြစ်သည်။ ထိုခေတ်မှာ လမ်းအားလုံး ရောမဆီသို့ဆိုသည့်ခေတ်ပင်။

အေဒီ ၁၀၀ တွင် တရုတ်ပြည်၌ လက်တွန်းလှည်းများ စတင်တီထွင်ပြီး စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်စေသည်။ အေဒီ ၂၀၀ ခန့်တွင် တရုတ်၊ အိန္ဒိယနှင့် ရောမအကြား လမ်းပေါက်နေပြီဖြစ်ပြီး လှည်းများ၊ ဝန်တင်လှည်းများ သုံးနိုင်ပြီဖြစ်ရာ ပိုးလမ်းမခေတ်သို့ ရောက်လာခဲ့သည်။ ဤနည်းအားဖြင့် ဘီးများနှင့် လမ်းများသည် ရောမ၊ ပါရှားနှင့် ဟန်တရုတ်ပြည်တို့ လက်ထဲသို့ ပါဝါများအပ်နှင်းခဲ့သည်။ ဘီးမသုံးနိုင်ဘဲ တိရစ္ဆာန်များကို ဆက်သုံးနေရသော ဒေသများသည် စစ်ရေး၊ စီးပွားရေး များစွာ နောက်ကျကျန်ခဲ့ပြီဖြစ်သည်။

၁၇၀၀ ပြည့်နှစ်တွင် ပထမဆုံး စက်အားဖြင့်လည်သည့် ဘီးများပေါ်လာပြီး ဗြိတိန်၏ အထည်လုပ်ငန်းကို အရှိန်အဟုန်ဖြင့် တိုးတက်စေခဲ့သည်။ တစ်ချိန်က ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးထားသော အိန္ဒိယချည်ထည်လုပ်ငန်းကို နောက်ကောက်ကျသွားစေသည့်အထိပင်။ ၁၇၆၉ ခုနှစ်တွင် ဂျိမ်းစ်ဝပ်က ရေနွေးငွေ့အင်ဂျင်ကို တီထွင်ပြီး ဘီးတပ်ရထားများတွင် ထည့်သွင်းအသုံးပြုရာမှ မီးရထားဖြစ်ဖို့ လမ်းကြောင်းပေါ်ရောက်ခဲ့ပြီး ၁၈၀၄ ခုနှစ်တွင် ပထမဆုံးမီးရထား ပေါ်ပေါက်လာသည်။ ၁၈၈၅ ခုနှစ်တွင်မူ ကားလ်ဘင့်ဇ်သည် ပထမဆုံး ခေတ်သစ်မော်တော်ကားပုံစံကို တီထွင်ခဲ့ရာ ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့တွင် တစ်ဆစ်ချိုးပြောင်းလဲတော့မည်ဖြစ်သည်။ ယင်းမှာ စက်မှုတော်လှန်ရေးတွင် ဘီး၏ ပါဝင်ပတ်သက်မှုအချို့ပင်။ ပူလီဘီးများ၊ ခွေးသွားစိပ်များအဖြစ် ပါဝင်ပတ်သက်မှုများကိုထည့်လျှင် ပြော၍ကုန်နိုင်မည်မဟုတ်တော့။

ဘီး၏ ပါဝါပြန်လည်ဖြန့်ဝေနိုင်စွမ်းသည် ကြေးခေတ်အင်ပါယာတို့မှသည် ဗြိတိသျှနေမဝင်အင်ပါယာအထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည်ကို တွေ့ရမည်။ သို့သော် သူ့ချည်းတော့မဟုတ်။ အခြားသော နည်းပညာများလည်း ပေါင်းစပ်ပါဝင်ရသည်။ ယနေ့ခေတ်ကိုကြည့်လျှင် အသိဉာဏ်တုဟု ဆိုနိုင်သည့် အေအိုင်နည်းပညာနှင့် ဇီဝအတုနည်းပညာတို့သည် အထွေထွေသုံးနည်းပညာဖြစ်ရန် ဦးတည်ပြီး အရှိန်အဟုန်ဖြင့် သွားနေရာတွင် နာနိုနည်းပညာ၊ ကွမ်တမ်ကွန်ပျူတာ နည်းပညာတို့လို နည်းပညာများ ဝန်းရံပါဝင်နေခြင်းလိုမျိုး မြင်နိုင်သည်။ သဘာဝအားဖြင့်ကြည့်လျှင် ဂယက်လေးများပေါင်းပြီး လှိုင်းတစ်ခုဖြစ်လာသလိုပင်။ ထို့ကြောင့် အချို့ဆရာများက နည်းပညာလှိုင်းဟု အမည်တပ်ကြခြင်းဖြစ်သည်။ ထိုလှိုင်းများပေါင်းပြီး အထွေထွေသုံးနည်းပညာလှိုင်းကြီးတစ်ခု ဖြစ်လာပြီဆိုလျှင် လူသားမျိုးနွယ်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုအရပ်ရပ်၌ လုံးဝမတူတော့သော အကူးအပြောင်းကြီးဖြစ်သွားပြီး ပါဝါပြန်လည်ဖြန့်ဝေမှုလည်း ကြီးမားလှသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

**Ref: Online documents on the development of Wheels.**

# လူသားတိုင်း စိတ်ဖြင့် ဆက်သွယ်စကားပြောနိုင်




လူသားတိုင်းတွင် စိတ်ဖြင့် ဆက်သွယ်စကားပြောနိုင်စွမ်းရှိပြီး ထိုအစွမ်းသည် ဦးနှောက်တစ်နေရာတွင် ပိတ်မိနေကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

ကနေဒါနိုင်ငံရှိ သိပ္ပံပညာရှင်များက လူသားတို့၏ ဦးနှောက်ထဲတွင် စိတ်စွမ်းအားထုတ်ဖော်နိုင်သည့်နေရာများရှိကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ထိုနေရာများတွင် ဦးနှောက်သည် လူသားတို့ထံ၌ သဘာဝအားဖြင့် ရှိနေသော စိတ်တန်ခိုး၊ စိတ်ဖြင့် ဆက်သွယ်နိုင်စွမ်း၊ အကြားအမြင်ရနိုင်စွမ်းတို့ကို ဖိနှိပ်ထားသည်ဟု ဆိုလိုသည်။ သို့သော် ဘာကြောင့် ထိုသို့ ပိတ်ပင်ထားကြောင်းကိုတော့ မသိကြပေ။

ထိုနေရာတို့တွင် စစ်ထုတ်သည့် အလွှာတစ်ခုရှိပြီး ထိုအလွှာကို ထပ်တလဲလဲဖြစ်နေသော သံလိုက်လှုံ့ဆော်မှုတစ်ခုက ပိတ်ထားသည်ဟု ဆိုသည်။ ထိုအလွှာကို ဖွင့်လိုက်လျှင် အထက်ကပြောခဲ့သည့် စိတ်စွမ်းအားများရရှိလာမည်ဖြစ်သည်။ သိပ္ပံပညာရှင်တို့က ကျန်းမာသော အရွယ်ရောက်ပြီးသူ ၁၀၈ ဦးကို သုံးစုခွဲ၍ နည်းတစ်မျိုးစီဖြင့် စမ်းသပ်ခဲ့ရာ အထက်ကပြောခဲ့သော သံလိုက်လှုံ့ဆော်မှုပြောင်းပြန်ပေးပြီး စမ်းသပ်ခံရသည့်အုပ်စုတွင် စိတ်စွမ်းအားဆိုင်ရာ ထူးခြားမှုအချို့ တွေ့မြင်လာရခြင်းဖြစ်သည်။ စမ်းသပ်သည့်နည်းလမ်းမှာ ကွန်ပျူတာဖန်သားပြင်ပေါ်ရှိ မြားကို စိတ်ဖြင့် ရွှေ့ခိုင်းခြင်းမျိုးဖြစ်သည်။

ထိုသုတေသနကို ဦးဆောင်သူ ဘေးခရက်စ် ကျန်းမာရေးသိပ္ပံဌာနမှ ဒေါက်တာမောရစ်ဖရီးမင်းက "ဒီတွေ့ရှိမှုဟာ ဦးနှောက်နဲ့ ကြုံရာကျပန်း ဖြစ်နေတယ်လို့ ထင်ရတဲ့ ဖြစ်စဉ်တွေကြားက အပြန်အလှန် ချိတ်ဆက်မှုတစ်ခုကို မြင်နိုင်မယ့် နည်းလမ်းတစ်ခုအတွက် အလားအလာရှိလာစေနိုင်ပါတယ်"ဟု ဆိုသည်။

**Ref: Daily Mail**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို ကျေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန် အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါသည်။

ယခင်တစ်ပတ်က Question VIII ပေးစာနှင့် Question IX အက်ဆေးများကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကျောင်းသား ကျောင်းသူများ မေးခွန်းအစုံလိုက် လေ့ကျင့်နိုင်စေရန်အတွက် နမူနာမေးခွန်းတစ်စုံကို ဖော်ပြလိုက်ပါတယ်။

**2025**

**MATRICULATION EXAMINATION**

**ENGLISH PILOT TEST (1) Time allowed: 3 hrs.**

**WRITE YOUR ANSWER IN THE ANSWER BOOKLET. ANSWER ALL QUESTIONS.**

**I.Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. Children suffering from m___________ often face stunted growth.
2. Factories release harmful p__________into the air and water.
3. D___________ contributes to the loss of wildlife habitats.
4. Many c___________ organizations depend on donations to operate.
5. This street is n__________ for traffic jams during rush hours.
6. A____________ advancements have made air travel safer and faster.
7. G___________ energy is a renewable source of power.
8. H___________often stems from misunderstanding and fear.
9. D___________ cars are expected to reduce road accidents.
10. Personal c___________ can often be resolved through communication.

**II.Choose the appropriate words or phrases to complete the sentence. (10 marks)**

1. You look at him with green eyes; please conceal your ________.
   **(A) envy (B) contentment (C) anger**
2. Thet Naung practises English speaking patterns -------- he can get a good job.
   **(A) in order of (B) in order to (C) in order that**
3. Good -------- with customers is important for a business man to succeed.
   **(A) interact (B) interaction (C) interactive**
4. When people have no chance to do what they want, they may not put up with their -------- problem.
   **(A) physical (B) mental (C) emotional**
5. The -------- of some posts on Facebook are unbelievable.
   **(A) describe (B) descriptive (C) description**
6. Climate change can make glaciers -------- with the increasing temperature.
   **(A) dissolve (B) melt (C) absorb**
7. Team members lost the match -------- not being united.
   **(A) as a consequence of (B) as a consequence (C)consequently**
8. Are you concerned _______ your matriculation result as an examinee?
   **(A) about (B) in (C) with**
9. We should leave early -------- we could avoid heavy traffic.
   **(A) in order to (B) in case (C) in order that**
10. After working in the farm for long hours, the workers looked very --------.
   **(A) bored (B) tired (C) confused**

**III. Rewrite the sentence according to the instructions given in brackets. (10 marks)**

(1) U Lawba does not have close friends because he is stingy. **(Use the second conditional.)**

_______________________________________________.

(2) The woman was very old and became deaf. She couldn't hear anything. **(Join the sentences, using a participle phrase.)**

_______________________________________________.

(3) Smoking in non – smoking areas as well as spitting in public areas is a bad manner. **(Rewrite the sentence, using ' not only --- but also ' to put an extra emphasis.)**

_______________________________________________.

(4) A nightmare woke me up <u>in the middle of the night</u>. **(Use ' It is / It was --- who / that ---- ' .)**

_______________________________________________.

(5) The teacher doesn't care if students are rich or poor. She teaches them kindly. **(Join the sentences using, ' no matter ---- '.)**

_______________________________________________.

(6) I will never forget the day. It was the time I first met you. **(Join the sentences, using an appropriate relative pronoun or relative adverb.)**

_______________________________________________.

(7) If you practise regularly, you will be skillful. **(Use ' The more/ less / –er.)**

_______________________________________________.

(8) There is not much time enough for us to finish the work today. **(Rewrite the sentence, using ' too --- to '.)**

_______________________________________________.

(9) Nobody told anything important about the news. **(Change the sentence into the passive voice.)**

_______________________________________________.

(10) Father said, "Why did you leave my cupboard open last night?" **(Change the sentence into the reported speech.)**

_______________________________________________.

**IV (A) Write the appropriate words or phrases to complete the lines of verse. (5 marks)**

1. Blest, __________________
   Hours, days, and years slide soft away
2. And having perhaps the better claim,
   ______________________;
3. ______________________,
   Why does he gallop and gallop about?
4. And looked down one as far as I could
   ______________________;
5. See the moon, a sandy dune,
   _______________.

**IV (B) Answer the questions in complete sentence. (5 marks)**

6. What are some sources of air pollution?
7. Why is nutrition said to be closely related to the environment?
8. When you have a misunderstanding caused by cultural differences, how will you handle it?
9. Why do parents need to talk with their children as often as possible?
10. What do these lines mean?
   "Visit Rome, Siam or Nome,
   Feel a hurricane"

**V. Read the passage.**

Water pollution is ' the addition of undesirable substances in water'. We use huge amounts of natural resources and produce too much waste, like mining waste, agricultural and industrial runoff, and human and animal waste. Water pollution occurs when these different types of waste are dumped into water bodies such as lakes, rivers, seas and oceans. Polluted water includes toxic chemicals, bacteria and parasites, which can devastate the ecosystem of aquatic life. Water pollutants also cause some harmful diseases such as dysentery, diarrhoea and cholera. According to the United Nations Programme, nearly 4,000 children die every day from drinking impure water. Soil pollution means ' the process of making the earth's topsoil contaminated with hazardous substances, such as fertilisers, pesticides and waste'. The excessive use of fertilisers and pesticides in agriculture leads to soil degradation. Moreover, many factories are disposing of their chemical wastes, which leak into soil layers. Consequently, the fertility of the earth's soil is being degraded gradually. These chemicals also contaminate the underground water, which will pose a serious risk to human health. Digital wastes and rubbish from landfills are other causes of soil pollution. Deforestation is another significant factor that causes soil erosion. As a result of this, our planet loses millions of tons of topsoil each year. Trees keep the land fertile, but with fewer and fewer trees, the soil will be blown away by the wind or washed away by rain. And, unhealthy soil will intensify the existing threat of food and nutritional insecurity.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) -------- are added to pollute water.
(2) Water bodies -------- with agricultural and industrial runoff.
(3) The daily -------- rate of children from drinking impure water is nearly 4,000.
(4) The process in which -------- make the earth's top soil contaminated causes soil pollution.
(5) It can -------- food and nutritional insecurity more because of unhealthy soil.

**(B) Answer each question in one sentence. (5 marks)**

(6) How do we produce too much waste?
(7) Why can polluted water devastate the ecosystems of aquatic life?
(8) What are harmful diseases caused by water pollutants?
(9) When is the fertility of the earth's soil being gradually degraded?
(10) Why can we say that deforestation is a significant factor that causes soil erosion?

**VI.Read the passage.**

Digital devices have become an integral part of our daily lives, transforming the way we communicate, accessing information and entertainments ourselves. Digital devices encompass a wide range of portable **<u>gadgets</u>** such as smartphones, tablets, laptops, and smartwatches. These devices have revolutionized the way we connect with others and navigate the digital landscape. One of the key benefits of digital devices is their ability to connect us to a vast amount of **<u>information</u>** through the internet. With a few taps or clicks, we can access news, research, educational resources, and multimedia content from all around the world. Digital devices have also transformed communication. Through messaging apps, social media platforms, and video conferencing tools, we can **<u>instantly</u>** contact with friends, and colleagues, regardless of geographical boundaries. The convenience and **<u>portability</u>** of digital devices have revolutionized entertainment. With a smartphone or tablet, we can stream movies, listen to music, play games, and read books wherever we go. However, the growing **<u>reliance</u>** on digital devices raises concerns about screen time and its impact on our well – being. It is essential to strike a balance and practise healthy digital habits, such as taking breaks from screens, engaging in physical activities, and maintaining social connections offline.

**(A) Find the bold – faced words in the passage that are similar in meaning in the following. (5 marks)**

(1) facts provided or learned about something or someone
1. --------------------

စာမျက်နှာ ၂၁ သို့ ★

★ စာမျက်နှာ ၂၀ မှ

(2) small mechanical or electronic devices or tools 2. ____________________

(3) the ability to be easily carried or moved 3. ____________________

(4) dependence on or trust in someone or something 4. ____________________

(5) at once; immediately 5. ____________________

**(B) Answer the following questions. Give completely answers (10 marks)**

(6) What digital devices are mentioned as some examples in the passage?

(7) Why can we say that digital devices connect information with us through the internet?

(8) Where can we instantly contact with friends, and colleagues, regardless of geographical boundaries?

(9) How can we promote healthy digital habits?

(10) What does the impact of digital devices on our daily lives do?

**VII (A) Complete the dialogue with the expressions given in the box. There is an extra. (5 marks)**

| |
|---|
| You should have some time for leisure activities |
| Hanging out with friends |
| I'm interested in drawing |
| Why don't you exercise regularly? |
| Everything is going smooth |
| to relax before it gets worse |

**Nilar:** Oh, I see. You're feeling stressed out. You ought to find some strategies _____(1)_____.

**Thazin:** I think you're right. What should I do?

**Nilar:** _____(2)_____. For example, you should take up a hobby like drawing or cooking. A break from study can refresh your mind and body.

**Thazin:** That's true. I haven't thought about it. Actually, _____(3)_____. Another problem is I want to be alone, but this makes me feel depressed. What do you suggest?

**Nilar:** You'd better socialize more. What I mean is you should make time to see friends two to three evenings a week. _____(4)_____ is a good way to relax.

**Thazin:** I see your point, but my parents wouldn't allow me to go out with my friends often.

**Nilar:** I see. _____(5)_____ Physical activity produces chemicals in the brain that make you feel happy.

**Thazin:** OK, I'll do that. Thank you for your suggestions.

**VII (B) Complete the exchange using the expressions given in the box. There is an extra. (5 marks)**

| | |
|---|---|
| What's your dream job | I make time for a short workout |
| carry my own reusable ones | Why don't you talk to your parents? |
| It depends on how you use it | What do you value most in a friend? |

6. A: Do you think social media connects people or isolates them?
   B:__________; balance is key.
7. A: __________, and why?
   B: I want to be a travel writer because I enjoy exploring and sharing stories.
8. A: __________
   B: Honesty and a good sense of humor make a great friend.
9. A: How do you stay healthy despite a busy schedule?
   B: __________ and prepare meals at home.
10. A: What's one small thing you do to help the environment?
    B: I avoid using plastic bags and ___________.

**VIII. Choose a situation given below and write a letter. Do not write more than 300 words. (10 marks)**

You are **Hnin Wutyi Thaung** and you live at **No. 55, Pagoda Road, Myingyan**. Write a letter to **your friend, Wint Hmon Oo,** telling her the importance of attending classes regularly.

(OR)

You are **Pan Cherry** and you live at **No. 10, Main Road, Yenangyaung**. Write a letter to **your cousin, Wai Lyan Tun,** advising him how to take advantage of using the internet effectively as a student.

IX. Write an essay of **three paragraphs** on **ONE** of the following. Do not write more than 500 words. **(15 marks)**

How Schools Can Promote Environmental Awareness

**(OR)**

The Impact of Modern Inventions on Youths

**(OR)**

Ways to Spend Leisure Hours Usefully

*************

**Answers**

I. malnutrition 2. pollutants 3. Deforestation 4. charitable 5. notorious 6. Aeronautical 7. Geothermal 8. Hatred 9. Driverless 10. conflicts

II. 1. (A) envy 2. (C) in order that 3. (B) interaction 4. (C) emotional 5. (C) description 6. (B) melt 7. (A) as a consequence of 8. (A) about 9. (C) in order that 10. (B) tired

III. (1) U Lawba would have close friends if he were not stingy. (2) Being very old and becoming deaf, the woman couldn't hear anything. (3) Not only is smoking in non – smoking areas a bad manner, but spitting in public areas is also a bad manner. (4) It was in the middle of the night that a nightmare woke me up. (5) No matter whether students are rich or poor, the teacher teaches them kindly. (6) I will never forget the day when I first met you. (7) The more regularly you practise, the more skillful you will be. (8) There is too little time for us to finish the work today. (9) Nothing important was told about the news. / Nothing important about the news was told. / Anything important was not told about the news. (10) Father asked me why I had left his cupboard <u>open</u> the previous night. (left obj adj)

IV (A) 1. who can unconcern'dly find 2. Because it was grassy and wanted wear 3. Late in the right when the fires are out 4. To where it bent in the undergrowth 5. Or catch a whopping pike

(B) 6. Some sources of air pollution are human activities such as fuel burning, logging, and natural events such as wildfires and volcanic eruptions. 7. Nutrition is said to be closely related to the environment because environmental deterioration can cause nutrition–related health problems such as malnutrition and infectious diseases. 8. When I have a misunderstanding caused by cultural differences, I will listen carefully, stay calm, and try to understand their culture better. 9. Parents need to talk with their children as often as possible not only to stay connected with them but also to develop their language skills. 10. These lines mean that we can visit Rome, Siam, Nome or else we can feel a hurricane through the books from the library.

V. (A) (1) Undesirable substances (2) are polluted (3) death (4) hazardous substances (5) threaten

(B) (6) We produce too much waste by using huge amounts of natural resources.(7) Polluted water can devastate the ecosystems of aquatic life because it includes toxic chemicals, bacteria and parasites. (8) Harmful diseases caused by water pollutants are dysentery, diarrhorea, and cholera. (9) The fertility of the earth's soil is being gradually degraded when there are the excessive use of fertilisers and pesticides in agriculture and chemical wastes, which leak into soil layers. (10) We can say that deforestation is a significant factor that causes soil erosion because trees keep the land fertile, but with fewer and fewer trees, the soil will be blown away by the wind or washed away by rain.

VI. (A)(1) information (2) gadgets (3) portability (4) reliance (5) instantly

(B) (6) Digital devices such as smartphones, tablets, laptops, and smartwatches are mentioned as some examples in the passage. (7) We can say that digital devices connect information with us through the internet because we can access news, research, educational resources, and multimedia content from all around the world with a few taps or clicks. (8) Regardless of geographical boundaries, we can instantly contact with friends, and colleagues on messaging apps, social media platforms, and video conferencing tools. (9) We can promote healthy digital habits by taking breaks from screens, engaging in physical activities, and maintaining social connections offline. (10) The impact of digital devices on our daily lives transforms communication, provides access to vast information, and changes how we entertain ourselves.

VII. (A) 1. to relax before it gets worse 2. You should have some time for leisure activities 3. I'm interested in drawing 4. Hanging out with friends 5. Why don't you exercise regularly?

(B) 6. It depends on how you use it 7. What's your dream job 8. What do you value most in a friend? 9. I make time for a short workout 10. carry my own reusable ones

VIII.

No.55, Pagoda Road,
Myingyan.
$19^{th}$ October, 2024

Dear Wint Hmon Oo,

How are you getting on your lessons on these days? I hope this letter finds you and your family in the pink of health. As for me and my family, we are in sound health. It has been some time since we last caught up.

By the way, I would like to tell you the importance of attending classes regularly. As we are students, regular attendance is very important for us because it can not only significantly impact our academic success and personal growth but also help us stay up – to – date with the course material. When we attend classes consistently, we are more likely to understand the concepts being taught and keep pace with the curriculum. Moreover, we can participate in discussions and activities that enhance our learning experience. As a result, we can develop our critical thinking skills. These interactions are invaluable and cannot be fully replicated through self – study or online resources. Regular attendance fosters discipline and responsibility. As part of the grading criteria, we can earn easy marks and improve our overall grade by attending classes regularly. Besides, we can build a rapport with our instructors and this can be crucial when we need extra help or guidance.

So long now. Let's make the most of our educational opportunities by attending classes consistently. I wish you success in your upcoming examination with flying colours.

With best wishes,

Yours lovingly,
Hnin Wutyi Thaung

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# မြစ်ရေထုထိန်းညီတန်ဖို့ အနိမ့်တမံ ရေအားလျှပ်စစ်စီမံကိန်းများဖြင့် ထိန်းသိမ်းစို့

မြမျိုး

**ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောမြစ်ကြီး လေးစင်းအနက် အရှည်လျားဆုံး မြစ်တစ်စင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အသက်သွေးကြောဟု တင်စားကြသော ဧရာဝတီမြစ်မှာ မြန်မာနိုင်ငံမြောက်ဖျားပိုင်းရှိ ဟိမဝန္တာရေခဲတောင်များမှ မြစ်ဖျားခံစီးဆင်းလာသော နမ့်မိုင်ခ (ခေါ်) မေခမြစ်နှင့် မလိခမြစ်တို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးတွင်ပေါင်းဆုံပြီး နိုင်ငံ၏ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းကာ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ စီးဝင်ပါသည်။**

မြစ်၏အလျားမှာ ၁၃၇၅ မိုင်ခန့် ရှည်လျားပြီး ရေကြောင်းသွားလာနိုင်သည့် အလျားမှာ မိုင် ၉၅၀ ကျော် ရှိပါသည်။ မြစ်ရေစီးဆင်းသည့်ပမာဏမှာ နှစ်စဉ်ပျမ်းမျှအားဖြင့် ကုဗမီတာ သန်း ၈၆၀၀၀၀ ခန့် ရှိပါသည်။ မိုးရွာသွန်းမှုအနေဖြင့် မိုးရေချိန်လက်မ ၄၀ မှ ၁၅၈ လက်မခန့်အထိ ရွာသွန်းလေ့ရှိပြီး ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း အခြားလများထက် မိုးရွာသွန်းမှုပိုမိုများပြားပါသည်။ ဧရာဝတီမြစ်ဝှမ်းကို အထက်ဧရာဝတီ၊ အလယ်ဧရာဝတီ၊ ချင်းတွင်းမြစ်ဝှမ်းဒေသ၊ အောက်ဧရာဝတီနှင့် မြစ်ဝကျွန်းပေါ်ဒေသဟူ၍ ဇုန် (Hydro-ecological Zone) ငါးပိုင်း ခွဲခြားထားပါသည်။

မေခမြစ်နှင့် မလိခမြစ်တို့သည် မြစ်ကြီးနားမြို့အနီး၌ စတင်ပေါင်းဆုံကာ ဧရာဝတီမြစ်အဖြစ် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအထိ ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။ မြစ်ကြမ်းပြင်လျှောစောက်မှာ မြစ်ဆုံအထက်ပိုင်းဒေသတွင် ပိုမိုမတ်စောက်ပြီး ၎င်းနေရာမှနေ၍ ဟင်္သာတမြို့အထိအပိုင်းမှာ မြစ်ကြမ်းပြင်လျှောစောက် ပြေပြစ်ပါသည်။ ဧရာဝတီမြစ်သည် မြန်မာနိုင်ငံအတွင်း၌ ကချင်ပြည်နယ်မှ စတင်စီးဆင်းပြီး မြစ်ဝှမ်းခွဲများမှာ မေခ၊ မလိခ၊ ချင်းတွင်း၊ မဏိပူရ၊ ဧရာဝတီအထက်ပိုင်း၊ ဧရာဝတီမြစ်အလယ်ပိုင်း၊ ဧရာဝတီအောက်ပိုင်း၊ မူး၊ မြစ်ငယ်၊ ပန်းလောင်၊ ရွှေလီနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့ ဖြစ်ကြပါသည်။

**ရာသီဥတု**

ဧရာဝတီမြစ်ဝှမ်း၏ ရာသီဥတုအခြေအနေမှာ မိုးများပြီး မုတ်သုံရာသီဥတုအမျိုးစုဖြစ်ကာ ဘင်္ဂလားပင်လယ်အော်ဘက်မှ ဝင်ရောက်လာသည့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်လေ့ရှိပါသည်။ နေ့အပူချိန်မှာ မြစ်ဝှမ်း၏မြောက်ဖျားပိုင်း၌ သုည ဒီဂရီစင်တီဂရိတ်မှ မြစ်ဝှမ်းအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်ခန့်အထိ ရှိပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၌ မုတ်သုံရာသီဥတုမရောက်မီနှင့် မုတ်သုံရာသီဥတုနှောင်းပိုင်းကာလများတွင် ဆိုင်ကလုန်းမုန်တိုင်းများ၊ လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ရေငွေ့ပြန်နှုန်းအားဖြင့် နှစ်စဉ်ပျမ်းမျှပမာဏ (Mean Annual Potential Evapotranspiration) ၄၉ လက်မမှ ၇၃ လက်မအထိရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြစ်ရေစီးဆင်းမှု**

နှစ်စဉ်မြစ်ရေစီးဆင်းမှုအခြေအနေမှာ ရာသီဥတု၊ မိုးလေဝသနှင့် ဇလဗေဒ အခြေအနေများအပေါ်မူတည်၍ ပြောင်းလဲလေ့ရှိပါသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မုံရွာမြို့၊ စစ်ကိုင်းမြို့၊ မကွေးမြို့နှင့် ပြည်မြို့တို့ရှိ မိုးလေဝသနှင့် ဇလဗေဒတိုင်းတာရေးစခန်းများမှ မြစ်ရေထုစီးနှုန်းတိုင်းတာရရှိသည့် အချက်အလက်များအရ အမြင့်ဆုံးမြစ်ရေစီးဆင်းနိုင်မှုကာလမှာ နှစ်စဉ်ဇွန်လမှ အောက်တိုဘာလအတွင်း ဖြစ်ပေါ်လေ့ရှိပါသည်။

မြစ်ကြီးနားမြို့ဝန်းကျင်နှင့် ၎င်းမြို့၏အထက်ပိုင်း မြစ်ဝှမ်းအပိုင်းတွင် ဇွန်လကုန်ထက် ပိုမိုစော၍ ဧပြီလမှစတင်ပြီး မြစ်ရေစီးနှုန်းပမာဏများပြားပါသည်။ ရေနည်းကာလများမှာ မြစ်ကြီးနားမြို့၏ အထက်ပိုင်းတွင် ဇန်နဝါရီလလယ်မှ မတ်လကုန်အထိလည်းကောင်း၊ ဧရာဝတီမြစ်ဝှမ်းအလယ်ပိုင်းနှင့် အောက်ပိုင်း၌ တည်ရှိသော ပြည်မြို့အထိတွင် ဇန်နဝါရီလလယ်မှ မေလကုန်အထိလည်းကောင်း ဖြစ်ပေါ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၄၊ ၂၀၁၅ ခုနှစ် (ဇူလိုင်နှင့် ဩဂုတ်)နှင့် ၂၀၁၅ ခုနှစ် (စက်တင်ဘာလ)တို့တွင် မြစ်ရေမျက်နှာပြင် နိမ့်/မြင့်မှတ်မြင့်တက်၍ မြစ်ရေကြီး/ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ မြစ်ရေကြီး/ ရေလျှံဖြစ်ပေါ်ရာတွင် အချိန်ကာလအားဖြင့် နှစ်ရက်ခန့်မှ ၁၇ ရက်ခန့်အထိ ကြာမြင့်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဧရာဝတီမြစ်ရေကို မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့်ဒေသများဖြစ်သော မူးမြစ်ဝှမ်းခွဲ၊ ဧရာဝတီအလယ်ပိုင်း၊ အောက်ပိုင်းနှင့် ပန်းလောင်မြစ်ဝှမ်းခွဲများရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် အများဆုံးအသုံးပြုလျက်ရှိပါသည်။ ဧရာဝတီမြစ်ဝှမ်းအတွင်းရှိ မြစ်ရေကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် အများစုအသုံးပြုလျက်ရှိပြီး ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သုံးရာခိုင်နှုန်းနှင့် အခြားလုပ်ငန်းများအတွက် အနည်းငယ်သာ အသုံးပြုလျက်ရှိပါသည်။

**ရေကြောင်းသွားလာမှု**

ဧရာဝတီမြစ်ဝှမ်းသည် ဧရိယာ ၁၆၁၆၀၉ စတုရန်းမိုင်ခန့်ရှိပြီး မြန်မာနိုင်ငံရှိလူဦးရေ၏ ၄၁ ရာခိုင်နှုန်းခန့်ကို အကျိုးပြုလျက်ရှိပါသည်။ ဧရာဝတီမြစ် ဖြတ်သန်းစီးဆင်းရာ ဒေသအများစုသည် မြေဆီ၊ မြေသြဇာကောင်းမွန်သည့် လွင်ပြင်ဒေသများဖြစ်ပြီး ဆန်စပါး ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အခြေအနေကောင်းများရှိပါသည်။ ဧရာဝတီမြစ်ဝှမ်းမှ စိုက်ပျိုးရေးထွက်ကုန်အပါအဝင် တည်ဆောက်ရေးပစ္စည်းများ၊ လောင်စာဆီ၊ လူသုံးကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် ဝန်စည်များစွာ သယ်ယူပို့ဆောင်နိုင်သည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသာ ဖြစ်ပါသည်။

ထို့ကြောင့် ဧရာဝတီမြစ်၏ ပြည်တွင်းရေကြောင်းသွားလာမှုလုပ်ငန်းသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်သည့် လူဦးရေအတွက်သာမက နိုင်ငံအတွက်ပါ အရေးပါသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကြီး ဖြစ်ပါသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ပြည်တွင်းရေကြောင်းဖြင့် ပို့ဆောင်သည့်ကုန်စည်ပမာဏသည် ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၁၀ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၂၅ သန်းကျော်အထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသဖြင့် ဧရာဝတီမြစ် ရေကြောင်းသွားလာမှုလုပ်ငန်းသည် စီးပွားရေး



အရ တန်ဖိုးရှိသည့် စကြံတစ်ခုဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

မိုးရာသီကာလမြစ်ရေများချိန်တွင် ရေကြောင်းသွားလာမှု အခက်အခဲမရှိသော်လည်း နွေရာသီနှင့် ဆောင်းရာသီကာလ မြစ်ရေနည်းချိန်တွင် ရေစူးတိမ်၍ ရေကြောင်းကျပ်တည်းသည့် အခက်အခဲရှိပါသည်။ မြန်မာနိုင်ငံ၌ ပြည်တွင်းရေကြောင်းသွားလာမှုများအတွက် ပင်မမြစ်ကြီးများပေါ်တွင် ရေကြောင်းသွားလာရေး ရေထိန်းတံခါးများ တည်ဆောက်အသုံးပြုမှု မရှိသေးသော်လည်း နိုင်ငံတကာတွင် ပြည်တွင်းရေကြောင်းသွားလာမှုများအတွက် ရေကြောင်းသွားလာရေး ရေထိန်းတံခါးများ တည်ဆောက်၍ တွင်ကျယ်စွာအသုံးပြုလျက်ရှိပါသည်။

**ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းပြောင်းလဲနိုင်မှုအခြေအနေ**

မြစ်ရေစီးလမ်းကြောင်းပုံစံပြောင်းလဲမှုသည် ဂေဟစနစ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် အချက်အလက်လည်း ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝှမ်း၏ ဂေဟဗေဒစနစ် (Ecohydro-logy Assessment)ကို ဆန်းစစ်လေ့လာရာတွင် ရေအရင်းအမြစ်ကို အသုံးချမှုပုံစံ အပါအဝင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဇလဗေဒဆိုင်ရာအခြေအနေများ ပြောင်းလဲလာခြင်းနှင့် မြစ်ရေစီးကို အတားအဆီးပြုလုပ်ပြီး ရေသိုလှောင်အသုံးပြုခြင်းများမှ သက်ရောက်မှုများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မြစ်အတွင်း ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေ (Flow Regime) ကို နှစ်စဉ်မြစ်ရေစီးနှုန်းတိုင်းတာသည့် အချက်အလက်များအရလည်းကောင်း၊ နှစ်အလိုက် မြစ်ရေစီးသည့် ထုထည်အနည်း/အများပမာဏနှင့် ၎င်းပမာဏများဖြစ်ပေါ်ခဲ့သည့် အကြိမ်ရေ (Flood Frequency and Seasonal Timing)အရ လည်းကောင်း၊ ရေကြီး/ရေလျှံဖြစ်ပေါ်ခဲ့သည့် ရေစီးပမာဏနှင့် ကြာမြင့်ကာလများအရလည်းကောင်း အခြေခံပြီး ခန့်မှန်းတွက်ချက်နိုင်ပါသည်။

ခြောက်သွေ့သောနွေရာသီ၌ ရေစီးဆင်းမှုပမာဏ ပိုမိုလျော့နည်းပါက ပင်မမြစ်၊ မြစ်လက်တက်နှင့် ချောင်းလက်တက်များဆက်သွယ်၍ ရေစီးသည့်အခြေအနေ (Longitudinal Connectivity) လျော့နည်းနိုင်ပြီး ရေတိမ်ပိုင်းများဖြစ်ပေါ်ကာ ရေနေသတ္တဝါများ အသက်ရှင်နေထိုင်မှုနှင့် ရေကြောင်းသွားလာမှုများကို ထိခိုက်စေနိုင်ပါသည်။ အလားတူ မိုးရာသီကာလအတွင်း ရေစီးဆင်းနှုန်းပမာဏပိုမိုပါက မြစ်၏ လျှောစောက်ပြေပြစ်သောအပိုင်းများတွင် ရေကြီး/ရေလျှံ၍ ရေလွှမ်းမိုးမှုများ ရင်ဆိုင်ကြုံတွေ့ရပါသည်။

**နှစ်စဉ်နုန်းအနည်အနှစ်ပို့ချမှု အခြေအနေ**

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေးတို့အတွက် အရေးပါသော ပင်မမြစ်ကြီးတစ်စင်းဖြစ်သဖြင့် ဧရာဝတီ၏ ဝဲယာမြစ်ရိုးတစ်လျှောက် မြေနိမ့်လွင်ပြင်များ၌ မြို့နှင့် ကျေးရွာများ ပျံ့နှံ့တည်ရှိလျက်ရှိပါသည်။ ဧရာဝတီမြစ်၏ ဝဲယာကမ်းပါးများကို လုံလောက်စွာ ကာကွယ်ထားမှုမရှိခြင်းကြောင့် နှစ်စဉ်ကမ်းပြိုမှုဖြစ်ပွားခြင်း၊ ရေဝေရေလဲဒေသ၌ သစ်တောဖုံးလွှမ်းမှု လျော့နည်းလာခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်း၊ ကျောက်မျက်နှင့် ဓာတ်သတ္တုတူးဖော်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည်တို့ကြောင့် မြစ်လက်တက်များနှင့် ပင်မမြစ်အတွင်းသို့ စီးဝင်လာသောရေ၌ သဲနုန်းပါဝင်မှု နှစ်စဉ်မြင့်မားလျက်ရှိပါသည်။

ဧရာဝတီမြစ်၏ လက်တက်အချို့အပေါ်၌ ရေအားလျှပ်စစ်နှင့် စိုက်ပျိုးရေပေးဝေရေးအတွက် ရေလှောင်တမံများတည်ဆောက်ထားခြင်းကြောင့် အဆိုပါမြစ်လက်တက်များမှ ဧရာဝတီမြစ်အတွင်းသို့ သဲနုန်းအနည်ကျပို့ချမှု အထိုက်အလျောက် သက်သာသွားသော်လည်း သဘာဝအလျောက်စီးဆင်းနေသည့် လက်တက်များမှ ဧရာဝတီမြစ်အတွင်းသို့ နှစ်စဉ်သဲနုန်းပို့ချမှု မြင့်မားနေဆဲ ဖြစ်ပါသည်။

**ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ နည်းပညာတိုးတက်လာမှုများနှင့် အနိမ့်တမံရေအားလျှပ်စစ်**

ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် ရေလှောင်တမံများ တည်ဆောက်အသုံးပြုခြင်း (Storage Type) နှင့် သဘာဝရေစီးအားကို အသုံးပြုခြင်း (Run-of-River Type) ဟူ၍ အဓိကနည်းလမ်းနှစ်မျိုးဖြင့် လျှပ်စစ်ဓာတ်အားကို လက်ရှိထုတ်လုပ်လျက်ရှိပါသည်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုနည်းပညာတွင် အဓိကကျသည့်အချက်များမှာ လူလုပ်ဖန်တီးထားသော ရေအားအမြင့် (Water Head) (သို့မဟုတ်) သဘာဝရေစီးအား (Natural Flow)အပေါ်မူတည်ပြီး ဒီဇိုင်းတွက်ချက်ခြင်းဖြစ်သည့်အတွက် ထုတ်လုပ်နိုင်သည့် လျှပ်စစ်ဓာတ်အားပမာဏအနည်းအများသည် အဆိုပါအချက်အလက်များအပေါ်တွင် မူတည်ပါသည်။

စာမျက်နှာ ၂၃ သို့ ☆

☆ စာမျက်နှာ ၂၂ မှ

ရေလှောင်တမံများတည်ဆောက်၍ ရေအားအမြင့်တစ်ခုဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် သဘာဝရေစီးအားများပါက ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားလည်း ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ သဘာဝရေစီးသန်သော မြစ်ချောင်းများ ဖြတ်သန်းစီးဆင်းရာ တောင်ပေါ်ဒေသများ (သို့မဟုတ်) မြစ်ကမ်းဘေးများတွင် တမံတည်ဆောက်နိုင်သော တောင်ကုန်းတောင်တန်းများရှိသည့် အရပ်ဒေသများ၌ လျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေအနေကောင်း ရှိပါသည်။ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အနေအထားအရ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အောက်ပိုင်း ဧရာဝတီမြစ်ဖြတ်သန်းစီးဆင်းရာ တစ်လျှောက်တွင် မြေပြန့်ဒေသများသာ တည်ရှိနေသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် အခွင့်အရေးနည်းပါးသည့် အခြေအနေရှိပါသည်။

ရေအားလျှပ်စစ်ကဏ္ဍတွင် နည်းပညာတီထွင်ဆန်းသစ်လာသည့် အလျောက် အနိမ့်တမံ ရေအားလျှပ်စစ်တည်ဆောက်မှုနည်းပညာကို အသုံးပြုလျက် မြေပြန့်ဒေသရှိ မြစ်ချောင်းများတွင်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်လာနိုင်ပြီဖြစ်ပါသည်။ မြေပြန့်ဒေသရှိ မြစ်ချောင်းများ၌ ရေစီးအားနည်းသော်လည်း သီးခြားတီထွင်ထားသော တာဘိုင်နှင့် ဂျင်နရေတာစနစ်ဖြင့်လည်းကောင်း၊ တာဘိုင်နှင့် ဂျင်နရေတာကို ပေါင်းစပ်ထားသည့် ရေမြုပ်ခံနိုင်သော တာဘိုင်ဒီဇိုင်းကို အသုံးပြု၍လည်းကောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။

အနိမ့်တမံရေအားလျှပ်စစ်တွင် အသုံးပြုနိုင်သည့် တာဘိုင်များ၏ထူးခြားချက်မှာ တာဘိုင်ဒလက်၏ လည်ပတ်နှုန်းကို လေအားလျှပ်စစ် တာဘိုင်များကဲ့သို့ ဖြည်းညင်းစွာ လည်ပတ်စေရန် ဒီဇိုင်းထုတ်လုပ်ထားပြီး ဂျင်နရေတာ (Generator) များဖြင့် တွဲဖက်၍ စက်စွမ်းအားပြည့် လျှပ်စစ်ထုတ်လုပ်ပေးနိုင်ခြင်း ဖြစ်ပါသည်။ ထို့ပြင် အနိမ့်တမံ ဓာတ်အားပေးစက်ရုံများရှိ အချို့တာဘိုင်များတွင် တာဘိုင်ဒလက်လည်ပတ်မှုနှုန်း နှေးကွေးအောင် ပြုလုပ်ထားသည့် အပြင် တာဘိုင်ဒလက်အရေအတွက်ကို လျှော့ချထားခြင်း၊ တာဘိုင်အတွင်း ရေဖြတ်သန်းမှု ဧရိယာကျယ်ဝန်းစေခြင်း၊ ရေဖြတ်သန်းသည့် ဧရိယာတစ်လျှောက် ကြားလပ်မှုနေရာမရှိအောင် ဒီဇိုင်းပုံစံအမျိုးမျိုး ထုတ်လုပ်ထားခြင်းကြောင့် ငါးမျိုးစိတ်များ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်သော တာဘိုင်များအဖြစ် အသုံးပြုနိုင်သည်အထိ နည်းပညာပိုင်းဆိုင်ရာ တီထွင်ဆန်းသစ်လာပြီ ဖြစ်ပါသည်။

Axial Flow Fish Friendly Turbine အမျိုးအစားများတွင် တာဘိုင်လည်ပတ်နေချိန် တာဘိုင်အတွင်းမှငါးများ အလွယ်တကူဖြတ်သန်းသွားလာနိုင်ပါသည်။ အနိမ့်တမံ ရေအားလျှပ်စစ်စီမံကိန်းများကို မြစ်ကြမ်းပြင် လျှောစောက်ပြေပြစ်သောနေရာများတွင် တည်ဆောက်လေ့ရှိပြီး မြစ်၏ရေကြောင်းသွားလာရေး အထောက်အကူပြုစေရန် ရေတံခါးများ (Navigation Gate) များ ထည့်သွင်းတပ်ဆင်၍ အသုံးပြုလေ့ရှိကြပါသည်။

ထို့ပြင် တမံ၏ အထက်ဘက်နှင့် အောက်ဘက်ပိုင်းသို့ ငါးမျိုးစိတ်များ အလွယ်တကူဖြတ်သန်းသွားလာနိုင်ရန်အတွက် ငါးကူးလှေကား (Fish Ladder) များကို ဒီဇိုင်းပုံစံအမျိုးမျိုးဖြင့် ထည့်သွင်းတည်ဆောက်လေ့ရှိပါသည်။ အချို့သော အနိမ့်တမံစနစ် ဓာတ်အားပေးစက်ရုံများတွင် တာဘိုင်နှင့် ဂျင်နရေတာစနစ် (Turbine Generator Unit) တစ်စုံလုံးကို ရေပေါ်သို့ အလွယ်တကူ မတင်နိုင်သည့် တွဲဆက်စနစ်များ (Hydromatrix Module)ကို ရွေးချယ်တည်ဆောက်နိုင်သဖြင့် နုန်းအနည်ကျမှုကိုလည်း လျှော့ချနိုင်ပြီဖြစ်ပါသည်။

**အနိမ့်တမံရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးများ**

ဧရာဝတီမြစ်ဝှမ်းအတွင်း ဆင့်ကဲထပ်ဆင့်အနိမ့်တမံနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိစေနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်-

- ဧရာဝတီမြစ်အတွင်းရှိ ရေချိုအရင်းအမြစ်များ ပင်လယ်အတွင်းသို့ စီးဝင်ခြင်းဖြင့် ဆုံးရှုံးလျက်ရှိသော ရေချိုများကို ထိန်းသိမ်းထားနိုင်ခြင်း၊
- နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဧရာဝတီမြစ်ရေကို အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူ၍ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ခြင်း၊
- ရေကြောင်းသွားလာရေးအတွက် လုံလောက်သော ရေအနက် ရရှိနိုင်ခြင်း၊
- အနိမ့်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း (Low Head Hydropower) နှင့် ရေစုပ်တင်သိုလှောင်၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း (Pumped–storage Hydropower) တို့ဖြင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်ခြင်း၊

**❝ အနိမ့်တမံများ တည်ဆောက်မည်ဆိုပါက ရေကြီး/ရေလျှံမှုဖြစ်သည့်အချိန်တွင် အနိမ့်တမံများ တည်ဆောက်ခြင်းမရှိသည့်အချိန်က ရေကြီး/ရေလျှံမှုထက် ပိုမိုဆိုးရွားမှုများမရှိစေရန် အဓိကလေ့လာဆန်းစစ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြှင့်တင်သိုလှောင်မည့် ရေမျက်နှာပြင် အမြင့်များလေလေ ထိခိုက်မှုများလေလေဖြစ်ပြီး ထိခိုက်မှု လျှော့နည်းသက်သာစေရေး ဆောင်ရွက်ပေးရမည့် ကုန်ကျစရိတ်လည်း များလာမည် ❞**

- စိုက်ပျိုးရေ၊ စက်မှုလုပ်ငန်းသုံးရေနှင့် မြို့ပြရေလိုအပ်ချက်များကို လုံလောက်စွာ ထောက်ပံ့နိုင်ခြင်း၊
- ရေစီးအားကိုထိန်းထားနိုင်သဖြင့် မြစ်တစ်လျှောက်ရှိ ခြောက်သွေ့သောဒေသများအတွက် စိမ်းလန်းစိုပြည်လာနိုင်ပြီး ရာသီဥတုမျှတလာနိုင်ခြင်း၊
- မြစ်ဝကျွန်းပေါ်ဒေသများတွင် နှစ်စဉ် ရေကြီး/ရေလျှံခြင်းနှင့် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ခြင်း၊
- ရေကြောင်းအသုံးပြု ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊
- မြစ်ကြောင်းထိန်းသိမ်းမှုလုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်လာနိုင်ခြင်း၊
- ရေကြောင်းပို့ဆောင်ရေး၊ ကုန်စည်ဖလှယ်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊
- လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊
- မြစ်ဝှမ်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊

**သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ**

အနိမ့်တမံများ တည်ဆောက်မည်ဆိုပါက ရေကြီး/ရေလျှံမှုဖြစ်သည့်အချိန်တွင် အနိမ့်တမံများတည်ဆောက်ခြင်းမရှိသည့်အချိန်က ရေကြီး/ရေလျှံမှုထက် ပိုမိုဆိုးရွားမှုများမရှိစေရန် အဓိကလေ့လာဆန်းစစ် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြှင့်တင်သိုလှောင်မည့် ရေမျက်နှာပြင် အမြင့်များလေလေ ထိခိုက်မှုများလေလေဖြစ်ပြီး ထိခိုက်မှုလျှော့နည်းသက်သာစေရေး ဆောင်ရွက်ပေးရမည့် ကုန်ကျစရိတ်လည်း များလာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ စိုက်ပျိုးရေပေးဝေမှု၊ ရေလမ်းကြောင်းသွားလာမှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတို့မှ ရရှိလာမည့် အကျိုးအပြစ်များနှင့် အရှုံးအမြတ်များကို ဘက်ပေါင်းစုံမှ ချင့်ချိန်၍ အနိမ့်တမံ၏ ထားရှိသင့်သည့်အမြင့်ကို စဉ်းစားသတ်မှတ်ရမည် ဖြစ်ပါသည်။ ဧရာဝတီမြစ်သည် သုံးနှစ်မှ ငါးနှစ်လျှင် တစ်ကြိမ်ခန့် ရေကြီး/ရေလျှံမှုများ ဖြစ်ပေါ်တတ်ပြီး မြစ်ရိုးတစ်လျှောက် မြေနိမ့်ပိုင်းများတွင် နေထိုင်ကြသော မြစ်ကမ်းခြေကျေးရွာများသည် ရေကြီး/ရေလျှံမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ခံစားရလေ့ရှိပါသည်။

သို့ဖြစ်ရာ အနိမ့်တမံများ ဆောင်ရွက်မည့်နေရာအလိုက် တမံအမြင့်နှင့် အမြင့်ဆုံးရောက်ရှိနိုင်မည့် ရေမျက်နှာပြင် နိမ့်/မြင့်မှတ်တို့ကိုသတ်မှတ်ရာ၌ ၎င်းတမံတည်ဆောက်မည့်နေရာတွင် နှစ်စဉ်မိုးရာသီအတွင်း မြင့်တက်လေ့ရှိသော ပုံမှန်အမြင့်ဆုံး ရေမျက်နှာပြင် နိမ့်/မြင့်မှတ်ထက် ကျော်လွန်ခြင်းမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အလားတူ ပွင့်လင်းရာသီတွင်လည်း ထားရှိလိုသည့် ရေမျက်နှာပြင် နိမ့်/မြင့်မှတ်အောက် မရောက်ရှိစေရေးနှင့် မိုးရာသီကာလတွင် သတ်မှတ်ရေမျက်နှာပြင် နိမ့်/မြင့်မှတ်ထက် ကျော်လွန်မှုမရှိစေရေး ထိန်းညှိပေးနိုင်မည့်အစီအမံများကို ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အနိမ့်တမံနှင့်တွဲဖက်၍ လိုအပ်သည့်နေရာများတွင် လူနေဧရိယာနှင့် စိုက်ပျိုးမြေများကို ရေကြီး/ရေလျှံမှုမဖြစ်စေရေးအတွက် တာပေါင်များ ထည့်သွင်းတည်ဆောက်ပေးရပါမည်။ တာပေါင်များ တည်ဆောက်ရာတွင် ကုန်ကျစရိတ်သက်သာပြီး ရေရှည်တွင် ပြုပြင်ထိန်းသိမ်းရသည့် ကုန်ကျစရိတ်သက်သာစေမည့် နည်းလမ်းကို လေ့လာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် ဧရာဝတီမြစ်၌ အနိမ့်တမံ စီမံကိန်းများဆောင်ရွက်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိကိုလည်း ထည့်သွင်းလေ့လာဆန်းစစ်ရန် လိုအပ်ပါမည်။

**လေ့လာသုံးသပ်အကြံပြုတင်ပြချက်**

ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် မှီတင်းနေထိုင်သည့် လူဦးရေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရေကြောင်းခရီးသွားလာမှုများ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဂေဟစနစ်၊ မြေအသုံးချမှုအားလုံးနှင့် ပတ်သက်ဆက်နွှယ်နေပါသဖြင့် ၎င်းမြစ်တစ်လျှောက်၌ အနိမ့်တမံစနစ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက လျာထားစီမံကိန်းအားလုံးကို နည်းပညာပိုင်းဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွားရေးတွက်ခြေကိုက်မှုဆိုင်ရာနှင့် အခြားသောရှုထောင့်ပေါင်းစုံတို့မှ အကျိုးအပြစ်သက်ရောက်မှုများကို လေ့လာဆန်းစစ်ပြီးမှသာ စီမံကိန်းတစ်ခုချင်းစီ၏ ဦးစားပေးအဆင့်အလိုက် နိုင်ငံတော်အဆင့်စီမံကိန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဦးစားပေး စီမံကိန်းများအပေါ် သတ်မှတ်လေ့လာဆန်းစစ်ရာတွင်-

- အနီးတစ်ဝိုက်ရှိ မြေမျက်နှာသွင်ပြင်အနေအထား၊
- မြစ်ကြောင်းအတွင်းရှိ သဲနုန်းအနည်ပို့ချမှုနှုန်းနှင့် မြစ်အတွင်း သောင်ထွန်းနိုင်မည့် အခြေအနေများ၊
- ရေကြောင်းသွားလာနိုင်မှု အခြေအနေ၊
- မိုးတွင်းနှင့် နွေရာသီကာလ မြစ်ရေအနက်ကွာခြားမှု အခြေအနေ၊
- ဒေသခံပြည်သူများ မှီခိုနေထိုင်မှုအခြေအနေ၊
- မြစ်ကြောင်းထိန်းသိမ်းခြင်း ဆောင်ရွက်နိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ပြီးမှသာ ဦးစားပေးစီမံကိန်းများကို ရွေးချယ်ရပါမည်။

မြစ်ကြောင်းထိန်းသိမ်းရာတွင် မြစ်ရေလမ်းကြောင်းစီးဆင်းမှု၊ မြစ်အတွင်းသောင်ထွန်းမှုနှင့် ရေကြီး/ရေလျှံမှု အခြေအနေများမှ ကာကွယ်ရန်အတွက် နှစ်ရှည်စီမံချက်ရေးဆွဲ၍ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အနိမ့်တမံစနစ် ရေအားလျှပ်စစ်စက်ရုံများ၏ သက်တမ်းကာလအတွင်း နှစ်စဉ်ဖော်ပြပါအတိုင်း မြစ်ကြောင်းများ ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ဥရောပရှိ မြစ်ကြီးများဖြစ်သည့် ဒင်ညူမြစ်နှင့် ရိုင်းမြစ်ပေါ်ရှိ ဆင့်ကဲထပ်ဆင့် အနိမ့်တမံစနစ် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ကဲ့သို့ပင် သဲနုန်းအနည်ကျပို့ချသည့်နှုန်းများသောကြောင့် မြစ်ကြောင်းထိန်းသိမ်းသည့် လုပ်ငန်းကို နှစ်ပေါင်းရာချီ၍ ဆောင်ရွက်ခဲ့ရကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၌လည်း အနိမ့်တမံစနစ် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေအလားအလာကောင်းများ ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် အားသာချက်အနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်းနှင့် ရေကြောင်းပို့ဆောင်ရေး ပိုမိုသွားလာနိုင်ခြင်းတို့ဖြစ်ပြီး စိန်ခေါ်မှုများအနေဖြင့် ဧရာဝတီမြစ်နှင့်အပြိုင် တည်ရှိလျက်ရှိသော စစ်ကိုင်းပြတ်ရွေ့ကြော (Sagaing Fault) မြေငလျင်အခြေအနေကို အသေးစိတ်ထည့်သွင်းလေ့လာဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဧရာဝတီမြစ်အတွင်း အနိမ့်တမံရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ အခြေအနေများကို လေ့လာဆောင်ရွက်ရပါမည်-

- အထက်/အောက် အနိမ့်တမံ အချင်းချင်း ရေထောက်မှုမရှိစေရေး၊
- အနိမ့်တမံစီမံကိန်းအချင်းချင်း ဆင့်ကဲအကျိုးသက်ရောက်မှုများ (Cumulative Impacts) မရှိစေရေး၊
- မဟာဓာတ်အားလိုင်းနှင့် အလွယ်တကူချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး၊
- သဲနုန်းအနည်များ ဆင့်ကဲပို့ချမှုအခြေအနေ လေ့လာရေး၊
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝသက်ရောက်မှု အနည်းဆုံးဖြစ်စေရေးတို့ကို ပြည့်စုံသောလေ့လာဆန်းစစ်မှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။

ဧရာဝတီမြစ်အတွင်း အနိမ့်တမံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပါက ကုန်သွယ်ရေကြောင်းသွားလာရေးနှင့် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဘက်စုံအကျိုးရှိပြီး မြစ်ရောထာဝစဉ် ရှင်သန်စီးဆင်းနေနိုင်မည်ဖြစ်ပါကြောင်း ပြုစုရေးသားတင်ပြလိုက်ရပါသည်။ ။



## ကော့သောင်းမြို့၌ (၂၃)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ စာပြန်စာမေးပွဲကျင်းပ

ကော့သောင်း မတ် ၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၃)ကြိမ်မြောက် ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန်စာမေးပွဲကို မတ် ၁ ရက်မှစ၍ပြည်တော်အေး သာသနာ့ဗိမာန်တော်တွင် ကျင်းပရာ ကော့သောင်းမြို့အတွင်းရှိ စာသင်တိုက်အသီးသီးမှ ဥပစာရတန်း ရှင်သာမဏေ ၆၂ ပါးက ခုနစ်နေ့ဘုရားရှိခိုး၊ ရှင်ကျင့်ဝတ်၊ ပရိတ်ကြီးဘာသာရပ်များကို အာဂုံပြန်ဆိုခဲ့ကြသည်။

ယနေ့မွန်းတည့် ၁၂ နာရီတွင် (၂၃)ကြိမ်မြောက် ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟစာပြန်စာမေးပွဲကြီး ဝိနည်းကျင့်ဝတ်ဘာသာရပ်အား ကော့သောင်းမြို့နယ် သံဃာ့နာယကဆရာတော်များ၊ စာပြန်စာမေးပွဲကြီးကြပ်ဆရာတော်များ၊ စာထောက်၊ စာမဆရာတော်များ၏ ကြီးကြပ်မှုဖြင့် ကော့သောင်းမြို့အတွင်း စာသင်တိုက်အသီးသီးမှ ပထမကြီးတန်းသာမဏေသုံးပါး၊ ပထမလတ်တန်းသာမဏေ ၁၂ ပါး၊ပထမငယ်တန်း သာမဏေ ၂၅ ပါး၊ သီလရှင်တစ်ပါး၊ အခြေပြုမူလတန်းသာမဏေ ၃၃ ပါး စုစုပေါင်း ၇၄ ပါး ရေးဖြေဖြေဆိုလျက်ရှိကြကြောင်းနှင့် ကစ္စည်းသဒ္ဒါဘာသာရပ်နှင့်အဘိဓမ္မတ္ထသင်္ဂဟဘာသာရပ်များအား မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ဆက်လက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မုံရွာမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားနှင့် စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲကျင်းပ

မုံရွာ မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပြသ

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့လာသည့် သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများက စက်မှုလယ်ယာဦးစီးဌာနနှင့် မုံရွာစက်မှုဇုန်တို့မှ လယ်ယာသုံးစက်ကိရိယာပြခန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ တိုင်းဒေသကြီးအတွင်းရှိ ဆည်/တမံများနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှုပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာန ပြခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြခန်းနှင့် စိုက်ပျိုးရေးဦးစီးဌာန ပြခန်းများအား လိုက်လံကြည့်ရှုအားပေးကြရာ ပြခန်းတာဝန်ခံများက မိမိတို့ပြခန်းများအလိုက် လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မုံရွာခရိုင်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျေးရွာ ၁၈ ရွာမှ ဒေသခံတောင်သူ ၃၀၀ အတွက် ကျေးရွာကိုယ်စားလှယ်များထံ သွင်းအားစု ယူရီးယား ဓာတ်မြေဩဇာ အိတ် ၃၀၀၊ လယ်ယာသုံး စက်မောင်းဆီ ဂါလန် ၉၀၀ နှင့် မုံရွာမြို့နယ်ရှိ ဒေသခံတောင်သူ များအသုံးပြုရန် လက်ဆွဲမျိုးစေ့ ချကိရိယာ ၁၀၀ တို့အား ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် နောင်မွန်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် သီးထပ်စိုက်စွမ်းအားတိုးတက်မြင့်မားရေး ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား မတ် ၂

ကချင်ပြည်နယ် နောင်မွန်မြို့နယ်အတွင်း ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် မိုးစပါးအပြင် သီးထပ်စိုက်စွမ်းအား တိုးတက်မြင့်မားလာစေရေးနှင့် ဆီထွက်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေး ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁ ရက်က နောင်မွန်မြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။



ကြည့်ရှုလေ့လာ

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မချမ်းဘောမြို့နယ် အလန်ဂါးကျေးရွာအတွင်းရှိ (၂၁)မိုင် View Point ၌ ဒေသတွင်း နာမည်ကျော်နေရာတစ်ခုဖြစ်သည့် တိမ်ပင်လယ်ဖြစ်ထွန်းနေမှုနှင့် တောတောင်ရေမြေသဘာဝအလှများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နောင်မွန်မြို့ အမှတ်(၂)ရပ်ကွက်အတွင်း ကဆန်ချောင်းတစ်ဖက်ကမ်းရှိ နမ်ဘက်ကွင်း၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ရင်းနှီးမတည်ပေးမှုဖြင့် ပူတာအိုဒေသတွင်ဖြစ်ထွန်းအောင်မြင်သည့် အလေချီ(ခေါ်) ချဉ်ပေါင်ဖာလာပင်စိုက်ခင်း အပင်ပေါက်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အလေချီဈေးကွက်ရရှိမှုနှင့် စီးပွားဖြစ်ထွန်းမှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြကာ စိုက်ခင်းဧရိယာတစ်ခုလုံး ခြံစည်းရိုးကာရံနိုင်ရေး ရင်းနှီးမတည်ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တောင်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က သီးထပ်စိုက်စွမ်းအား တိုးတက်မြင့်မားလာစေရေးအတွက် တောင်သူအကျိုးဖြစ်ထွန်းစေရေး တစ်နှစ်လျှင် နှစ်သီးမှ သုံးသီးအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ရေး လိုအပ်သည့် သွင်းအားစု၊ နည်းပညာနှင့် ရင်းနှီးမတည်ငွေများ ပံ့ပိုးပေးသွားနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တောင်သူများက ဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး လိုအပ်ချက်များနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေ လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတောင်သူများအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့အိတ်များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ရွက်ဖျန်းမြေဩဇာအိတ်များကိုလည်းကောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဆီထွက်သီးနှံ ဆီမုန်ညင်းစိုက်ကေ တိုးချဲ့နိုင်ရေး ရင်းနှီးမတည်ငွေကျပ် ၁၂ သိန်းနှင့် ဝက်မွေးမြူရေးလုပ်ငန်းအတွက် ရင်းနှီးမတည်ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မိုးကောင်းမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပ

မိုးကောင်း မတ် ၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော တောင်သူလယ်သမားနေ့ အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်း ကြိုးစားစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား ဟင်းသီးဟင်းရွက် သစ်သီးဝလံ၊ ပန်းမန်မျိုးစေ့နှင့် ရွက်ဖျန်းမြေဩဇာများ ချီးမြှင့်ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ် ၁၀ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

သန်းလွင်ဦး(ပြန်/ဆက်)






## ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့ပေမယ့် ရှုံးပွဲကြုံခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဦးဆောင်ခွင့် ရီးယဲလ်မက်ဒရစ် လွဲချော်

ရီးယဲလ်မက်ဒရစ်အသင်းဟာ မတ် ၁ ရက် ညပိုင်းက ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဦးဆောင်းဂိုး စတင်သွင်းယူနိုင်ခဲ့ပေမယ့် ရှုံးပွဲကြုံခဲ့ရတာကြောင့် အမှတ်ပေးဇယားဦးဆောင်နိုင်ခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

**အနိုင်ရရှိ**

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်မှာ ဘရာဟင်ဒီယက်ဇ်ရဲ့ သွင်းဂိုးနဲ့ အဝေးကွင်းမှာ ဦးဆောင်နိုင်ခဲ့ပေမယ့် အိမ်ရှင်ရီးယဲလ်ဘတ်တစ်အသင်းက ပွဲကစားချိန် ၃၄ မိနစ်မှာ ကာဒိုဆိုရဲ့သွင်းဂိုး၊ ၅၄ မိနစ်မှာ အစ္စကိုရဲ့ ပင်နယ်တီသွင်းဂိုးတို့ရရှိခဲ့လို့ ရီးယဲလ်ဘတ်တစ်အသင်း နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နည်းပြပယ်လီဂရီနီရဲ့ ရီးယဲလ်ဘတ်တစ်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယား အဆင့်(၆) နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းက မတ် ၁ ရက် ညပိုင်းက ဘီဘာအိုအသင်းနဲ့ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၅၆ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ယာယီဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။




## ၂၂ ပွဲဆက် ရှုံးပွဲမရှိစံချိန်နဲ့အတူ အမှတ်ပေးဇယားထိပ်မှာ ၁၆ မှတ်ဖြတ် ဦးဆောင်နိုင်ခဲ့ပြီဖြစ်တဲ့ ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းဟာ မတ် ၁ ရက်ညပိုင်းက လိုင်လီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပြင်သစ်ပထမတန်းဖလားပွဲစဉ်မှာ လိုင်လီအသင်းကို အနိုင်ရရှိခဲ့ပါတယ်။

**သွင်းယူ**

ပီအက်စ်ဂျီအသင်းက လိုင်လီအသင်းကို လေးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာဖြစ်ပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ခြောက်မိနစ်မှာ ဘာကိုလာက တစ်ဂိုး၊ ၂၂ မိနစ်မှာ မာကွင်ဟိုက တစ်ဂိုး၊ ၂၈ မိနစ်မှာ ဒမ်ဘီလီက တစ်ဂိုးနဲ့ ၃၇ မိနစ်မှာ ဒီဆီယာဒိုအူးက တစ်ဂိုး သွင်းယူပေးခဲ့ကာ လိုင်လီအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် မိနစ် ၈၀ မှာ ဂျိုနက်သန်ဒေးဗစ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပီအက်စ်ဂျီအသင်းဟာ အမှတ်ပေးဇယား ဒုတိယနေရာက မာဆေးလ်အသင်းကို ၁၆ မှတ်ဖြတ်ကာ ပြင်သစ်ပထမတန်းဖလား အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လိုင်လီအသင်းကတော့ ပီအက်စ်ဂျီအသင်းအိမ်ကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ရတာကြောင့် အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၁၀ စလုံး နိုင်ပွဲရရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့ပြီး မတ် ၅ ရက်မှာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ငွေကြယ်
ရေးသားသည်

## အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်ကွင်းလယ်လူ ကင်မစ်ကို ခေါ်ယူရန် ဆန္ဒရှိနေ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား ကင်မစ်ကို ခေါ်ယူရန် ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

**အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခွင့်ရရှိ**

ကင်မစ်ဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ နွေရာသီဈေးကွက်အတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပြီး ဂျာမနီပြင်ပ ကလပ်အသင်းတွေအနေနဲ့ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခွင့်ရရှိမှာ ဖြစ်ပါတယ်။

အသက် ၃၀ အရွယ် ကွင်းလယ်ကစားသမား ကင်မစ်ဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘောလုံးရာသီ ၁၀ ရာသီမှာ ပွဲစဉ်စုစုပေါင်း ၄၃၅ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၄၃ ဂိုး သွင်းယူပေးထားတာ ဖြစ်ပါတယ်။ ဂျာမနီအသင်းအတွက်တော့ ပွဲစဉ်စုစုပေါင်း ၉၇ ပွဲ ပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ခုနစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

သောမက်ပါတေးနဲ့ ဂျော်ဂျင်ဟိုတို့ဟာ နွေရာသီဈေးကွက်အတွင်း စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်တဲ့အတွက် အာဆင်နယ်အသင်းအနေနဲ့ လာမယ့်အပြောင်းအရွှေ့ကာလအတွင်းမှာ ကွင်းလယ်ကစားသမား



တစ်ဦးကို ခေါ်ယူရတော့မှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းက ခေါ်ယူဖို့ ပြင်ဆင်နေတဲ့ ကင်မစ်ကို လီဗာပူးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်းဟာ နယူးကာဆယ်အသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဆက်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၁၂၀ ဖြင့်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ကလည်း အဆိုပါကစားသမားကို ခေါ်ယူဖို့ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- မိုနာကိုအသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ ဆီနီဂေါကွင်းလယ်ကစားသမား ကာမာရာကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ စပါးအသင်း၊ လီဗာပူးအသင်း၊ မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းဟာ မန်ယူအသင်းမှ အသက် ၂၀ အရွယ်ရှိ တောင်ပံကစားသမား ဂါနာချိုကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်တယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ဆားဘီးယားတိုက်စစ်မှူး ဗီလာဟိုဗစ်ကို ခေါ်ယူနိုင်ရေး အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်းနဲ့ ဘရာဇီးအသင်းတို့ရဲ့ ကွင်းလယ်ကစားသမား ကက်စမဲရိုးကို အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းက ယခုနွေရာသီဈေးကွက်အတွင်း ခေါ်ယူနိုင်ရေး အဓိကပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။



## ဂရိတင်းနစ်ကစားသမား ဆစ်ဆီပက် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဖလား ဆွတ်ခူး

ဂရိပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဆစ်ဆီပက်နဲ့ ကနေဒါတင်းနစ်ကစားသမား အလီယက်ဆီမီတို့ မတ် ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဆစ်ဆီပက်က အနိုင်ရရှိခဲ့တာကြောင့် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ် ဆစ်ဆီပက်ဟာ အခုပွဲစဉ်မှာ ပြိုင်ဘက်ဖြစ်သူ အလီယက်ဆီမီကို ၆-၃၊ ၆-၃ နဲ့အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆစ်ဆီပက်ဟာ ဆီမီးဖိုင်နယ်အဆင့်မှာလည်း နယ်သာလန်တင်းနစ်ကစားသမား ဂရိတ်စပေါ်ကို ၆-၄၊ ၆-၄ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ဗိုလ်လုပွဲတက်လှမ်းလာခဲ့တာ ဖြစ်ပါတယ်။

ဆစ်ဆီပက်ဟာ အခုလို ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ဖလားကို မဆွတ်ခူးမီ နောက်ဆုံးဗိုလ်လုပွဲကို နှစ်ကြိမ်တက်လှမ်းခွင့်ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်က ဂျိုကိုဗစ်ကို တစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ်မှာ ရော်ဂျာဖက်ဒရားကို တစ်ကြိမ် ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




### ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများ

စာရေးသူ ဇင်(ရန်ကုန်တက္ကသိုလ်)၏ ရတနာထက်တန်ဖိုးရှိသည့်အရာ လူငယ်ဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် လူ၊ စုန်ဆန်မေတ္တာ၊ မိစုံဖစုံနေခွင့်၊ ကြားခွင့်၊ မေတ္တာနှောင်ကြိုး၊ ရတနာထက်တန်ဖိုးရှိသည့်အရာ၊ ထပ်တူညီသောဘဝပုစ္ဆာ၊ ဘဝကံကြမ္မာ၊ ချစ်ခြင်းဖြင့်သာ၊ လှပသောလက်ချောင်းလေးများ၊ မူးယစ်နွံ စသည့် ဝတ္ထုတို ၁၁ ပုဒ် ပါရှိသည်။

စာအုပ်ကို ဦးကျော်သန်း အမှတ်-တတ-၅၄/၂၅၊ ၅၂(စီ)လမ်း ၁၂၅ နှင့် ၁၂၆ လမ်းကြား၊ (စ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

### ကိုယ့်အနာဂတ်အတွက် ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ




အကြီးကိုကို(ကသာ)၏ ကိုယ့်အနာဂတ်အတွက် ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကျေးဇူးပြု၍ မတ်တတ်ရပ်ပေးပါ၊ ပြည့်တန်ဆာစိတ်ထား မထားကြစေလိုပါ၊ ပတ်ဝန်းကျင်မကောင်းလျှင် လေထုညစ်ညမ်းတတ်ပါ၏၊ စာဖတ်ရင် စိတ်တန်ခိုးတွေရနိုင်တယ်၊ အဆင့်အတန်း၊ စာရေးဆရာဟူသည်၊ သင်အောင်မြင်ချင်လျှင် ပြဿနာရှာပါ၊ အဖြူရောင်အဆိပ်၊ ကိုယ့်အနာဂတ်အတွက် ကိုယ်သာပဓာနဖြစ်သည်။ လောကဓံကို ဆန်တက်ပါ၊ သခင်ဖြစ်ချင်လျှင် ကျွန်အရင်လုပ်၊ ထဆင်ထူးရေး သေတ်ထင်၊ ကိုယ်ကြိုက်တာ ကိုယ်လုပ်ပါ၊ စာဖတ်ပြီး စာဖတ်ပါ၊ ဒေါသသမား အမှားတစ်သိန်း၊ (၄၀) ကျော် (၅၀)သမားများဖတ်ဖို့ လိုတာထက်ပိုပြီး ဂရုမစိုက်ပါနဲ့၊ စာတတ်သူတိုင်း စာဖတ်ပါ စသည့် ရသစာတမ်းနွှယ်သော ရသဖွဲ့ဆောင်းပါးဟန်(၁၈)ပုဒ်ပါရှိသည်။

တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် လူတစ်ဦးချင်း၏ အခြေခံစိတ်ဓာတ်ကစပြီး ပြုပြင်ရမည်ဖြစ်သည်။ အုပ်ချုပ်သူအစိုးရနှင့် ပြည်သူလူထု အပြန်အလှန် ဟန်ချက်ညီနေရန်လိုသည်။ အုပ်ချုပ်သူအစိုးရက ပြည်သူလူထုကို ယုံကြည်နေရန်လိုအပ်သလို ပြည်သူကလည်း အစိုးရအပေါ် ယုံကြည်ရမည်ဖြစ်သည်။ ထို့ကြောင့် အပြန်အလှန် ယုံကြည်မှုရှိစေရန် ရည်ရွယ်ရေးသားထားကြောင်း စာရေးသူကဆိုသည်။

ဤစာအုပ်တွင် လူတိုင်းလိုက်နာရမည့် လူ့ကျင့်ဝတ်များ၊ ကိုယ်ကျင့်တရားများ၊ ကိုယ်ချင်းစာတရားများ၊ လိုက်နာကျင့်ကြံရမည့် နီတိများပါဝင်သည်။ လူတစ်ဦးချင်းစီကစပြီး မုဒိတာတရားများ၊ ဖြဟ္မစိုရ်တရားများ မကင်းဝေးစေရန် ရည်ရွယ်ရေးသားထားသဖြင့် မဖြစ်မနေဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို အကြီးကိုကိုစာပေ ဖုန်း ၀၉-၂၄၀၁၆၃၀၉၊ ၀၉-၇၈၀၆၈၅၇၈၉ အမှတ် (၂၅၇) အေးစေတီရပ် မြစ်ကြီးနားမြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

### ထူးခြားစုံပေ ဖန်ခါးမြေ




ဒေါက်တာမြင့်ခိုင် (ဥဂ္ဂါညို) ဒီပဲယင်း ရေးသားသည့် (မကွေးတိုင်းဒေသကြီး) ထူးခြားစုံပေ ဖန်ခါးမြေစာအုပ် ထွက်ရှိလာသည်။

မကွေးတိုင်းဒေသကြီးကား မြန်မာဘုရင်အဆက်ဆက်၊ ခေတ်ကာလအမျိုးမျိုးတို့တွင် ယဉ်ကျေးမှု၏ပွဲကိုင်၊ ပိဋကတ် ပရိယတ်စာပေတို့အတွက် ပါဠိပါရဂူ၊ ဝိနယဝိဒူ အဆူဆူသော မဟာထေရ်အကျော်၊ ဆရာတော် အဓိပတိကြီးများ၊ ဗဟုသုတပြန့်ပွားဖွယ် သုတ၊ ရသ စာပေအစုံစုံတို့၌ ကျွမ်းကျင်လိမ္မာကြကုန်သော စာပေပညာရှင်၊ ကဗျာလင်္ကာအရာတွင် စံတင်ထားကြရသော ပါရမီရှင်အများအပြား ထွက်ပေါ်ရာနေရာဒေသဖြစ်သည်။

ထူးခြားစုံပေ ဖန်ခါးမြေသည် ပထဝီဝင်အနေအထားအရလည်းကောင်း၊ မြန်မာ့သမိုင်းဦးအစ ယဉ်ကျေးမှုအမွေအနှစ်တို့ကို သာဓကတင်ရာအဖြစ်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး စတင်ထွန်းကားရာဒေသအဖြစ်လည်းကောင်း၊ ပရိယတ္တိသာသနာတံခွန် ထေရ်သံဃာအရှင်မွန်တို့ထွက်ပေါ်ရာနှင့် မျက်မှောက်ကာလ သုတ၊ ရသ စာပေ ကဗျာအစ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရာ စာပေပါရဂူအဆူဆူတို့ ထွက်ပေါ်ရာအဖြစ်လည်းကောင်း မှတ်တမ်းပြုသင့်သည့် ထူးမြတ်သောနေရာတစ်ခုဖြစ်သည်။

လူ့လောကတွင် ရှေ့လူက နောက်လူကို အမွေပေးခြင်းနှစ်မျိုးရှိသည်။ ရှာဖွေခဲ့သော ပစ္စည်းဥစ္စာတို့ကို သားသမီးဆွေမျိုးများအားလည်းကောင်း၊ အသိပညာတို့ကို ကျမ်းပြုလျက် ပြည်သူနှင့် လူသားတစ်ရပ်လုံးအားလည်းကောင်း အမွေအဖြစ် ပေးထားခဲ့ကြသည်။ ထိုအမွေပေးသူနှစ်မျိုးတွင် ဒုတိယအမျိုးအစားသည် နိုင်ငံနှင့် လူသားတို့အတွက်ဖြစ်သောကြောင့် ဂုဏ်ယူစရာဖြစ်သလို ကျေးဇူးတရားကြီးမားသူဖြစ်သည်။ ဒေါက်တာမြင့်ခိုင်(ဥဂ္ဂါညို)သည် ဒုတိယအမျိုးအစားတွင် ပါဝင်သူဖြစ်ကြောင်း အမျိုးသားစာပေတစ်သက်တာစာပေဆုရှင် ဒေါက်တာ တိုးလှက ဆိုထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း ၀၉-၇၇၇၁၃၉၄၇၇၊ ၀၉-၇၆၀၄၆၈၁၃၈၊ အမှတ် (၂၁၉) လမ်း (၄၀)လယ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## လူငယ်များအတွက် အီး-စီးကရက်သုံးစွဲမှု တိုက်ဖျက်နေသည့် ထိုင်းနိုင်ငံ

**စိုးသူရ**

ထိုင်းနိုင်ငံသည် လူငယ်လူရွယ်များ အီး-စီးကရက်သောက်သုံးခြင်းကို တိုက်ဖျက်နိုင်ရန် အစီအစဉ်များဆောင်ရွက်မည်ဟုသိရသည်။



ကျောင်းများအနီးတွင် တရားမဝင် အီး-စီးကရက်ရောင်းချနေခြင်းများကို အရေးယူဆောင်ရွက်မည်ဟု ဝန်ကြီးချုပ် ပေတုန်တန်ရှင်နာဝပ်ထရာက ဖေဖော်ဝါရီ ၂၆ရက်တွင် ပြောကြားသည်။

အီး-စီးကရက်ရောင်းချနေခြင်းကို အရေးယူဆောင်ရွက်ရန် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ အီး-စီးကရက် တရားမဝင်ရောင်းချနေမှုမှန်သမျှကို သတင်းပေးအစီရင်ခံတင်ပြခြင်းဖြင့် အများပြည်သူကို ကူညီပေးရန် နိုင်ငံသားများအား ပေတုန်တန်က ပြောကြားသည်။

နိုင်ငံအတွင်း အီး-စီးကရက်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေခြင်းနှင့် လူငယ်များအပေါ် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ဆွေးနွေးခဲ့ပြီးနောက် ယခုညွှန်ကြားချက်ထုတ်ပြန်ခြင်းဖြစ်သည်။

ယမန်နှစ်က ကျောင်းများအနီးရှိ အီး-စီးကရက်ရောင်းချသည့်ဆိုင်များကို ရဲတပ်ဖွဲ့က စီးနင်းမှု အကြိမ် ၂၀၀၀ အထိ ပြုလုပ်ခဲ့ကာ ယခုနှစ်တွင် အများပြည်သူထံမှ အကြံပြုချက်များရယူ၍ လုပ်ငန်းများ ထပ်မံဆောင်ရွက်နေကြောင်း ထိုင်းတော်ဝင်ရဲတပ်ဖွဲ့မှ ရဲဗိုလ်ချုပ် ကစ်သရတ်က ပြောကြားခဲ့သည်။

ထိုင်းတော်ဝင်ရဲတပ်ဖွဲ့သည် တရားမဝင် အီး-စီးကရက်ရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် အခြားတာဝန်ရှိသူများအား ၎င်းတို့၏ဆောင်ရွက်ချက်များကို ရပ်တန့်ရန် သတိပေးခဲ့ပြီး အကယ်၍လိုက်နာခြင်းမပြုပါက အရပ်သားပြစ်မှုကျူးလွန်သူများထက် ပိုမိုပြင်းထန်သည့် ပြစ်ဒဏ်များနှင့် ရင်ဆိုင်ရမည်ဟုလည်း သတိပေးခဲ့သည်။

ထိုင်းနိုင်ငံ ဘူရီရမ်ဒေသရှိ ကျောင်းသားလူငယ်သုံးဦးသည် အီး - စီးကရက်ကို နှစ်နှစ်ကြာ အသုံးပြုပြီးနောက် အဆုတ်ရောဂါပြင်းထန်စွာ ခံစားရကာ ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသည်။

ထို့ပြင် အခြားကျောင်းသားတစ်ဦးကိုလည်း အီး-စီးကရက် သောက်သုံးမှုကြောင့် အော့အန်ခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် နှလုံးရောဂါများခံစားခဲ့ရသဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်။

အီး-စီးကရက်သောက်သုံးခြင်းကြောင့်ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများကိုလည်း အောက်ပါအတိုင်းတွေ့ရှိရသည်။

**အဆုတ်ပျက်စီးမှု-** အီး-စီးကရက်များတွင် ဓာတုပစ္စည်းများသည် အဆုတ်ပျက်စီးမှုကို ဖြစ်စေနိုင်သည်။

**အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ-** အီး-စီးကရက်သောက်ခြင်းသည် ပန်းနာရင်ကျပ်၊ လည်ချောင်းနာခြင်းနှင့် အဆုတ်ရောင်ရောဂါများကို ပြင်းထန်စေနိုင်သည်။

**နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်တိုးခြင်း-** အီး-စီးကရက်များတွင်ပါဝင်သည့် နီကိုတင်းဓာတ်သည် နှလုံးခုန်နှုန်းနှင့် သွေးဖိအားကို မြင့်တက်စေသည်။

ထို့ပြင် အီး-စီးကရက်များတွင်ပါဝင်သည့် နီကိုတင်းဓာတ်သည် သွေးကြောများကို ထိခိုက်စေနိုင်သည်။

အသက် ကိုးနှစ်မှ ၁၂နှစ်ကြား မူလတန်းကျောင်းသား ၄၃ ရာခိုင်နှုန်းသည် အီး-စီးကရက်ကို စမ်းသုံးဖူးပြီး မိန်းကလေးများအကြား သုံးစွဲမှု သိသိသာသာ မြင့်တက်လာနေရာ ယင်းအချက်အလက်သည် ထိုင်းလူငယ်များ၏ ကျန်းမာရေးနှင့် အနာဂတ်ကို ခြိမ်းခြောက်နေသည့် ဆိုးရွားသော ပြည်သူ့ကျန်းမာရေး အကျပ်အတည်းကို ညွှန်ပြနေကြောင်း ထိုင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မကြာသေးမီကဆောင်ရွက်သည့် နိုင်ငံလုံးဆိုင်ရာ စစ်တမ်းတစ်ခုတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား ဆယ်ကျော်သက်များအတွင်း အီး-စီးကရက် သုံးစွဲသူရာခိုင်နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိရှိနိုင်ကြောင်း ဆေးလိပ်သောက်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဒေါက်တာပရာကစ်ဗာသစ်ဆာတိုကစ်က ပြောကြားသည်။

သမားရိုးကျ စီးကရက်များနှင့် ဆင်တူသော အီး-စီးကရက်များတွင် နီကိုတင်းဓာတ်ပါဝင်ကြောင်း ဒေါက်တာ ပရာကစ်က သတိပေးခဲ့သည်။

“လေ့လာမှုများအရ အသက်အရွယ်ငယ်ရွယ်သည့် ဆယ်ကျော်သက်များသည် အီး-စီးကရက်သောက်သုံးမှုကြောင့် စိတ်ဓာတ်ကျမှုဒဏ်ကို ခံရနိုင်ခြေ ငါးဆပိုများပြီး အာရုံစူးစိုက်မှုနှင့်ပညာသင်ကြားမှုများတွင် အခက်အခဲများရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

လူငယ်များ၏ အနာဂတ်ကို ဟန့်တားနေသည့် အီး-စီးကရက်ရောင်းချမှုကို တိုက်ဖျက်ခြင်းဖြင့် လူငယ်များအား မြှင့်တင်နေသည့် ထိုင်းနိုင်ငံ၏ ဆောင်ရွက်ချက်ကို ရေးသားတင်ပြလိုက်ပါသည်။

ကိုးကား - Paetongtarn launches national crackdown on vapes

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များလျှောက်ထားနိုင်

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာနက သတ်မှတ်ထားသော အသားထုတ်လုပ်ရုံနှင့် မြို့နယ်များတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် ရွာသာကြီးအသားထုတ်လုပ်ခွင့်လိုင်စင်(ကျွဲ၊ နွား၊ သိုး-ဆိတ်၊ ဝက်)၊ ရွာမ(ဝက်)၊ လှိုင်သာယာမွေးမြူရေးဇုန် အသားထုတ်လုပ်ခွင့်လိုင်စင် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)၊ ရွှေပြည်သာ (ကျွဲ၊ နွား၊ သိုး-ဆိတ်)၊ မြို့နယ်တွင်း အသားထုတ်လုပ်ခွင့် လိုင်စင် ဒလမြို့နယ်(ကျွဲ၊ နွား၊ ဝက်)နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်(ကျွဲ၊ နွား)လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင် လျှောက်လွှာများကို (၃-၃-၂၀၂၅)ရက်နေ့မှစ၍ Online Website **(www.ycdc.gov.mm)**၌ လိုင်စင်စီ၏ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းအချက်အလက်များ ဖြည့်သွင်းကာ (၁၄-၃-၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး အသားထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်**
**ဒုတိယဌာနမှူး(ညွှန်ကြားရေးမှူး) - ၀၉-၅၁၂၅၃၀၃**
**လက်ထောက်ညွှန်ကြားရေးမှူး - ၀၉-၂၅၀၁၇၉၉၄၁**

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**တိရစ္ဆာန်ဆေးကုနှင့်ထုတ်လုပ်ရေးဌာန**

## ပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ နှင်းဆီ(၇)လမ်း၊ မြေကွက်အမှတ်(M-105) ဟုခေါ်တွင်သော (အလျား ၄၀ပေ x အနံ ၆၀ပေ)အကျယ်ရှိ စလစ်မြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးရဲဇင်အောင် [၁၂/မဂတ(နိုင်)၁၀၀၂၄၁] နှင့် ဒေါ်ဥမ္မာမျိုးထွန်း [၁၄/မမန(နိုင်)၁၈၈၄၇၃] တို့မှ (၂-၃-၂၀၂၅)ရက်နေ့တွင် ဦးကျော်ရွှေ [၁၂/ကတန(နိုင်)၀၇၃၆၅၇] ထံမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါခြံမြေကွက်နှင့်ပတ်သက်၍ ဦးရဲဇင်အောင်နှင့် ဒေါ်ဥမ္မာမျိုးထွန်းတို့မှသာ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်ကြပြီး မည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဦးကျော်ဇေယျ (LL.B)** | **ဒေါ်နော်ဆည်းဇာ(LL.B)** |
| **(စဥ်-၁၃၁၈၁/၁၇)** | **(စဥ်-၁၂၆၃၇/၁၇)** |
| **ဒေါ်မြင့်မြင့်သန်း (LL.M)** | **ဒေါ်ဝေမာနွယ် (LL.B)** |
| **(စဥ်-၁၃၂၄၀/၁၇)** | **(စဥ်-၁၄၇၁၁/၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃)၊ ကျိုက်ခေါက်ဘုရားလမ်းမကြီး၊ ပဲခူးစုရပ်ကွက်(လုံးတော်ကွက်)၊ သန်လျင်မြို့။ ဖုန်း - ၀၉-၅၁၇၃၇၅၈**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်-၅/၄၀(လှိုင်ရတနာအိမ်ရာ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲလင်းကို [၁၂/လမန(နိုင်)၁၄၁၀၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလင်းကို [၁၂/လမန(နိုင်)၁၄၁၀၃၈]နှင့် ဒေါ်ဖူးငုံချစ် [၁၂/မဂဒ (နိုင်) ၁၆၆၄၀၃] တို့သည် (၁၉-၂-၂၀၁၉) ရက်နေ့ကတည်းက တရားဝင်ထိမ်းမြားလက်ထပ်ခဲ့ကြပါသည်။ ယခုအခါ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိကြ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့သည့်အတွက် (၂၀-၂-၂၀၂၅) ရက်နေ့တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်" တစ်ရပ် ပြုလုပ်ချုပ်ဆိုပြီး နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလင်းကိုနှင့် ဒေါ်ဖူးငုံချစ်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်သွယ်ခြင်း အလျဉ်းမရှိတော့ပါသဖြင့် ဤ"အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း" အား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရဲလင်းကို[၁၂/လမန(နိုင်)၁၄၁၀၃၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ညွန့်ဟေမာသိန်း**
**LL.B, DL-101 (WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၁၉၀)**
**အမှတ်(၁၄)၊ (၆)လွှာ၊ အောင်မင်္ဂလာလမ်း၊**
**ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ PH: 09-267211563**

## ပျောက်ဆုံး

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက် ကျေးရွာနေ မောင်သူအောင်လွင် (ဘ) ဦးမောင်စန်း [၉/ဇယသ(နိုင်)၀၀၃၉၄၆] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉ ၇၉၇၈၂၈၂၁၃**

# တော
# တောင်
# ပျက်
# ပြုန်း
# မြေဆီ
# သုဉ်း၏

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄)၊ မင်းရဲအောင်နိုင်လမ်း၊ မြေကွက်အမှတ်(၄၇၆)ရှိ **ဦးတင်မောင်ဌေး** အမည်ပေါက် (၄၀ပေx၆၀ပေ)ဂရန်မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသည့် ခေါင်းရင်းခြမ်း၊ (အလျား၂၀ပေxအနံ၆၀ပေ) မြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ **ဒေါ်မိုးစံပယ် (ခ) ဒေါ်မြင့်မြင့် [၈/ပခက(နိုင်)၁၉၁၅၄၀]** က ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြသန်း(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ( စဥ်-၈၀၉၇)**
**အမှတ်(၆၅၇)၊ နွယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၉၂၄၀၃၉၇၊ ၀၉-၄၀၃၆၅၉၁၃၆**


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။




## ပျောက်ဆုံးကြောင်း

ဝင်းဌေး ကုမ္ပဏီပိုင်မော်တော်ယာဉ်၏ KOBELCO RECONDITIONED ROUGH TERRAIN CRANE (2006)RK 250-6 အမျိုးအစားကရိန်းယာဉ်၏ Custom Statement မူရင်း သွင်းကုန်ပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၄၀၈၂၅**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးညီညီလွင်[၁၁/အမန(နိုင်)၁၀၃၀၆၂]နှင့် ဒေါ်ချောကဗျာ[၈/နမန(နိုင်)၂၆၇၂၈၅]တို့သည် ၂၀၂၂ ခုနှစ်မှစ၍ တရားဝင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်ခြင်းမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့်(၂၇-၂-၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ချုပ်ဆို၍ ကွာရှင်းခဲ့ပြီး ပစ္စည်းခန်းလည်း ခွဲဝေပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီလွင်နှင့် ဒေါ်ချောကဗျာတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီလွင်[၁၁/အမန(နိုင်)၁၀၃၀၆၂]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၀၃၃)**
**အမှတ် - ၇၃၉၊ ဘုရင့်နောင်လမ်း၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း - ၀၉ ၄၂၁၇၁၇၂၅၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကျောင်းကံကျေးရွာ၊ ကွင်း/အကွက်အမှတ်(၆၆၄/A)၊ ရာမနီတောင်ကွင်း၊ ဦးပိုင်အမှတ်(၁၄၃/၂၀၃-ဇ)၊ ဧရိယာ(၀.၁၉)ဧက အကျယ်ရှိ ဒေါ်ညွန့်ရွှေ အမည်ပေါက်မြေကွက်အနက် မြေကွက်အမှတ်(၁၈)၊ ဧရိယာ(၀.၀၆)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ညွန့်ညွန့်ရွှေ (ခ) ဒေါ်ညွန့်ရွှေ (ဘ) ဦးအေးကြိုင် [၁၂/အစန(နိုင်)၀၅၃၈၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေမင်းကိုကိုမောင် (ဘ) ဦးတင်လင်းအောင်[၉/အမဇ(နိုင်)၀၂၄၅၁၉]က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇာနည် ( LL.B,D.B.L)** | **ဒေါ်ခင်သီတာမြင့်အောင် ( LL.B )** |
| **(စဥ် - ၁၄၆၆၈)** | **(စဥ် - ၅၂၀၆၄)** |
| **ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင် (LL.B)** | **အထက်တန်းရှေ့နေ** |
| **(စဥ်- ၁၈၇၂၆)** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊**
**သန်လျင်မြို့။ ဖုန်း - ၀၉-၇၉၇၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးလှမျိုး [နိုင်ငံသားအမှတ် -၁၂/ကမရ(နိုင်)၀၃၀၁၄၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း(၇)လမ်း၊ တိုက်အမှတ် (၂၅)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ ၃-လွှာ (3B) (ခြေရင်း)အိမ်အဝင် လက်ျာဘက်၊ ၁၂ ½ ပေx ၆၀ပေ ခန့်မှန်း အကျယ်အဝန်းရှိ လူနေတိုက်ခန်းနှင့် အဆိုပါလူနေတိုက်ခန်းနှင့်ပတ်သက်၊ သက်ဆိုင်သောလက်ရှိ တည်ဆဲတည်မြဲ ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်လက်ရှိဖြစ်ကြောင်း၊ အရှုပ်အရှင်းလုံးဝမရှိ ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ရှင်ဆိုသူ ဒေါ်ဦးလှတင် နိုင်ငံသားအမှတ် [၁၁/စတန(နိုင်)၀၃၃၅၃၀] မှ ရောင်းချရန် ကမ်းလှမ်းသဘောတူပြီး ဆန္ဒအရ အထက်အမည်ပါ ကျွန်ုပ်တို့၏မိတ်ဆွေက ဖော်ပြပါ လူနေတိုက်ခန်းကို အပြီးအပိုင် လွှဲပြောင်းလက်ရောက်ရယူ ဝယ်ယူရန်အတွက် ရောင်းရန်/ဝယ်ယူရန် ကာလတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ရောင်းမည့်သူ ဒေါ်ဦးလှတင်သို့ ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါ လူနေတိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဆိုပါလျှင် မည်သူမဆို စာချုပ်/စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင့် (H.G.P, LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၁၄၇/၁၉၈၇)**
**အမှတ် (၂၁၃)၊ မဟာဘောဂ(၁)လမ်း၊ (၃)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ အောင်ချမ်းသာ (၅)လမ်းနေ ဦးလှမျိုးထွဋ်[၁၂/သလန(နိုင်)၀၉၃၇၁၃]၊ ဒေါ်ယုဇာလီမော်[၁၂/သလန(နိုင်)၁၁၀၆၄၅]တို့၏ သားဖြစ်သူ မောင်ဉာဏ်လင်းထွန်းသည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်၍ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ရာသက်ပန် သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မောင်ဉာဏ်လင်းထွန်းနှင့်ပတ်သက်ဆက်နွှယ်သော လူမှုရေး အရှုပ်အရှင်းနှင့်အခြားမည်သည့် ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ကြောင်း မောင်ဉာဏ်လင်းထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အမိ-ဒေါ်ယုဇာလီမော်**
**[၁၂/သလန(နိုင်)၁၁၀၆၄၅]**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆/ကံဘဲ့၊ မြေကွက်အမှတ်-၃၀/စ-၂၊ မြေအမျိုးအစား မြေပိုင်မြေ လ/န ၃(ခ)၊ ဧရိယာ(၀.၁၀၉)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကင်းမြို့နယ်၊ ၁၂-ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်-၁၀၂/၁၀၃ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးလှထွန်း [၁၂/ရကန(နိုင်)၀၄၀၀၄၁] နှင့် ဒေါ်ခင်ခင်အေး [၁၂/ရကန(နိုင်)၀၃၉၉၉၆] တို့အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းတို့က ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိတို့မှ တရားဝင် အမည်ပေါက်နေထိုင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်- ၁၂၈ ဟုခေါ်တွင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁B၊ မြေကွက်အမှတ်- V ၃၂၃၊ ဧရိယာ (၀.၀၂၄)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ မြေပိုင်ဆိုင်မှုအကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁) ခန်းတည်း (၇) ထပ်တိုက်အဆောက်အဦမှ (၂၀ပေ x ၅၀ပေ) အကျယ်အဝန်းစီရှိ (မြေညီထပ် + ပထမထပ်) တိုက်ခန်း(၂)ခန်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်လှ (ခ) နူမာမက် [၁၂/ကတတ (နိုင်)၀၀၉၃၉၁] က မူလအမည်ပေါက် ဒေါ်အိုင်ရှာဘီ [၁၂/မဂတ(နိုင်)၀၆၆၂၄၇] အမည်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်လှ (ခ) နူမာမက် အမည်သို့ အမည်ပေါက်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမည်ပေါက်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်လှ (ခ) နူမာမက် [၁၂/ကတတ (နိုင်)၀၀၉၃၉၁]၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဇေယျဝတီတောင်ပိုင်း၊ မြို့မ(၁)ရပ်ကွက်နေ (ဘ) ဦးစီရီရမ်း၏သား ဦးမူနား [၇/ဖမန(နိုင်)၁၄၉၅၆၆]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အထက်ဖော်ပြပါ ဦးမူနားမှ (၂၈-၂-၂၀၂၅) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ ကွင်းအမှတ်- ၂၆၃(က)၊ ကွင်းအမည်- ပျဉ်ပုံအရှေ့၊ ဦးပိုင်အမှတ်- (က)(၈၉/၃၁)၊ မြေလုပ်ကိုင်သူ အမည် - ဦးခင်လတ်၊ မြေအမျိုးအစား- U2 မြေကွက်၊ အရှေ့ဘက်- ဦးစိုးသိန်း၊ အနောက်ဘက်- ပဲခူးလမ်း၊ တောင်ဘက်- ဦးသန်းဌေး၊ မြောက်ဘက်- သကြားစက်လမ်း အလားလေးရပ် အတွင်းရှိ မျက်နှာဝအကျယ်-၃၄ ပေ၊ အရှေ့အနောက်အရှည်- ၂၃.၄ ပေရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄x၄)ပင်၊ သွပ်မိုး၊ အုတ်ခင်း၊ အုတ်ကာ၊ နှစ်ထပ်နေအိမ် အဆောက်အဦ (၁)လုံး၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူများဖြစ်သော ဒေါ်ဟာလီမာ ပါ(၁၂)ဦးထံမှ ဝယ်ယူခဲ့ရာ (၂၈-၂-၂၀၂၅)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့် ခြံမြေကွက်နှင့် အိမ်၏ရောင်းကြေးကျန်ငွေအား (၅-၅-၂၀၂၅)ရက်နေ့တွင် အပြီးပေးချေရန် နှစ်ဦးနှစ်ဖက်သတ်မှတ်ထားရှိရာ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် ခြံမြေအိမ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများ ကိုင်ဆောင်၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမူနား၏လွှဲအပ်ချက်အရ**
**ဒေါ်အိစိုးမောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၈၆၆၅)**
**ပဲခူးလမ်းတောင်ပိုင်း၊ ဖြူးမြို့။ Ph:09-43168494**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၂)လမ်း၊ အမှတ်(၉၇၉)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၄)ခန်းတွဲ (၆)ထပ် ကွန်ဒိုတိုက်၏ အခန်းအမှတ်(၆-C)အခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို ဦးစိုင်းစည်သူမောင်[၉/ပကခ(နိုင်)၀၁၆၉၂၁]နှင့် ဒေါ်ဖြူပြာအောင်[၁၃/တကန(ဧည့်)၀၀၁၈၇၄]တို့မှ အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်ပိုင်ဆိုင်ပါကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒို တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သက် (LL.B)** | **ဒေါ်ဆွေဇင်မိုး(LL.B)** |
| **(စဥ်-၉၂၇၈/၂၀၁၃)** | **(စဥ်-၉၃၀၀/၂၀၁၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၉/၁၁)၊ ပထပ်၊ အခန်းအမှတ်(၁၀၃-H) (၃၆)လမ်းတို**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**09-420051043, 09-252489079**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကျပ်တစ်သိန်းနှင့် အထက်လှူဒါန်းခဲ့ကြသော အလှူရှင်များစာရင်း

### ကမ္ဘောဒီးယားနိုင်ငံပေါင်းစုံမှထေရဝါဒရဟန်းသံဃာတော်၊သီလရှင်များအား တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ဆွမ်းဆက်ကပ် လှူဒါန်းနိုင်ခဲ့ကြသည့် မဟာကုသိုလ်တော်အလှူရှင်များ

**အထူးကုသိုလ်ပြုအလှူရှင်**

၁။ ၄-၁-၂၀၂၅ ကွယ်လွန်သူမိဘနှစ်ပါးနှင့်အစ်ကိုကြီးအား ရည်စူး၍ဒေါ်ခင်မြတ်သူ (ညွှန်ကြားရေးမှူး-ငြိမ်း)ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်မောင်နှမ တူ၊ တူမများ မိသားစုမှ ဆွမ်းစားဆောင် အနောက်ဘက်အမိုး နတ်လမ်းဆောက်လုပ်လှူဒါန်းခြင်း ၁၁၂,၀၀၀၀၀/-

၂။ ၂၅-၂-၂၀၂၅ ဦးမြင့်ဇော်သန်း(ဌာနမှူး)(ဒုတိယညွှန်ကြားရေးမှူးချုပ်)[အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ]+ဒေါ်မြတ်ပန်းဝေ၊ မောင်သွင်ဟန်ရှင်း၊ မောင်ဘုန်းမြတ်ဇော်၊ မောင်မြင့်မြတ်ဇင်မိသားစုမှ မြို့ပြဟောဝန် ရေတွန်းစက်မှတက္ကသိုလ်သို့ ရေစနစ်ကောင်းမွန်ရန်ရေပိုက်လိုင်းများတပ်ဆင်လှူဒါန်းခြင်း ၇၂,၀၀၀၀၀/-

**တစ်နေ့တာဆွမ်းအလှူရှင်များ**

၁။ ၁-၁-၂၀၂၅ ကွယ်လွန်သူဖခင်ကြီးဒေါက်တာမျိုးလွင်နှင့်သားသမက်ဦးကျော်စည်သူမြင့်တို့အားရည်စူး၍ မိခင်ကြီး ဒေါ်မူမူလှတင်နှင့်သား၊ သမီး၊ မြေးတစ်စု၏နှစ်သစ်ဦးအလှူ

၂။ ၂-၂-၂၀၂၅ ၁၉၇၅-၈၁ ရန်ကုန်စက်မှုတက္ကသိုလ်အင်ဂျင်နီယာနှင့်ဗိသုကာကျောင်းသား/သူများ၏ ကျောင်းစဖွင့်ရက် မွေးနေ့အထိမ်းအမှတ်အလှူ

၃။ ၄-၂-၂၀၂၅ ဒေါ်ခင်မြတ်သူ(ညွှန်ကြားရေးမှူး(ငြိမ်း))(ပြည်ထောင်စုရှေ့နေချုပ်ရုံး)၆၈နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အလှူ

**နေ့ဆွမ်းအလှူရှင်များ**

၁။ ၂-၁-၂၀၂၅ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တာဝန်ခံအရာရှိနှင့်ဝန်ထမ်းများ၏နှစ်ဦးအလှူ

၂။ ၃-၁-၂၀၂၅ နှစ်ဖက်သောအဘိုး၊ အဘွားများနှင့်ကျေးဇူးရှင်ဖခင်ကြီးဦးမောင်မောင်သန်း၊ မိခင်ကြီး ဒေါ်အေးမြင့် တို့အား ရည်စူး၍ ဒေါက်တာဒေါ်တင်နွယ်ဦး မိသားစုအလှူ

၃။ ၄-၁-၂၀၂၅ မောင်အေးချမ်းမင်း+မအိမ့်မြင့်မြတ်မိုး တို့၏မင်္ဂလာဦးအလှူ

၄။ ၅-၁-၂၀၂၅ ဖေဖေသုဓမ္မမဏိဇောတဓရမဟာသာသနဟိတကာရီဦးကျော်စွာ(ခ)ဦးဝင်းကျော်စွာ၊ မေမေ ဒေါက်တာ ဆန်းသွယ်ဦး(ကထိက၊ ရန်ကင်းပညာရေးကောလိပ်)၊ သားဦးရတနာ မောင်ရဲရင့် ဘုန်းမြတ် @ William ၏ ရက် ၁၀၀ ပြည့်မွေးနေ့အလှူ

၅။ ၆-၁-၂၀၂၅ ''Acariyapuja and Reunion of the Students' Batch 2005-2006''

၆။ ၁၁-၁-၂၀၂၅ မောင်သူရညီမင်း+မထက်ထက်ပိုးဥ တို့၏မင်္ဂလာဦးအလှူ

၇။ ၁၂-၁-၂၀၂၅ မောင်အာကာမိုး+မခင်မြတ်သော်တာအေးတို့၏(၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ် အလှူ

၈။ ၁၄-၁-၂၀၂၅ NguyenThuy Loan and her daughter, Nguyen Thien vi Jennifer Key West, Florida, U.S.A

၉။ ၁၆-၁-၂၀၂၅ TAM DAO Groupo (Vietnam)

၁၀။ ၁၉-၁-၂၀၂၅ ကွယ်လွန်သူဖခင်ကြီး ဦးကြည်မောင်အားရည်စူး၍မိခင်ကြီးဒေါ်စိန်လှကြည်အားအမှူးထား၍ ဒေါ်ကျော့ကေခိုင်နှင့်ဆွေမျိုးများအလှူ

၁၁။ ၂၉-၁-၂၀၂၅ Sasanapuja Group (Happy Vietnamese New Year)

၁၂။ ၃၀-၁-၂၀၂၅ The Families of Giang Trung,Nguyen Thi Minh Hong,Mai Thi Tuyet Nhung and Mac Thi Anh Thu (Happy Vietnamese New Year)

၁၃။ ၃၁-၁-၂၀၂၅ The Families of Giang Trung,Nguyen Thi Minh Hong, Mai Thi Tuyet Nhung and Mac Thi Anh Thu (Happy Vietnamese New Year)

၁၄။ ၃-၂-၂၀၂၅ Dong Van Tai From Ho Chi Minh City

၁၅။ ၁၀-၂-၂၀၂၅ မောင်စစ်နိုင်ထွန်း + မမေမြတ်ကျော် တို့၏မင်္ဂလာဦးအလှူ

၁၆။ ၁၁-၂-၂၀၂၅ Thuong Nguyen and his wife Thuy Loan From California,along with Their two daughers Thien Kim From Arizona and Thien Vi Jennifer From Florida, USA

၁၇။ ၁၄-၂-၂၀၂၅ The Sudayaka Group (Nhom Thien Ho)(Vietnam)

၁၈။ ၁၆-၂-၂၀၂၅ ကွယ်လွန်သူဦးအောင်နိုင် အားရည်စူး၍ကျန်ရစ်သူမိသားစုအလှူ

၁၉။ ၁၉-၂-၂၀၂၅ ကွယ်လွန်သူဖခင်ကြီးဦးကြည်မောင် အားရည်စူး၍မိခင်ကြီးဒေါ်စိန်လှကြည်အားအမှူးထား၍ ဒေါ်ကျော့ကေခိုင် နှင့်ဆွေမျိုးများအလှူ

၂၀။ ၂၁-၂-၂၀၂၅ ဓမ္မဒူတဆရာတော်အရှင်ဆေကိန္ဒအားအမှူးထား၍ စေတနာရှင်မိသားစုအလှူ

၂၁။ ၂၂-၂-၂၀၂၅ ဒေါက်တာအိမ့်မို့အောင်(၃၈)နှစ်ပြည့်မွေးနေ့အလှူ

**အရုဏ်ဆွမ်းအလှူရှင်**

၁။ ၅-၂-၂၀၂၅ ပါမောက္ခဒေါက်တာအရှင်စန္ဒမုခ မွေးနေ့အထိမ်းအမှတ်အလှူ

**ဆွမ်းပဒေသာပင်ရန်ပုံငွေစိုက်ထူသည့်အလှူရှင်များ**

၁။ ၃-၁-၂၀၂၅ ဖခင်ကြီးဒေါက်တာဦးသိန်းအောင်(နှစ်၂၀ ပြည့်)+ မိခင်ကြီးဒေါ်မြကြည် (၁၂ နှစ်ပြည့်)၊ ခင်ပွန်း ဒေါက်တာဦးမျိုးမြင့်(ပါ/ချုပ်(ငြိမ်း)(ဆေး-၁) (၁၁ နှစ်ပြည့်)အား ရည်စူး၍ ပါမောက္ခ ဒေါက်တာဒေါ်တင်တင်အောင် မိသားစုအလှူ ၁,၀၀၀၀၀ိ/-

၂။ ၇-၁-၂၀၂၅ ဒေါ်စောရီ အသက်(၉၃)နှစ်ပြည့်မွေးနေ့အလှူ ၃၀,၀၀၀၀ိ/-

၃။ ၁၀-၁-၂၀၂၅ ကိုကျော်မင်းထွန်း မိသားစုအလှူ ၁,၀၀၀၀ိ/-

၄။ ၁၅-၁-၂၀၂၅ ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစုအလှူ ၂,၀၀၀၀ိ/-

၅။ ၁၄-၂-၂၀၂၅ ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစုအလှူ ၂,၀၀၀၀ိ/-

**ဆွမ်းကွမ်းဝေယျာဝစ္စရန်ပုံငွေစိုက်ထူသည့်အလှူရှင်**

၁။ ၄-၁-၂၀၂၅ မောင်အေးချမ်းမင်း+မအိမ့်မြင့်မြတ်မိုး တို့၏မင်္ဂလာဦးအလှူ ၂၅,၀၀၀၀ိ/-

**ဆေးပဒေသာပင်ရန်ပုံငွေစိုက်ထူသည့်အလှူရှင်များ**

၁။ ၂-၁-၂၀၂၅ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများ၏နှစ်ဦးအလှူ ၅,၀၀၀၀ိ/-

၂။ ၃-၁-၂၀၂၅ အဘိုးအဘွား၊ အမိအဖ၊ အစ်မများအား အမှူးထား၍ ဒေါ်ခင်ခင်နွဲ့ မိသားစုအလှူ ၁,၀၀၀၀ိ/-

၃။ ၁၀-၁-၂၀၂၅ ကိုကျော်မင်းထွန်း မိသားစုအလှူ ၁,၀၀၀၀ိ/-

၄။ ၁၅-၁-၂၀၂၅ ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစုအလှူ ၂,၀၀၀၀ိ/-

၅။ ၉-၂-၂၀၂၅ ကွယ်လွန်သူ မိဖများအား ရည်စူး၍ ဦးခင်ဇော်+ဒေါ်ဝင်း မိသားစုအလှူ ၂,၀၀၀၀ိ/-

၆။ ၁၄-၂-၂၀၂၅ ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစုအလှူ ၂,၀၀၀၀ိ/-

**ပညာရေးပဒေသာပင်ရန်ပုံငွေစိုက်ထူသည့်အလှူရှင်များ**

၁။ ၄-၁-၂၀၂၅ မောင်အေးချမ်းမင်း+မအိမ့်မြင့်မြတ်မိုး မင်္ဂလာဦးအလှူ ၂၅,၀၀၀၀ိ/-

၂။ ၈-၁-၂၀၂၅ ဒေါက်တာလှမြင့်+ဒေါ်ငွေးငွေး မိသားစုအလှူ ၂,၀၀၀၀ိ/-

၃။ ၁၀-၁-၂၀၂၅ ကိုကျော်မင်းထွန်း မိသားစုအလှူ ၁,၀၀၀၀ိ/-

၄။ ၁၁.၁.၂၀၂၅ ကိုသူရညီမင်း+မထက်ထက်ပိုးဥ တို့၏မင်္ဂလာဦးအလှူ ၁၀,၀၀၀၀ိ/-

၅။ ၁၅.၁.၂၀၂၅ ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစုအလှူ ၁,၀၀၀၀ိ/-

၆။ ၇-၂-၂၀၂၅ Nguyen Van Tho (Hai Phong ,Vietnam) ၂,၀၀၀၀ိ/-

၇။ ၇-၂-၂၀၂၅ Nguyen Thi Kim Dung (Hai Phong, Vietnam) ၂,၀၀၀၀ိ/-

၈။ ၁၄-၂-၂၀၂၅ ဦးဖေသက်+ဒေါ်ငွေးငွေး မိသားစုအလှူ ၁,၀၀၀၀ိ/-

**အထွေထွေငွေပဒေသာပင်ရန်ပုံငွေစိုက်ထူသည့်အလှူရှင်များ**

၁။ ၁၃-၁-၂၀၂၅ ပိုက်ကျော်ခြင်းအားကစားသမားများ၏စုပေါင်းအလှူ ၅၆,၃၀၄၀ိ/-

၂။ ၂၇-၁-၂၀၂၅ ITBMU 25th Silver Jubilee Acariyapuja Event Book Team ၇,၀၀၀၀ိ/-

၃။ ၇-၂-၂၀၂၅ His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipati Dr.Bour Kry Great Supreme Patriarch of Dhammayuttikanikaya of Cambodia ၁၀,၀၀၀၀ိ/-

၄။ ၁၀-၂-၂၀၂၅ မောင်စစ်နိုင်ထွန်း + မမေမြတ်ကျော် တို့၏မင်္ဂလာဦးအလှူ ၂၀,၀၀၀၀ိ/-

၅။ ၂၇-၂-၂၀၂၅ ကွယ်လွန်ပြီးအမိ၊အဖဆွေမျိုးများကိုရည်စူး၍ ဒေါ်တင်တင်လှမိသားစုအလှူ ၅,၀၀၀၀ိ/-

**ထာဝရဆွမ်းပဒေသာပင်ရန်ပုံငွေစိုက်ထူသည့်အလှူရှင်များ**

၁။ ၃-၁-၂၀၂၅ နှစ်ဖက်သောအဖိုးအဖွားများနှင့်ကျေးဇူးရှင်ဖခင်ကြီး ဦးမောင်မောင်သန်း (ကွယ်လွန်)၊ မိခင်ကြီးဒေါ်အေးမြင့်(ကွယ်လွန်)တို့အား ရည်စူး၍ ဒေါက်တာဒေါ်တင်နွယ်ဦး မိသားစုအလှူ ၁၀၀,၀၀၀၀ိ/-

၂။ ၁၂-၁-၂၀၂၅ ကွယ်လွန်သူဖခင်ကြီးဦးချက်ကြီး၊မိခင်ကြီးဒေါ်ခင်သန်း သား-ဗိုလ်မှူးချမ်းသာ အားရည်စူး၍ ဦးခင်မောင်ညို+ဒေါ်မြင့်မြင့်သန်း၊သားငယ်-ကိုတေဇာအောင် မိသားစုအလှူ ၁,၀၀၀၀ိ/-

၃။ ၁၂-၁-၂၀၂၅ မောင်အာကာမိုး+မခင်မြတ်သော်တာအေး တို့၏(၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အလှူ ၅,၀၀၀၀ိ/-

၄။ ၂၀-၂-၂၀၂၅ ကျေးဇူးရှင်ဖခင်ကြီးဦးဇော်ဝင်း ကွယ်လွန်ခြင်း(၃၄)နှစ်ပြည့် အထိမ်းအမှတ် ဦးဇော်ဝင်း+ဒေါ်ကြည်ကြည်အေး သား၊ သမီး၊ မြေး၊ မြစ် မိသားစုအလှူ ၁,၀၀၀၀ိ/-

**ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)ရန်ပုံငွေစိုက်ထူသည့်အလှူရှင်**

၁။ ၁၉-၂-၂၀၂၅ ဦးခင်မောင်မောင်ကြီး မိသားစုအလှူ ၁,၂၀၀၀ိ/-

**ဆက်သွယ်လှူဒါန်းရန်- ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး**
**[ဌာနမှူး(စီမံ/ဘဏ္ဍာ)] – 09400040334**
**ဒေါ်လှမိုးစီ(ဌာနစုမှူး) – 09421014176**
**ITBMU KBZ Pay – 095083767**
**AYA Pay,OK Pay,WAVE Pay များနှင့်လည်း လက်ခံသွားမည်ဖြစ်ပါသည်။**

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ


## "အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၀/၃၃-ရပ်ကွက်၊ ဘီးလင်းလမ်း၊ အမှတ်-၉၆၁(ခ) လိပ်စာပါ (ပေ ၂၀ xပေ ၆၀) ရှိမြေနှင့် ယင်းပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား၊ လက်ရှိထားပိုင်ဆိုင်လျက်ရှိသည့် မှတ်ပုံတင်အမှတ်[၁၂/ အစန(နိုင်) ၁၉၆၇၃၂]ကိုင်ဆောင်သူ ဒေါ်ထက်ထက်အောင်ထံမှ မှတ်ပုံတင်အမှတ် [၈/ပမန(နိုင်)၀၉၅၈၄၁]ကိုင်ဆောင်သူ ဦးမင်းမင်းထွန်းနှင့် မှတ်ပုံတင် အမှတ် [၁၁/မအန(နိုင်)၀၄၁၃၃၃]ကိုင်ဆောင်သူ ဒေါ်နွယ်နွယ်စောတို့မှ ဝယ်ယူရန်သဘောတူပြီးဖြစ်၍ စရန်ငွေ တစ်စိတ်တစ်ပိုင်းပေးချေထားပြီး ဖြစ်ပါသည်။အထက်ဖော်ပြပါအိမ်၊ မြေအရောင်းအဝယ်နှင့် ပတ်သက် ပြီးကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စအားအပြီး သတ်ဆောင်ရွက်သွားတော့ မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ –**
**ဦးဇော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၂၀)**
**အမှတ်-၃၃၃(က)၊ ကျောက်စိမ်းလမ်း၊ (၅/၈)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၅၀၈၈၆၃၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁)၊ မြေကွက်အမှတ်(၁၀)၊ ဧရိယာအကျယ်အဝန်း (အလျား၄၀ပေx အနံ၆၀ပေ)၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေကျယ်ဝန်းသော နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၀)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးနှင့်တကွ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံး၏တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းထွေး (ဘ) ဦးညွန့်ဦး [၁/ဗမန(နိုင်)၀၄၄၅၁၃]ထံမှ လွှဲပြောင်းဝယ်ယူ ၍လက်ဝယ်ထား ရှိပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးခိုင် (ဘ)ဦးစိန်ဝင်း [၁၂/ဗဟန(နိုင်) ၀၇၇၂၃၆]ထံမှ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း များနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈/ပဲမိုကုန်း၊ မြေကွက်အမှတ်-၅၀/ခ-၆B(BDSပါ) သီရိမင်္ဂလာဗီလာ၊ မင်္ဂလာလမ်းသွယ်၊ အကျယ်အဝန်း(၀.၀၄)ဧကအကျယ်ရှိ Bမြေပိုင်(လ/န-၃၉) မြေကွက်နှင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈/ပဲမိုကုန်း၊ မြေကွက်အမှတ်-၅၀/ခ-၆C၊ သီရိမင်္ဂလာဗီလာ၊ မင်္ဂလာလမ်းသွယ်၊ အကျယ်အဝန်း(၀.၀၃၁)ဧက အကျယ်ရှိ Bမြေပိုင်(လ/န-၃၉)မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအောင်မြင့်(၆/ကသန(နိုင်)၀၀၄၀၀၃)၊ ဒေါ်ချိုချိုလွင် (၆/ကသန(နိုင်)၀၀၄၀၀၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဒေါ်မေမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေး |
| LL.B,D.B.L | LL.B,LL.M |
| (စဉ်-၁၁၃၁၁) | (စဉ်-၃၆၉၁၇) |

ရုံးချုပ် အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ 01 - 2304311, 09-5173690, 09-450450904, 09-420203960
ရုံးခွဲ အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ 09-450450908, 09-5060940, 09-450450977, 09-450450907


သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (၃၂)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ (၃၂) ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၀)ရက်၊ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | – | နံနက် (၁၀:၀၀) နာရီ |
| ကျင်းပမည့်နေရာ | – | တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ ရန်ကုန်မြို့။ |

၂။ အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြု ခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်လိုပါက စာဖြင့် ရေးသား၍ ၁၈–၃–၂၀၂၅ ရက်၊ (အင်္ဂါနေ့)၊ (၁၆:၃၀)နာရီ နောက်ဆုံးထားပြီး အထက်ပါ လိပ်စာသို့ပေးပို့ကြပါရန်နှင့် အစည်းအဝေးတွင် နှုတ်ဖြင့်မေးမြန်းခြင်း၊ အကြံပြု ဆွေးနွေးတင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကြိုတင်အသိပေး အပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်း ရောက်ရှိလာသည့် မေးမြန်းချက်များကို သီးခြားစာဖြင့် ပြန်ကြားပါမည်။

၃။ အစည်းအဝေးသို့ တက်ရောက်လာသည့်အခါ မိမိ၏ အစုရှယ်ယာလက်မှတ်မူရင်းကို တစ်ပါတည်း ယူဆောင်လာကြရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

၄။ အစုရှယ်ယာရှင်ကိုယ်တိုင် မတက်ရောက်နိုင်ပါက အခြားအစုရှယ်ယာရှင်တစ်ဦးဦးကို ကိုယ်စားလှယ်အဖြစ် ခန့်ထား တက်ရောက်စေနိုင်ပါသည်။

၅။ အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ နှစ်ပတ်လည် အစည်းအဝေးသို့တင်သွင်းမည့် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဆက်လက်ပေးပို့ပါမည်။

**ဒါရိုက်တာအဖွဲ့**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မင်းလှမင်းခေါင်လမ်း၊ မြေကွက်အမှတ်(၁၃၈၅)၊ အကျယ်(၄၀ x ၆၀)ပေရှိ ဦးမောင်မောင်ဌေး(CE–၀၈၅၃၅၅)အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်(၂၀ x ၆၀) ပေရှိ ခေါင်းရင်းခြမ်းမြေကွက်[မြေကွက်အမှတ်(၁၃၈၄)နှင့်ကပ်လျက်ရှိသောမြေကွက်]နှင့် ယင်းမြေကွက်ပေါ်ရှိ ရေတွင်းအပါအဝင် ဆက်နွယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိဖြစ်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟုဝန်ခံ ကတိပြုသူ ဒေါ်ရွှေဇင်[၁၂/ဒဂတ(နိုင်)၀၉၀၂၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အထက်ပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းအိဇာ LL.B., D. B. L.**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ ရောဝဏ်လမ်းမကြီး၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၈၉၃၅၁၄၅၆၄**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် ဆေးဆိုင်ခန်းတွဲ(၂)ဆိုင်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၂၀၂၅–၂၀၂၆)ခု ဘဏ္ဍာရေးနှစ်မှ (၂၀၂၇–၂၀၂၈)ခု ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်သက်တမ်းဖြင့် (၁)နှစ်ချင်းစာချုပ်ချုပ်ဆို ငှားရမ်းလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို(၂၁–၂–၂၀၂၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာန၊ စီမံရေးရာဌာနခွဲတွင် ဝယ်ယူနိုင်ပြီး ယခင်ကြော်ငြာခဲ့သော တင်ဒါပိတ်ရက် (၂၈–၂–၂၀၂၅)ရက်နေ့အစား (၇–၃–၂၀၂၅)ရက်နေ့၊ ညနေ(၁၆:၀၀)နာရီအချိန် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇–၅၅၀၁၅၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၆)ရပ်ကွက်၊ ရွှေလင်ဗန်း၊ ရွှေမြင့်မိုရ်ပတ်လမ်း၊ မြေကွက်အမှတ် (၁၀၁၆/ခ) (ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀x၆၀)ပေ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော ဦးဇော်မင်းထိုက် [၁၂/လသယ(နိုင်)၀၄၁၃၈၇] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်းသူ [၁၂/အစန(နိုင်)၁၉၂၈၅၅] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မြတ်ဝေ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၄၀၈)**
**အမှတ်(၇၇၅/က)၊ အောင်ဆန်းသူရိယလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း–၀၉–၄၂၀၅၈၅၀၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘိုကန်ညွန့်ရပ်ကွက်၊ ဇမ္ဗူမဏ္ဍိုလ်လမ်း၊ တိုက်အမှတ်(၁၁)၊ (၁)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီမှန်ခန်းအပါ (၄)လွှာ၊ ဒုတိယထပ်၊ အကျယ်အဝန်း (၂၁x၅၀)ပေရှိ ရေ၊ မီးစုံ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်တာထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာဌေး [၁၃/ကတန(နိုင်) ၁၁၆၃၂၄ ]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျင်းငိုက်လွန်း [ ၈/သရန(နိုင်)၀၂၅၆၁၁]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ (၈)လမ်း၊ တိုက်အမှတ် (၉၆၂)၊ ဒုတိယထပ် (၁၉ ပေ x ၅၄ ပေ) အကျယ်ရှိ တိုက်ခန်း (ခြေရင်းခန်း)နှင့် ကိုယ်ပိုင်(ရေ+မီး)အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးပြည့်ဖြိုးထွန်း [၁၂/ပဇတ(နိုင်)၀၂၉၇၆၃] က တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းချရန်ကမ်းလှမ်းသည့်တန်ဖိုးငွေဖြင့် ဝယ်ယူရန်အတွက် ရောင်းချသူသို့ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း ရောင်းချ/ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း**
**အထက်တန်းရှေ့နေ (စဉ်–၄၁၂၃၈)**
**တိုက်(၈၃)၊ ဒုတိယထပ်၊ အခန်း ၁၄–ဒီ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၄၇၇၄၂၇၁၅၊ ၀၉–၇၇၀၄၈၄၂၉၂**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ် (၉၆)၊ အခန်း–မြေညီ/အေ–၁၊ (မျက်နှာမူလျှင် ဝဲဘက်အစွန်းဆုံးအခန်း)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၅x၅၀)ပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးတင်လှ [၁၂/လမန (နိုင်) ၁၈၄၂၃၇]**က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ **ဦးခင်မနက် [၁၃/ရစန(နိုင်) ၀၆၉၉၀၅]**မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဉ်–၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၄၃၅၈၃၊ ၀၉–၇၉၅၉၁၉၈၄၅**

**မိဘမေတ္တာ**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့သစ်များ ဈေးကောင်းပေးဝယ်လိုပါသည်။
09 - 407080736

**သာလွန်ကျော်**
အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
Ph:09-420780797
09-261119599

## “သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၅)နေ ဖခင် ဦးသောင်းကြိုင် [၁၂/သဃက(နိုင်)၁၁၅၅၇၈] နှင့် မိခင် ဒေါ်ရင်ကြည် [၁၂/သဃက(နိုင်)၁၁၅၅၇၉] တို့၏ သားဖြစ်သူ ကိုစည်သူကျော်(ခ) ကိုဇော်ဝင်း [၁၂/သဃက(နိုင်)၁၅၅၄၂၅] သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲစေသော အပြုအမူများအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးသောင်းကြိုင်နှင့် ဒေါ်ရင်ကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မြင့်ဆွေ**
**LL.B, M.A (Business Law), D.B.L, D.M.L, D.I.L, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၅၉၇၆)**
**အမှတ်(၁၄)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၇၉၅၅၄**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ရန် ကုန် တိုင်း ဒေ သ ကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ (၃)ရပ်ကွက်၊ ဗန္ဓုလလမ်းနေ (ဘ) ဦးညွန့်မောင်၏သမီး ဒေါ်လွင်မာ [၉/မခန(နိုင်)၀၂၃၄၉၀] ၏ နိုင်ငံကူးလက်မှတ် အမှတ် (MA–992782) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၉၀၉၃၉၀၃၀**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဖေယျာသီရိလမ်း၊ တိုက်အမှတ်(၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦမှ (၄–လွှာ/B) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇင်မေသူထွန်း [၁၂/ကမတ(နိုင်)၀၆၄၀၄၇]ထံမှ ဒေါ်ဖူးပြည့်စုံဝင်း [၁၂/တကန(နိုင်)၁၇၈၄၁၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖူးပြည့်စုံဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ ကံ့ကော်လမ်း၊ တိုက်အမှတ်(၃၄၁)၊ (၃)ခန်းတွဲ၊ (၃½/၅)ထပ်တိုက်အဆောက်အဦမှ (မြေညီထပ်/အလယ်ခန်း) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးတင်ဝေ [၉/ပမန(နိုင်)၀၃၆၃၈၁]နှင့် ဦးကျော်မင်းဒင် [၁၂/ကမရ(နိုင်)၀၅၉၃၄၀]တို့ထံမှ ဒေါ်ဝင်းလဲ့ချမ်းမြေ့ [၅/မရန(နိုင်)၂၄၈၀၀၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းလဲ့ချမ်းမြေ့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခိုင်သူဇာသန့် [၁၂/မရက(နိုင်)၁၃၈၁၆၇]** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်–(၁၇၂)၊ မြေကွက်အမှတ်(၃/၉၆)၊ အကျယ်အဝန်း(၅.၃၃၄)ဧက၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် **ဒေါ်နှင်းဝေဝေ [၉/ခအဇ(နိုင်)၀၁၅၄၂၆]** မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်သူဇာသန့်အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ)အဖြစ် **ဒေါ်နှင်းဝေဝေ** ထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇–ရက်)အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်၏ အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) (စဉ် – ၈၄၅၇)**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL–DIP (101, 202, 302, 317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း – ၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃၊ ၀၉–၄၄၅၄၄၄၄၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးမိုးအောင် [၉/မခန(နိုင်)၀၀၉၀၄၀]**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သီရိမင်္ဂလာအိမ်ရာ၊ တိုက်အမှတ် (C–9)၊ အခန်း(၁၀၁)၊ အကျယ်အဝန်း (၇၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် **ဦးနိုင်ဝင်းပါ [၁၃/ကမန(နိုင်)၀၀၃၈၈၈]**မှ မိမိသာလျှင်တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေ **ဒေါ်အေးမိုးအောင်** အား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ) အဖြစ် **ဒေါ်ရွှေဇင်ဝင်း၏ကိုယ်စား ဦးနိုင်ဝင်းပါထံ** ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇–ရက်)အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ) (စဉ် – ၈၄၅၇)**
**LL.B, D.B.L, D.I.L, D.IPL, Dip in Global English**
**PGDCWE, DL–DIP (101,202,302,317) (Switzerland)**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃၊ ၀၉–၄၄၅၄၄၄၄၃၃**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...**

❖ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ဆံရစ်ဝိုင်းနှင့် အမျိုးသမီးလေးများကို တွေ့ရစဉ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းကြရမည်

ပွင့်ဖြူ မတ် ၂

မြန်မာနိုင်ငံတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များစွာရှိရာ မြန်မာ့ရိုးရာအတာသင်္ကြန်၊ မြန်မာ့ရိုးရာသနပ်ခါး၊ ရိုးရာယဉ်ကျေးမှုဝတ်စားဆင်ယင်ထုံးဖွဲ့ခြင်း၊ ရိုးရာဂီတ၊ မြန်မာ့ရိုးရာအားကစားများနှင့် ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာလက်မှုအနုပညာများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များပင် ဖြစ်သည်။ စာမျက်နှာ ၁၄ ကော်လံ ၃ သို့ ✜

## ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၄၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့** စာမျက်နှာ » ၁၁

**နောက်ကျမှ ရောက်လာသော အထွေထွေသုံး နည်းပညာ** နည်းပညာနှင့် သုတကဏ္ဍ စာမျက်နှာ » ၁၉

**၂၂ ပွဲဆက် ရှုံးပွဲမရှိစံချိန်နဲ့အတူ အမှတ်ပေးဇယားထိပ်မှာ ၁၆ မှတ်ဖြတ် ဦးဆောင်နိုင်ခဲ့ပြီဖြစ်တဲ့ ပီအက်စ်ဂျီ**




စာမျက်နှာ » ၂၅

## မတ် ၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၂

| | | |
|---|---|---|
| ရွှေကျင် | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဇရပ် | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ခရမ်း | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူး | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၈ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင် | ၃၈ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |

## ညောင်ဦးမြို့နယ်၌ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေဖူလုံစေရန် ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်း

ညောင်ဦး မတ် ၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကန်ကြီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် အခြေခံပညာအဆင့် နှစ်ဆုံးတတ်မြောက်မှု စစ်ဆေးခြင်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် သောက်သုံးရေဖူလုံစေရန် ရည်ရွယ်၍ ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီက ယနေ့နံနက်ပိုင်းတွင် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီမှ ဦးအောင်ငြိမ်း ဦးဆောင်သောကော်မတီအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် ကန်ကြီးကုန်းကျေးရွာ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖

